ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

**ကုသိုလ်ကောင်းမှု နေ့စဉ်ပြု**

လိမ္မာသော ပန်းသည်သည် အထူးထူး အပြားပြား များစွာသော ပန်းပွင့်အပေါင်းမှ ပန်းကုံးများစွာတို့ကို ပြုရာသကဲ့သို့ (လိမ္မာသော) သူသည် ဥစ္စာတည်းဟူသော ပန်း၊ သဒ္ဓါတရားတည်းဟူသော ပန်းအစုမှ ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေးစသော များစွာသော ကုသိုလ်ကောင်းမှုတည်းဟူသော ပန်းကုံးတို့ကို ပြုရာ၏။ ပုပ္ဖဝဂ်(ဓမ္မပဒ - ၅၃)

၁၃၈၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၈ ရက်၊ ကြာသပတေးနေ့။ Thursday, 20 February 2025 ၁၁၇၃၉

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၇)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

( ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက် )

**ချစ်ကြည်လေးစားအပ်ပါသော ချင်းတိုင်းရင်းသား မိဘပြည်သူ ညီအစ်ကိုမောင်နှမများခင်ဗျား**

ယနေ့ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀)ရက်နေ့တွင် ကျရောက်သည့် (၇၇)နှစ်မြောက် **"ချင်းအမျိုးသားနေ့"** နေ့ထူးနေ့မြတ်အခါသမယတွင် ချင်းတိုင်းရင်းသားများမျိုးနွယ်စုအားလုံးနှင့်အတူ ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများအားလုံး ကောင်းကျိုးချမ်းသာမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

# ပြည်တွင်းစားသုံးမှုဖူလုံရေးနှင့် ပြည်ပပို့ကုန်တိုးမြှင့်နိုင်ရေး ဆောင်ရွက်ပေးနေသည့် ပြည်တွင်းစားသောက်ကုန် လုပ်ငန်းများ၏လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးနှင့် အားပေးမြှင့်တင်နိုင်ရေးဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

မြန်မာ့စားသောက်ကုန်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်(၂၀၂၅) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန - ၂ ဌကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ

**စာမျက်နှာ ၄ ကော်လံ ၁ သို့** ❂



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာ့စားသောက်ကုန်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်အထိမ်းအမှတ် ပြည်တွင်းမှထုတ်လုပ်ထားသည့် စားသောက်ကုန်ပစ္စည်းပြခန်းများကို စိတ်ပါဝင်စားစွာလှည့်လည်ကြည့်ရှုပြီး သိရှိလိုသည်များ မေးမြန်းဆွေးနွေးစဉ်။



# တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံအေးချမ်းရေး တစ်ဖက်တစ်လမ်းမှအထောက်အကူပြု

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ "ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာဥပဒေ" ကို ဖေဖော်ဝါရီလ ၁၈ ရက်နေ့က ပြဋ္ဌာန်းလိုက်သည်။ အဆိုပါဥပဒေသည် လက်ရှိအခြေအနေ အချိန်ကာလအနေအထားအရသော်လည်းကောင်း၊ အများပြည်သူအေးချမ်းသာယာရေးနှင့် လုံခြုံမှုရှိစေရေးအတွက်သော်လည်းကောင်း များစွာအထောက်အကူပြုသည့် ဥပဒေတစ်ရပ်အဖြစ်ရှုမြင်ပါသည်။

လက်ရှိကာလတွင် နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးကို ခြိမ်းခြောက်နှောင့်ယှက်ဖျက်ဆီးနေသော အဖျက်အမှောင့်လုပ်ရပ်များ ဖြစ်ပေါ်နေသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ နိုင်ငံရေးကိုအကြောင်းပြု၍ ပေါ်ပေါက်လာသော အကြမ်းဖက်မှုများသာမက ဒုစရိုက်မှုအမျိုးမျိုး နေရာဒေသအချို့တွင် ဖြစ်ပေါ်လျက်ရှိသည်။ အကြမ်းဖက်တိုက်ခိုက်မှုများ၊ ဒုစရိုက်မှုများကြောင့် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ၊ အများပြည်သူပိုင် အခြေခံအဆောက်အအုံများ၊ ကုမ္ပဏီအဖွဲ့အစည်းများ၏ လူသားအရင်းအမြစ်များနှင့် ပိုင်ဆိုင်မှုများ စသည့် အများပြည်သူအကျိုးစီးပွားများ ထိခိုက်ပျက်စီးမှုများရှိခဲ့သည်။

အကြမ်းဖက်သမားများအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို အနှောင့်အယှက်ဖြစ်စေရန်၊ အရပ်သားပြည်သူများအား ကြောက်ရွံ့ထိတ်လန့်မှုဖြစ်စေရန်အတွက် အကြမ်းဖက်လုပ်ရပ်များကို နည်းလမ်းပေါင်းစုံဖြင့်လုပ်ဆောင်လျက်ရှိရာတွင် လမ်း၊ တံတားများဖျက်ဆီးခြင်း၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ လူနေထိုင်ရာရပ်ကွက်၊ ကျေးရွာများအတွင်းသို့ လက်နက်ကြီး၊ ဒရုန်းဗုံးများဖြင့် နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်ခြင်းများ ပြုလုပ်လျက်ရှိသည်။ ထို့ပြင် စစ်ရေးနှင့်မသက်ဆိုင်သော အေးချမ်းစွာနေထိုင်သွားလာလျက်ရှိသည့် ကုန်တင်ယာဉ်များ၊ ခရီးသည်တင်ယာဉ်များ၊ ကိုယ်ပိုင်ယာဉ်များနှင့် နေအိမ်အဆောက်အအုံများကိုပါ တိုက်ခိုက်ဖျက်ဆီးခြင်းများ ပြုလုပ်လျက်ရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ချမှတ်ထားသည့် နိုင်ငံရေးဦးတည်ချက်နှင့်အညီ နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေးကို လိုက်နာဆောင်ရွက်လျက်ရှိသည်။ ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်လျက်ရှိသည်။ တရားဥပဒေစိုးမိုးရေးနှင့် လက်လှမ်းမမီသောအချို့နေရာဒေသများ၌ ပြည်သူ့စစ်အဖွဲ့များဖြင့် မိမိဒေသကို မိမိတို့ကိုယ်တိုင်ကာကွယ်လျက်ရှိသည်။

အကြမ်းဖက်တိုက်ခိုက်မှုများ၊ ဒုစရိုက်မှုများ အဖြစ်များလာသောအခါတွင် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံအေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့များနှင့် ပူးပေါင်းလက်တွဲဆောင်ရွက်မည့် ပြည်သူ့လုံခြုံရေး၊ ပုဂ္ဂလိကလုံခြုံရေးစနစ်များ လိုအပ်လာသည်။ လက်ရှိတွင် နယ်မြေဒေသလုံခြုံရေးအတွက် ပြည်သူ့စစ်နှင့် တိုင်းပြည်ကာကွယ်ရေးအတွက် ပြည်သူ့စစ်မှုထမ်းစနစ်များကို ပြဋ္ဌာန်းထားသော ဥပဒေများနှင့်အညီ အကောင်အထည်ဖော်လျက်ရှိသည်။ ယခုပြဋ္ဌာန်းလိုက်သော ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာဥပဒေသည် နိုင်ငံတော်၏လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အများပြည်သူအေးချမ်းသာယာရေးတို့ကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုသည့် ဥပဒေဟုဆိုနိုင်သည်။ ဥပဒေ၏ရည်ရွယ်ချက်တွင် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုအား နိုင်ငံတော်၏လုံခြုံရေးဆိုင်ရာအဖွဲ့အစည်းများနှင့် စနစ်တကျပူးပေါင်းဆောင်ရွက်နိုင်စေရေးအချက်ပါရှိသည်။

ထို့ပြင် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုနှင့်သက်ဆိုင်သော လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေပြီး နိုင်ငံတကာအဆင့်မီ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှု ဖြစ်ထွန်းပေါ်ပေါက်လာစေရန်၊ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုကို လွဲမှားစွာအသုံးပြုခြင်းမရှိစေရေး စနစ်တကျကြီးကြပ်နိုင်ရန်၊ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်ဆိုသည့် ရည်ရွယ်ချက်များသည် လုံခြုံရေးနှင့်ပတ်သက်၍ ပြင်ပအနေဖြင့် စနစ်တကျလုပ်ကိုင်တတ်ရန်နှင့် နိုင်ငံတကာနှင့်တန်းတူ အဆင့်အတန်းမီမီ လုပ်ကိုင်တတ်စေရေး ကောင်းမွန်သည့်စနစ်တစ်ရပ် ပေါ်ထွန်းစေနိုင်သည်။

ဥပဒေတွင်လုံခြုံရေးဆိုင်ရာပစ္စည်းများသာမက လုံခြုံရေးဝန်ဆောင်သည့်နေရာ၊ အဆောက်အအုံ သို့မဟုတ် ပရဝဏ်အတွင်း ပြစ်မှုကျူးလွန်သူကို ဖမ်းဆီးရန်လိုအပ်ပါက ရာဇဝတ်ကျင့်ထုံးဥပဒေနှင့်အညီ ဆောင်ရွက်ပြီး နီးစပ်ရာရဲစခန်းသို့ ချက်ချင်းအကြောင်းကြားခြင်းနှင့် အပ်နှံခြင်း၊ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုပေးနေသည့်လူကိုဖြစ်စေ၊ ပစ္စည်းကိုဖြစ်စေ ဘေးအန္တရာယ်ဖြစ်စေပါက ရာဇသတ်ကြီးဥပဒေနှင့်အညီ ကာကွယ်ခုခံပိုင်ခွင့်နှင့် လုံခြုံရေးဝန်ဆောင်မှုဆောင်ရွက်နေသည့်လုပ်ငန်းစဉ်အတွင်း နိုင်ငံတော်၏လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေသည့် သတင်းတစ်စုံတစ်ရာရရှိလျှင် အနီးဆုံးရဲစခန်းသို့သတင်းပို့ခြင်းစသည်တို့ပါရှိရာ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာအတွက်သာမက နိုင်ငံ၏ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးကိုပါ အထောက်အကူများစွာပြုသည့် ဥပဒေအဖြစ်ရှုမြင်ပါကြောင်း။ ။

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန သတင်းအချက်အလက်နည်းပညာနှင့်ဆိုက်ဘာလုံခြုံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဆန်းဝင်းထွန်းကို ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# MSME ချေးငွေများ လျှောက်ထားနိုင်

ပြည်ထောင်စုနယ်မြေ နေပြည်တော် တိုင်းဒေသကြီး/ ပြည်နယ်များမှ MSME လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ လုပ်ငန်းတိုးချဲ့ ဆောင်ရွက်ခြင်း၊ စက်ပစ္စည်းဝယ်ယူခြင်းနှင့် ကုန်ကြမ်းဝယ်ယူခြင်းတို့အတွက် လိုအပ်သည့် ချေးငွေများကို မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ် (၁၆) ခုတို့မှ ထုတ်ချေးပေးလျက်ရှိပါသည်။ ချေးငွေအတိုးနှုန်းများအနေဖြင့် Fixed Capital အနည်းဆုံး ၃၀% နှင့်အထက် အသုံးပြုမည့်ချေးငွေအတွက် တစ်နှစ်လျှင် အတိုးနှုန်း ၃%၊ Working Capital ၁၀၀% အသုံးပြုမည့် ချေးငွေအတွက် တစ်နှစ်လျှင်အတိုးနှုန်း ၄ % နှင့် Credit Guarantee Insurance-CGI စနစ်ဖြင့် ထုတ်ချေးမည့်ချေးငွေအတွက် တစ်နှစ်လျှင် အတိုးနှုန်း ၅ % တို့ဖြင့် ချေးငွေများ လျှောက်ထားနိုင်ပါသည်။ ချေးငွေရယူလိုသည့် MSME လုပ်ငန်းရှင်များအနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် MSME အေဂျင်စီများနှင့်ဆက်သွယ်၍ ချေးငွေများ လျှောက်ထားနိုင်ကြောင်း အသိပေးအပ်ပါသည်။

**MSME ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့**

# ရွှေပြည်သာမြို့နယ်၌ မီးခိုးမြူငွေ့အန္တရာယ်အသိပညာပေးဆွေးနွေး

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် လူထုအခြေပြုဗဟိုဌာန၌ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ မီးခိုးမြူငွေ့အန္တရာယ်အသိပညာပေး ဆွေးနွေးပွဲကို ယနေ့မွန်းတည့် ၁၂ နာရီတွင် ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ရွှေရည်အောင်နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးမိုးတို့က မီးခိုးမြူငွေ့ဖြစ်ပေါ်စေသည့် အကြောင်းရင်းများ၊ မီးခိုးမြူငွေ့ညစ်ညမ်းမှုကြောင့် ပတ်ဝန်းကျင်အပေါ် ကျရောက်နိုင်သည့် နောက်ဆက်တွဲဆိုးကျိုးများအကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ အခြေအနေများကို ပြည်သူများသိရှိစေရန် အသိပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ၁၉ - ၂ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၅၀၀၀၀၀ ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၉ - ၂ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၄၀၀ | ၇,၅၀၀ | ၅၉၄ | ၄,၄၃၅,၃၀၀ |
| MTSH | ၃,၀၀၀ | ၂,၉၅၀ | ၃,၇၆၆ | ၁၁,၀၅၁,၃၀၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၇ | ၅၅,၃၀၀ |
| FPB | ၁,၈၅၀ | ၁,၈၅၀ | ၁၆၀ | ၂၉၆,၀၀၀ |
| TMH | ၃,၀၀၀ | ၃,၀၀၀ | ၀ | ၀ |
| EFR | ၁,၆၀၀ | ၁,၆၅၀ | ၁,၀၀၂ | ၁,၆၂၈,၃၀၀ |
| AMATA | ၃,၉၅၀ | ၄,၀၀၀ | ၁၀၅ | ၄၁၅,၀၀၀ |
| MAEX | ၃,၂၀၀ | ၃,၂၀၀ | ၉၇ | ၃၁၀,၄၀၀ |
| MADPL(PLB) | ၃,၀၀၀ | ၃,၀၀၀ | ၂၇၂ | ၈၁၆,၀၀၀ |

**ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။**

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

၁၉၄၈ ခုနှစ် ဖလမ်းမြို့ လူထုအစည်းအဝေးပွဲမှ ပဒေသရာဇ် အုပ်ချုပ်ရေးစနစ်ကို ဖျက်သိမ်းကာ ဒေသန္တရဒီမိုကရေစီ အုပ်ချုပ်ရေးစနစ်ကို ကျင့်သုံးဖော်ဆောင်ပေးနိုင်ခဲ့သော ဖေဖော်ဝါရီလ ၂၀ ရက်နေ့ကို **“ချင်းအမျိုးသားနေ့”**အဖြစ် ရွေးချယ်သတ်မှတ်ခဲ့ကြပြီး ဂုဏ်ယူစွာဖြင့် နှစ်စဉ်အခမ်းအနားများ ကျင်းပခဲ့သည်မှာ ၇၇ နှစ်တိုင်ခဲ့ပြီ ဖြစ်ပါသည်။ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ချင်းတိုင်းရင်းသားများအပါအဝင် ပြည်ထောင်စုဖွား တိုင်းရင်းသားများအားလုံးသည် ရှေးနှစ်ပေါင်းများစွာက တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်ပြီး မိသားစုပမာ စိတ်တူကိုယ်တူ စည်းလုံးညီညွတ်စွာ အတူယှဉ်တွဲနေထိုင်လာခဲ့ကြရသောကြောင့် ကမ္ဘာ့အလယ်တွင်သိက္ခာရှိစွာဖြင့် ခံ့ညားထည်ဝါစွာ ရပ်တည်နိုင်ခဲ့ပါသည်။ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ လက်လွှတ်ဆုံးရှုံးခဲ့ရချိန်တွင်လည်း တိုင်းရင်းသားအားလုံး၏ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပြန်လည်ရယူနိုင်ခဲ့ပါသည်။

နိုင်ငံတော်၏ လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းဖြစ်စဉ်တစ်လျှောက်လုံးနှင့် လွတ်လပ်ရေးရပြီး နိုင်ငံတော်တည်ဆောက်ချိန်များတွင်လည်း ချင်းတိုင်းရင်းသားတို့သည် ပြည်ထောင်စုဖွား တိုင်းရင်းသားများနှင့်အတူ ကျောချင်းကပ်၊ ရင်ချင်းအပ်ကာ လက်တွဲပါဝင်ခဲ့ကြပါသည်။ ဗြိတိသျှကိုလိုနီတို့၏ ကျူးကျော်သိမ်းပိုက်ခြင်းကို ခံခဲ့ရစဉ်က ချင်းတိုင်းရင်းသားခေါင်းဆောင်များဖြစ်ကြသော ဗိုလ်ခိုင်ကမ်း၊ ဗိုလ်ကြွမ်ဘိခ်၊ ဗိုလ်လာလ်လွဲ၊ ဗိုလ်ထောင်လင်းတို့နှင့် ချင်းတိုင်းရင်းသားများသည် အခြားသောတိုင်းရင်းသားပြည်သူတို့နှင့်အတူ ရဲဝံ့စွန့်စားစွာဖြင့် ခုခံတော်လှန်ခဲ့ကြပါသည်။ လွတ်လပ်ရေးကြိုးပမ်းခဲ့စဉ်ကာလကလည်း ဦးထောင်ဇခုပ်၊ နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်) ဦးကီးယိုမန်း၊ ဝဏ္ဏကျော်ထင် ဦးလှူရ်မှုန်၊ သီရိပျံချီ ဦးထောင်ကျင်းထန်၊ လွတ်လပ်ရေးမော်ကွန်းဝင်(ပထမဆင့်) သတိုးမဟာစည်သူ ဦးဝမ္မသူးမောင်တို့သည် ရှုပ်ရှုပ်ချုံချုံတိုက်ပွဲဝင်ခဲ့ကြသည်ကို တွေ့ရှိရပါသည်။

၁၉၄၇ ခုနှစ်၊ ၁၉၇၄ ခုနှစ်နှင့် ၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခဲ့စဉ် သုံးကြိမ်လုံး ပါဝင်ဆောင်ရွက်ခဲ့သည့် နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်) သီရိပျံချီ ဦးထပ်လိုင်း၊ လွတ်လပ်ရေးရပြီးခါစပြည်တွင်းဆူပူသောင်းကျန်းမှုကို ချေမှုန်းတိုက်ခိုက်ခဲ့ကြသည့် ဒုတိယဗိုလ်မှူးကြီးဟရန်ထီးယို၊ ဒုတိယဗိုလ်မှူးကြီး လျန်ကျင့်ဇမ်း၊ ဗိုလ်ကြီးသူရအောင်ဆန်းသူရိယတိုက်ချွန်း၊ ဗိုလ်မှူးကြီး ဇေယျကျော်ထင်ဗန်ကူး၊ နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်) ဗိုလ်ချုပ်ထောင်ဇာခိုင်တို့နှင့်အတူ ချင်းတိုင်းရင်းသားများသည် နိုင်ငံတော်အတွက် ကျရာတာဝန်အသီးသီးကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြပါသည်။

ထိုသို့ နိုင်ငံတော်နှင့် ပြည်ထောင်စုတည်တံ့ခိုင်မြဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် အသက်၊ သွေး၊ ချွေးများ ပေးဆပ်ခဲ့ကြသော နိုင်ငံတော်နှင့် တပ်မတော်အတွက် ထာဝရဂုဏ်ယူလေးစားနေရသည့် ချင်းတိုင်းရင်းသား မျိုးချစ်သူရဲကောင်းများစွာ သမိုင်းထင်ကျန်ရစ်ခဲ့ကြသည်မှာ ချင်းပြည်နယ်နှင့် ချင်းတိုင်းရင်းသားများအတွက် ဂုဏ်ယူလေးစားဖွယ် ဂုဏ်ဒြပ်များပင်ဖြစ်ပါသည်။

ယနေ့အချိန်တွင် ချင်းပြည်နယ်၏ နေရာဒေသအချို့အပါအဝင် နိုင်ငံတော်အတွင်း ဆူပူအကြမ်းဖက်မှုများ၊ တရားဥပဒေကိုဖောက်ဖျက်ကျူးလွန်မှုများနှင့် နိုင်ငံတော်ကို ပြိုကွဲပျက်စီးစေမည့် အဖျက်လုပ်ရပ်များစွာရှိနေခြင်းမှာ နိုင်ငံတော်အတွက် အလွန်အန္တရာယ်ကြီးမားလှပါသည်။ ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြား နှစ်ထောင်ပေါင်းများစွာဖြစ်တည်လာခဲ့သည့် သံယောဇဉ်တရားနှင့် ချစ်ကြည်ရင်းနှီးမှုတို့ကို ဖြိုခွဲဖျက်ဆီးလျက်ရှိသည့် ပြည်တွင်း၊ ပြည်ပအဖျက်အင်အားစုတို့၏ အချင်းချင်းမုန်းတီးစေရန်အတွက် သွေးခွဲရန်တိုက်ပေးမှုများ၊ ကျဉ်းမြောင်းသော လူမျိုးရေးအယူဝါဒသွတ်သွင်းနေမှုများကို အထူးသတိပြုကာကွယ်ကြရန် လိုအပ်ပါသည်။

ယခုကြုံတွေ့နေရသော အကြမ်းဖက်လုပ်ရပ်များမှာ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုရလဒ်ပယ်ဖျက်ခံရသည့်အပေါ် အမှန်ကိုအမှန်အတိုင်း သုံးသပ်ရှုမြင်မှုမရှိဘဲ အာဏာကို အဓမ္မနည်းဖြင့် လိုချင်တပ်မက်သည့်ဆန္ဒကြောင့် သွေးထိုးလှုံ့ဆော်မှုများမှ စတင်ခဲ့ခြင်းဖြစ်ပါသည်။ နိုင်ငံတော်နှင့် ပြည်သူတို့အပေါ် သဘောထားမမှန်ကန်သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအချို့ကလည်း ဖြစ်ပေါ်လာသော မတည်ငြိမ်မှုကို အခွင့်ကောင်းယူပြီး တည်ငြိမ်အေးချမ်းနေသောဒေသများကို အကြမ်းဖက်တိုက်ခိုက်ဖျက်ဆီးခဲ့ကြပါသည်။ ထိုဖြစ်စဉ်များကြောင့် ချင်းပြည်နယ်အပါအဝင် ဒေသအသီးသီး၌ အပြစ်မဲ့ပြည်သူများ၏ အသက်၊ အိုးအိမ်၊ ပစ္စည်းဥစ္စာများသာမက ပြည်သူပိုင်အဆောက်အအုံများစွာ ပျက်စီးဆုံးရှုံးကာ ဆင်းရဲဒုက္ခကြုံတွေ့နေရသည်မှာ အားလုံးအသိပင်ဖြစ်ပါသည်။

လက်နက်ကိုင်အကြမ်းဖက်မှုများ၏ ဆိုးကျိုးကို လက်တွေ့ခံစားနေရသည်မှာ ဒေသခံတိုင်းရင်းသားပြည်သူများပင် ဖြစ်ပါသည်။ ထိခိုက်ဆုံးရှုံးမှုမှန်သမျှမှာလည်း နိုင်ငံတော်၏အရင်းအမြစ်နှင့် အခြေခံအဆောက်အအုံများပင်ဖြစ်ပါသည်။ တိုးတက်ဖွံ့ဖြိုးမှုအရှိန်အဟုန်ရရှိနေသည့်အခြေအနေမှာ ယခုကဲ့သို့ မဆင်မခြင်လုပ်ရပ်များကြောင့် ပျက်စီးဆုံးရှုံးရခြင်းမှာ နိုင်ငံ၏အင်အားကို လျော့ပါးစေပြီး မူလအခြေအနေ ပြန်လည်ရောက်ရှိအောင် အကုန်အကျများစွာနှင့် အချိန်ယူတည်ဆောက်ကြရမည်ဖြစ်ပါသည်။ ထိုကဲ့သို့ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာနေကြရသည့် ဝန်ထမ်းများနှင့် ပြည်သူများကို နိုင်ငံတော်မှ ထောက်ပံ့ငွေများ ချီးမြှင့်ပေးအပ်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့ကြောင့် နိုင်ငံနှင့်ပြည်သူအတွက် ဆိုးကျိုးများကိုဖြစ်ပေါ်စေသည့် ဆူပူအကြမ်းဖက်တိုက်ခိုက်မှုများ ပပျောက်စေပြီး တည်ငြိမ်အေးချမ်းမှုရရှိစေရန် ချင်းတိုင်းရင်းသားများအပါအဝင် တိုင်းရင်းသားပြည်သူများမှ အားလုံးပူးပေါင်းပါဝင်ကြရန် တိုက်တွန်းလိုပါသည်။

- **လက်နက်ကိုင်အကြမ်းဖက်မှုများ၏ဆိုးကျိုးကို လက်တွေ့ခံစားနေရသည်မှာ ဒေသခံတိုင်းရင်းသားပြည်သူများပင်ဖြစ်ပါသည်။ ထိခိုက်ဆုံးရှုံးမှုမှန်သမျှမှာလည်း နိုင်ငံတော်၏အရင်းအမြစ်နှင့် အခြေခံအဆောက်အအုံများပင်ဖြစ်**
- **တိုးတက်ဖွံ့ဖြိုးမှုအရှိန်အဟုန်ရရှိနေသည့်အခြေအနေမှာ ယခုကဲ့သို့ မဆင်မခြင်လုပ်ရပ်များကြောင့် ပျက်စီးဆုံးရှုံးရခြင်းမှာ နိုင်ငံ၏အင်အားကို လျော့ပါးစေပြီး မူလအခြေအနေ ပြန်လည်ရောက်ရှိအောင် အကုန်အကျများစွာနှင့် အချိန်ယူတည်ဆောက်ကြရမည်**
- **အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာနေကြရသည့် ဝန်ထမ်းများနှင့် ပြည်သူများကို နိုင်ငံတော်မှထောက်ပံ့ငွေများ ချီးမြှင့်ပေးအပ်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိ**
- **နိုင်ငံနှင့်ပြည်သူအတွက် ဆိုးကျိုးများကို ဖြစ်ပေါ်စေသည့် ဆူပူအကြမ်းဖက်တိုက်ခိုက်မှုများ ပပျောက်စေပြီး တည်ငြိမ်အေးချမ်းမှုရရှိစေရန် ချင်းတိုင်းရင်းသားများအပါအဝင် တိုင်းရင်းသားပြည်သူများမှ အားလုံးပူးပေါင်းပါဝင်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဟူသော နိုင်ငံရေးရည်မှန်းချက်(၂)ရပ်ကို ချမှတ်ထားပြီး တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံစေရေးဟူသော အမျိုးသားရေးရည်မှန်းချက်(၂)ရပ်ကိုလည်း ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ၎င်းရည်မှန်းချက်များ အောင်မြင်နိုင်ရေးအတွက် ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်တို့ကို ချမှတ်ပြီး ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်အကျိုး၊ ပြည်သူလူထုအကျိုးအတွက် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်း၍ တည်ငြိမ်အေးချမ်းသော ပတ်ဝန်းကျင်ကောင်းကို ဆက်လက်ဖော်ဆောင်သွားမည်ဖြစ်ပါသည်။ ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေး ဆောင်ရွက်ရာတွင် စီးပွားရေးဆိုင်ရာများကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပြီး စီးပွားရေးကောင်းမွန်လာပါက နိုင်ငံရေး၊ လူမှုရေး၊ ကျန်းမာရေးစသည့် ကဏ္ဍအသီးသီးပါ တိုးတက်ကောင်းမွန်လာမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဒေသအလိုက် စိုက်ပျိုးရေးထုတ်ကုန်များ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ပြီး ဒေသနှင့်ကိုက်ညီသည့် စနစ်ကျနသော မွေးမြူရေးလုပ်ငန်းများကိုလည်း ဦးစားပေးအကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ ဒေသတွင်းမှထွက်ရှိသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကုန်ပစ္စည်းများမှသည် အရည်အသွေးပြည့်မီသော MSME ထုတ်ကုန်များအဖြစ် ပိုမိုတိုးမြှင့်ထုတ်လုပ်ကြရန်နှင့် ဒေသတွင်းစားသုံးမှုဖူလုံရေး၊ ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေးနှင့် ပြည်ပပို့ကုန်တိုးမြှင့်နိုင်ရေးအထိပါ ကြိုးစားဆောင်ရွက်ပေးကြပါရန် တိုက်တွန်းမှာကြားလိုပါသည်။ လိုအပ်သည့် နည်းပညာ၊ အရင်းအနှီးနှင့် ကုန်ထုတ်သွင်းအားစုတို့ကိုလည်း နိုင်ငံတော်မှ ပံ့ပိုးပေးလျက်ရှိသကဲ့သို့ ဆက်လက်၍လည်း အားပေးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

မိမိတို့ရည်မှန်း တည်ဆောက်နေသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးနှင့် ပြည်သူတစ်ဦးချင်းစီ၏ လူမှုဘဝတိုးတက်ရေးအတွက် အသိပညာ၊ အတတ်ပညာပြည့်စုံကြရန် လိုအပ်ပါသောကြောင့် နိုင်ငံတော်အနေဖြင့် ပညာရေးအပါအဝင် ကဏ္ဍအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်စေရန် ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းတက်ခွင့်ရပြီး ပညာသင်ကြားနိုင်ရေး၊ တန်းစဉ်ကူးပြောင်းမှုနှုန်းတိုးတက်စေရေး၊ အသက်မွေးဝမ်းကျောင်းပညာအပြင် အဆင့်မြင့်ပညာများအထိ ဆုံးခန်းတိုင်သင်ယူပြီးမြောက်စေပြီး ပညာတတ်လူငယ်များ ပေါ်ထွန်းလာစေရန် ပူးပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။ သို့မှသာ ဗလငါးတန်ပြည့်ဝသော လူငယ်များဖြင့် နိုင်ငံ့အနာဂတ်ကို တိုးတက်အောင်မြင်အောင် ဖော်ဆောင်သွားနိုင်မည်ဖြစ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အန္တိမရည်မှန်းချက်ဖြစ်သည့် လွတ်လပ်၍တရားမျှတမှုအပြည့်ရှိသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပပေးနိုင်ရန် စီမံဆောင်ရွက်လျက် ရှိပါသည်။ ဒေသအလိုက် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းမှသာ လွတ်လပ်၍တရားမျှတမှုအပြည့်ရှိသည့် ရွေးကောက်ပွဲများ ကျင်းပနိုင်မည်ဖြစ်ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဖြစ်ပွားနေသည့် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေး NCA ပါ သဘောတူညီချက်များအတိုင်း ဦးတည်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့ကြောင့်လည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီး ဆက်လက်၍လည်း လွတ်လပ်စွာဆွေးနွေးပြောဆိုကြရန် ကမ်းလှမ်းထားကာ ထာဝရငြိမ်းချမ်းရေးအတွက် အစဉ်အမြဲတံခါးဖွင့်ကြိုဆိုလျက်ရှိကြောင်း ဖော်ပြအပ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မဲဆန္ဒရှင်ပြည်သူများအားလုံး ခြိမ်းခြောက်မှု၊ အကျပ်ကိုင်မှု၊ မတရားတိုက်တွန်းမှု၊ အုပ်စုဖြင့်အနိုင်ကျင့်လွှမ်းမိုးမှုစသည့် မတရားမှုများမှ ကင်းဝေးစေပြီး သိက္ခာရှိသည့် ရွေးကောက်ပွဲ၊ တိကျမှန်ကန်သည့် ရွေးကောက်ပွဲဖြစ်စေရန် အလေးထားဆောင်ရွက်လျက်ရှိပါသည်။ လွတ်လပ်ပြီး တရားမျှတသည့် အထွေထွေရွေးကောက်ပွဲကျင်းပရန်အတွက် နိုင်ငံတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းမှုရှိရန် လိုအပ်ပါသည်။ သို့ဖြစ်၍ ချင်းတိုင်းရင်းသားများကလည်း ဒေသချစ်စိတ်၊ နိုင်ငံချစ်စိတ်၊ ပြည်ထောင်စုချစ်စိတ်များကို အရင်းခံကာ စည်းလုံးညီညွတ်စွာဖြင့် ဒေသအတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ရွေးကောက်ပွဲကြီး အောင်မြင်အောင် ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် ပန်ကြားလိုပါသည်။

နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံတော်တည်ဆောက်ရေးအတွက် အရေးပါသည့်အလျောက် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးကို ချင်းတိုင်းရင်းသားများအပါအဝင် တိုင်းရင်းသားပြည်သူအားလုံးက နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲကြိုးပမ်းဖော်ဆောင်ကြပါရန် မေတ္တာရပ်ခံတိုက်တွန်းအပ်ပါသည်။ ချင်းတိုင်းရင်းသားများအနေဖြင့် ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်ကို အရင်းတည်၍ ချင်းပြည်နယ်၏အကျိုး၊ ပြည်ထောင်စု၏အကျိုးကို ထမ်းဆောင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း (၇၇)နှစ်မြောက် ချင်းအမျိုးသားနေ့ကို ဂုဏ်ပြုလျက် သဝဏ်လွှာပေးပို့အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ**
**သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ့စားသောက်ကုန်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်(၂၀၂၅)ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

❂ ပြည်တွင်းမှ

အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ စားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ညီနောင်အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ပြည်တွင်းအသားတင်ထုတ်လုပ်မှု(GDP)ဖြင့် တိုင်းတာကြကြောင်း၊ အဆိုပါ GDP ကို တွက်ချက်သည့်အခါတွင်လည်း နိုင်ငံ၏လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍဟူ၍ ကဏ္ဍကြီး(၃)ခုကို အခြေခံပြီး တွက်ချက်ကြခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံကဲ့သို့ စိုက်ပျိုးရေးအခြေခံသည့် စက်မှုနိုင်ငံအဖြစ် ထူထောင်ရာတွင် စိုက်ပျိုးမွေးမြူရေး အခြေခံကုန်ကြမ်းများသည် အဓိကဖြစ်ပြီး လျှပ်စစ်နှင့်စွမ်းအင်သည်လည်း အရေးကြီးသည့် သွင်းအားစုများ ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်၏ စက်မှုကဏ္ဍနှင့် စီးပွားရေးကို ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အထောက်အပံ့ဖြစ်စေမည့် စက်မှုဖွံ့ဖြိုးရေးကော်မရှင်၊ လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်နှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေး ဖွံ့ဖြိုးရေးကော်မရှင်စသည့် ကော်မရှင်(၃)ရပ်ကို ဖွဲ့စည်းပေးခဲ့ခြင်းလည်း ဖြစ်ကြောင်း။

### နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်ပေးနေ

လူသားတိုင်း အသက်ရှင်ရပ်တည်မှုအတွက် စားရေး၊ ဝတ်ရေး၊ နေရေးတို့သည် အဓိကအရေးကြီးသည့် အရာများဖြစ်ကြောင်း၊ ယင်း(၃)ခုအတွင်းတွင် စားသောက်ရေးသည် အခြေခံကျပြီး နေ့စဉ်ကြုံတွေ့နေရမည့် မရှိမဖြစ်သည့်အရာ ဖြစ်ကြောင်း၊ အဆိုပါ စားရေးကို အဆင်ပြေစေရန်အတွက် လိုအပ်သည့် စားသောက်ကုန်များသည် ဈေးနှုန်းသက်သာပြီး အရည်အသွေးကောင်းကောင်းဖြင့် ဖြန့်ဖြူးပေးနိုင်မှသာ ပြည်သူများအတွက် အစားအစာဖူလုံမည် ဖြစ်သကဲ့သို့ ပြည်ပပို့ကုန်အဖြစ်လည်း အဆင့်မီမီ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် ပြည်တွင်း စားသောက်ကုန် ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

ဆွေးနွေးပွဲ၏ ရည်ရွယ်ချက်များအနေဖြင့် စားသောက်ကုန် ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုကောင်းမွန်သည့် စီးပွားရေး ဝန်းကျင်တစ်ရပ် ဖြစ်ထွန်းလာစေရေး၊ စားသောက်ကုန်ထုတ်လုပ်ငန်း ကွင်းဆက်တစ်လျှောက် အရည်အသွေးပြည့်မီပြီး ဘေးအန္တရာယ်ကင်းရှင်းသည့် စားသောက်ကုန်များတိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ ပြည်တွင်း စားသုံးမှုဖူလုံစေပြီး သွင်းကုန်အစားထိုး ထုတ်လုပ်ကာ ပြည်ပဈေးကွက်သို့ ထိုးဖောက်တင်ပို့နိုင်ရေး၊ စားသောက်ကုန်လုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးရန်အတွက် အစီအမံသစ်များ ဖော်ဆောင်ပေးနိုင်ရေးနှင့် စားသောက်ကုန်ထုတ်လုပ်ငန်းနှင့် ပတ်သက်သည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ ညွှန်ကြားချက်များတွင် ရှင်းလင်းလွယ်ကူစေရေးနှင့် နည်းစနစ်များ၊ စံချိန်စံညွှန်းများနှင့် သတင်းအချက်အလက်များကို ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေနိုင်ရေးဆိုသည့် ရည်ရွယ်ချက်များဖြင့် ပြုလုပ်ခြင်းဖြစ်ကြောင်း၊ စားသောက်ကုန်လုပ်ငန်းအတွက် အဓိကကျပြီး သေချာသည့်ကုန်ကြမ်းသည် နိုင်ငံတွင်းတွင် အလုံအလောက်ထွက်ရှိကြောင်း၊ မှတ်ပုံတင်ထားသည့် ပုဂ္ဂလိက စက်မှုလုပ်ငန်းများထဲတွင် စားသောက်ကုန်ထုတ်လုပ်သည့် လုပ်ငန်းအရေအတွက်သည် စုစုပေါင်း ၂၃၈၈၇ ခုဖြစ်ပြီး (၄၉ ဒသမ ၆၃) ရာခိုင်နှုန်းဖြင့်အများဆုံးဖြစ်သည်ကို တွေ့ရကြောင်း။

စက်မှုဇုန်များတွင် မှတ်ပုံတင်ထားသည့် ပုဂ္ဂလိကစက်မှုလုပ်ငန်းများတွင် စားသောက်ကုန်ထုတ်လုပ်သည့် လုပ်ငန်းမှာ လုပ်ငန်းပေါင်း ၂၀၀၄ ခုဖြင့် အများဆုံးဖြစ်သည်ကို တွေ့ရကြောင်း၊ ထို့ပြင် ပြည်တွင်းတွင်ရှိသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စက်မှုလုပ်ငန်းများဖြစ်သည့် MSME မှတ်ပုံတင်စာရင်းတွင် ကြည့်မည်ဆိုပါကလည်း MSME စုစုပေါင်း ၄၉၀၂၅ ခုရှိသည့်အနက် စားသောက်ကုန်လုပ်ငန်းသည် ၉၉၈၄ ခုဖြင့် အများဆုံးဖြစ်နေသည်ကို တွေ့ရှိရကြောင်း၊

**စာမျက်နှာ ၅ သို့ ❂**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာ့စားသောက်ကုန်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် အထိမ်းအမှတ် ပြည်တွင်းမှ ထုတ်လုပ်ထားသည့် စားသောက်ကုန်ပစ္စည်းပြခန်းများကို လှည့်လည်ကြည့်ရှုပြီး သိရှိလိုသည်များ မေးမြန်းဆွေးနွေးစဉ်။

- ○ **စားရေးကို အဆင်ပြေစေရန်အတွက် လိုအပ်သည့် စားသောက်ကုန်များသည် ဈေးနှုန်းသက်သာပြီး အရည်အသွေးကောင်းကောင်းဖြင့် ဖြန့်ဖြူးပေးနိုင်မှသာ ပြည်သူများအတွက် အစားအစာဖူလုံမည် ဖြစ်သကဲ့သို့ ပြည်ပပို့ကုန်အဖြစ်လည်း အဆင့်မီမီ တင်ပို့ရောင်းချနိုင်မည်**
- ○ **မိမိအနေဖြင့် ပြည်တွင်းစားသောက်ကုန် ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်ပေးနေ**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးအေးဝင်းနှင့် မြန်မာနိုင်ငံစားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးအောင်ရွှေတို့က မြန်မာ့စားသောက်ကုန် လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်(၂၀၂၅) ဖွင့်ပွဲ အထိမ်းအမှတ်တံဆိပ် ပေးအပ်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ့စားသောက်ကုန်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်(၂၀၂၅) ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

❂ စာမျက်နှာ ၄ မှ

ယခုကဲ့သို့ပုဂ္ဂလိကစက်မှုကုန်ထုတ်လုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများတွင် အရေအတွက်များပြားပြီး အရေးပါသည့် စားသောက်ကုန်လုပ်ငန်းများကို သာမန်သဘောမထားဘဲ အလေးထားကြရန်လိုကြောင်း။

**တိုးတက်ကောင်းမွန်မှုများကို များစွာအားရဖွယ်တွေ့ရ**

MSME လုပ်ငန်းများ တိုးတက်အောင်မြင်စေရေးအတွက် အားပေးဆောင်ရွက်ခြင်း ရည်ရွယ်ချက်မှာ အဓိက ပြည်တွင်းစီးပွားရေး၊ တစ်နည်းအားဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးခြင်းပင်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း ကုန်ထုတ်လုပ်မှုပြုလုပ်ရာ၌ အဓိကမရှိမဖြစ်လိုအပ်သည်မှာ ကုန်ကြမ်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်တွင်းထွက်၊ ဒေသထွက်ကုန်ကြမ်းများကို အဓိကထုတ်လုပ်ရန် မူဝါဒပေးထားကြောင်း၊ ဒေသအလိုက်ထွက်ရှိသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေး ကုန်ထုတ်လုပ်မှုများသည် သေချာသည့်ကုန်ကြမ်းများဖြစ်ကြောင်း၊ ထိုမှ ပြည်ပသွင်းကုန် အစားထိုးနိုင်ရန်နှင့် ပြည်ပပို့ကုန် တိုးမြှင့်ဆောင်ရွက်နိုင်ရန် တစ်ဆင့်ပြီးတစ်ဆင့် သွားရမည်ဖြစ်ကြောင်း၊ ပြီးခဲ့သည့် ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးက MSME လုပ်ငန်းများ ပြပွဲ ပြုလုပ်သည့်အခါ တိုးတက်ကောင်းမွန်မှုများကို များစွာအားရဖွယ်တွေ့ရကြောင်း၊ ထုတ်ကုန်ပစ္စည်းများ အရည်အသွေးပိုမိုကောင်းမွန်လာမှု၊ ထုပ်ပိုးမှုများ ပိုမိုကောင်းမွန်လာမှုများသည် ရောင်းအား၊ ဝယ်အားများစွာ တိုးတက်စေသည်မှာ လက်တွေ့ပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်တွင်းစားသုံးမှုဖူလုံရေးနှင့် ပြည်ပပို့ကုန်တိုးမြှင့်နိုင်ရေး ဆောင်ရွက်ပေးနေသည့်ပြည်တွင်းစားသောက်ကုန်လုပ်ငန်းများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးနှင့် အားပေးမြှင့်တင်နိုင်ရေး ဆောင်ရွက် ပေးကြရမည် ဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာ့




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ့စားသောက်ကုန်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်အထိမ်းအမှတ် ပြည်တွင်းမှထုတ်လုပ်ထားသည့် စားသောက်ကုန်ပစ္စည်း ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

စားသောက်ကုန်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်ကို ယနေ့ကျင်းပပြုလုပ်ရခြင်းလည်းဖြစ်ကြောင်း၊ ယခုဖိုရမ်မှ ပြည်တွင်းစားသောက်ကုန်လုပ်ငန်းများနှင့် ပတ်သက်ပြီး အားနည်းချက်များ၊ အားသာချက်များ၊ စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများကို မြင်တွေ့ကြားသိဖလှယ်နိုင်ကြမည် ဟုလည်း ယုံကြည်ကြောင်း။

လုပ်ငန်းဆောင်တာများကို လုပ်သာကိုင်သာရှိပြီး မြန်ဆန်မှန်ကန်အောင် ဝိုင်းဝန်းကြိုးပမ်းပေးမှသာ အရွေ့တစ်ခုကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကိုရှေးရှုပြီး အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုကို ယခုထက် မြှင့်တင်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ အစိုးရနှင့် ပုဂ္ဂလိကအကြား နီးနီးစပ်စပ်ပူးပေါင်းပြီး လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်မှသာ ကုန်ထုတ်လုပ်မှုနှင့် ကုန်စည်စီးဆင်းမှု တိုးတက်လာစေမည်ဖြစ်ကြောင်း၊ မြေပြင်တွင် လက်တွေ့လုပ်ကိုင်နေသူများ၏ ကြုံတွေ့နေရသည့် အခက်အခဲများကိုလည်း ပွင့်ပွင့်လင်းလင်း ဆွေးနွေးအဖြေရှာပြီး ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးကြစေချင်ကြောင်း၊ အဓိကခံယူထားရမည်မှာ အားလုံးသည် နိုင်ငံ့အကျိုးအတွက် လုပ်ဆောင်နေကြသည်ဆိုသည့်အသိဖြင့် လုပ်ငန်းများ သွက်လက်မြန်ဆန်အောင် အကောင်အထည်ဖော်ပေးကြရန်ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်၏ စီးပွားရေးတိုးတက်ရန် ဆောင်ရွက်နေကြသည့် လုပ်ငန်းရှင်များကို အားပေးကူညီ မြှင့်တင်ပေးပြီး နိုင်ငံတော်၏ စက်မှုကုန်ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန်နှင့် လုပ်ငန်းရှင်များဘက်မှလည်း ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးကို ရှေးရှုပြီး ကုန်ထုတ်လုပ်ငန်းများ ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းပေးကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာ့စားသောက်ကုန်ဖွံ့ဖြိုးတိုးတက်မှု Video Clip အား ပြသသည်။ ယင်းနောက် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးအေးဝင်းက မြန်မာ့စားသောက်ကုန်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် (၂၀၂၅) ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးအေးဝင်းနှင့် မြန်မာနိုင်ငံစားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးအောင်ရွှေတို့က မြန်မာ့စားသောက်ကုန်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်(၂၀၂၅) ဖွင့်ပွဲအထိမ်းအမှတ်တံဆိပ်အား ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အတူ အခမ်းအနားသို့ တက်ရောက်လာကြသူများက စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**အကြံပြုဆွေးနွေး**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် မြန်မာ့စားသောက်ကုန်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် အထိမ်းအမှတ် ပြည်တွင်းမှထုတ်လုပ်ထားသည့် စားသောက်ကုန်ပစ္စည်းများ ပြခန်းများအား စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် သိရှိလိုသည်များမေးမြန်းပြီး လိုအပ်သည်များကို အကြံပြုဆွေးနွေး ပြောကြားခဲ့သည်။

အဆိုပါမြန်မာ့စားသောက်ကုန်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် (၂၀၂၅)ကို ဖေဖော်ဝါရီ ၂၀ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ဖိုရမ်ကျင်းပချိန်အတွင်း မြန်မာ့စားသောက်ကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကဏ္ဍအလိုက် ဆွေးနွေးပွဲများ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

❖ **MSME လုပ်ငန်းများ တိုးတက်အောင်မြင်စေရေးအတွက် အားပေးဆောင်ရွက်ခြင်း ရည်ရွယ်ချက်မှာ အဓိကပြည်တွင်းစီးပွားရေး၊ တစ်နည်းအားဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးခြင်းပင်ဖြစ်၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း ကုန်ထုတ်လုပ်မှုပြုလုပ်ရာ၌ အဓိကမရှိမဖြစ်လိုအပ်သည်မှာ ကုန်ကြမ်းပင်ဖြစ်၊ ပြည်တွင်းထွက်၊ ဒေသထွက်ကုန်ကြမ်းများကို အဓိကထုတ်လုပ်ရန် မူဝါဒပေးထား**

❖ **ဒေသအလိုက်ထွက်ရှိသည့် စိုက်ပျိုးရေးနှင့်မွေးမြူရေး ကုန်ထုတ်လုပ်မှုများသည် သေချာသည့်ကုန်ကြမ်းများဖြစ်၊ ထိုမှ ပြည်ပသွင်းကုန်အစားထိုးနိုင်ရန်နှင့် ပြည်ပပို့ကုန်တိုးမြှင့်ဆောင်ရွက်နိုင်ရန် တစ်ဆင့်ပြီးတစ်ဆင့်သွားရမည်**

❖ **ပြီးခဲ့သည့် ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးက MSME လုပ်ငန်းများပြပွဲ ပြုလုပ်သည့်အခါ တိုးတက်ကောင်းမွန်မှုများကို များစွာအားရဖွယ်တွေ့ရ၊ ထုတ်ကုန်ပစ္စည်းများ အရည်အသွေးပိုမိုကောင်းမွန်လာမှု၊ ထုပ်ပိုးမှုများ ပိုမိုကောင်းမွန်လာမှုများသည် ရောင်းအား၊ ဝယ်အားများစွာ တိုးတက်စေသည်မှာ လက်တွေ့ပင်ဖြစ်**




မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးအေးဝင်းက မြန်မာ့စားသောက်ကုန်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် (၂၀၂၅) ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။

# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲမှသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ ...

မြင့်စိုး(နတလ)






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဖေဖော်ဝါရီ ၁၀ ရက်တွင် နေပြည်တော်၌ ကျင်းပခဲ့သည့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

**(နိဒါန်း)**

**တပေါင်းကွင်းသည် အောင်မြေ**

မင်္ဂလာပါရှင် ..........
ဆောင်းဦးမို့ အေးမြသာယာသည်
ထွန်းညှိတဲ့မီးများ ရောင်စုံညီ
ပြပွဲကြီးသို့ ဖိတ်ခေါ်ချင်ပါသည်
**MSME ထုတ်ကုန်ပြပွဲ နေပြည်တော်မှာ**
ကုန်စည်ပြပွဲပြိုင်ပွဲ ခင်းကျင်းပါမည်
ပြည်ထောင်စုဖွား လုပ်ငန်းရှင်များ
ဝမ်းမြောက်ဝမ်းသာ သတင်းကောင်းပါ
တစ်အူထုံ့ဆင်း ကာယဉာဏ
အကျိုးစီးပွားကို ဖော်ဆောင်ရည်ညွှန်းမှာ
**[ခေတ်တစ်ခေတ်ရဲ့ အဓိကမှာ နည်းပညာ**
အတွေးမှန်မှ အနာဂတ် ခိုင်မာ
ရှင်သန်သင့်ခရီးအတွက် ရှေ့ရောက်မှာ
လာ .......... လာ.......... လာ
ထုတ်ကုန်ပြပွဲ အရောက်သာလှမ်းခဲ့ပါ ]
[ စက်မှုထုတ်ကုန်ပြပွဲဆီ အရောက်လှမ်းခဲ့ကြပြီ
လက်မှုထုတ်ကုန်ပြပွဲဆီ ခံ့ညားဝင့်ဝင့်ထည်]

.................................................

တေးသီချင်း အမည်ပေးက "စက်မှုကုန်စည်ပြပွဲဆီ"...တဲ့။ တေးပြုစာဆို ဖန်တီးထုဆစ်ထားသော သီချင်းစာသားများက ခေါင်းစဉ်နှင့် လိုက်ဖက်ညီစွာ ကျွန်တော်တို့အားလုံးကို စက်မှုကုန်စည်ပြပွဲဆီသို့ ခေါ်ဆောင်သွားခဲ့သည်။ တေးသံရှင် ကလေးမလေး၏ အသံကလည်း ပတ်ဝန်းကျင်ရှိ ပရိသတ်အားလုံးကို သိမ်းကျုံးညှို့ငင်ထားနိုင်သည့်အပြင် Live လွှင့်နေသော အခမ်းအနားဖြစ်၍ နိုင်ငံတစ်ဝန်းမှ ပြည်သူအပေါင်း၏ရင်သို့ တိုးဝင်လှုပ်ခတ်သွားမည်မှာ မလွဲပါ။ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့ နံနက်ခင်းအခါသမယမှာ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ နေ့ထူးနေ့မြတ်ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့်နေပြည်တော်ရှိဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ခြေတော်ရင်း၊ တပေါင်းကွင်းတည်းဟူသော ဘူမိနက်သန်နေရာမှန်၌ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဖွင့်ပွဲအခမ်းအနားကြီးကို ဝှဲချီးကျင်းပပြုလုပ်ခဲ့ကြသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီတွဲဖက် အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ MSME အေဂျင်စီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ပြခန်းတာဝန်ခံများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းရင်းသားယဉ်ကျေးမှု အကအဖွဲ့များနှင့် ဒေသခံပြည်သူများ စည်ကားသိုက်မြိုက်စွာ တက်ရောက်ကြသည်။

ဦးစွာ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဦးမင်းနောင်၊ ဦးလှမိုး၊ ဒေါက်တာချာလီသန်း၊ ဒေါက်တာမျိုးသိန်းကျော်တို့နှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးတို့က ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

**ပြခန်းစုံညီ တွေ့ရသည်**

ယခုပြပွဲပြိုင်ပွဲကြီးကို မူလက ဖေဖော်ဝါရီလ ၁၀ ရက်နေ့မှ ၁၄ ရက်နေ့အထိသာ ခင်းကျင်းပြသရန် လျာထားခဲ့သော်လည်း ပြခန်းတာဝန်ခံများနှင့် ပြည်နယ်/ တိုင်းဒေသကြီး အေဂျင်စီများ အချင်းချင်းတွေ့ဆုံ၍ မိမိတို့၏ ထုတ်ကုန်များကို နေရာအနှံ့ချိတ်ဆက်ဖြန့်ဖြူးနိုင်ရေး ညှိနှိုင်းဆောင်ရွက်နိုင်ကြရန်လည်းကောင်း၊ ပြပွဲစတင်သည့် ရက်မှစ၍ ရုံးဖွင့်ရက်အတွင်းမှာပင် လာရောက်လေ့လာဝယ်ယူကြသည့်လုပ်ငန်းရှင်များ၊ ဝန်ထမ်းများ၊ ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများက ပိုမိုလေ့လာမှတ်သားနိုင်ရန်နှင့် မိမိတို့ လိုအပ်သောကုန်ပစ္စည်းများကို ပိုမိုဝယ်ယူအားပေးနိုင်ရန်အတွက် လည်းကောင်း၊ စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များတွင် ရပ်နီးရပ်ဝေးမှ ရုံးဝန်ထမ်းများ၊ လုပ်ငန်းရှင်များ၊ ကျောင်းသားကျောင်းသူများ၊ ပြည်သူများ လာရောက်လေ့လာဝယ်ယူအားပေးနိုင်ရေး ရှေးရှု၍ လည်းကောင်း MSME ထုတ်ကုန်ပြပွဲကို ဖေဖော်ဝါရီလ ၁၅ ရက်နေ့မှ ၁၆ ရက်နေ့အထိ တိုးမြှင့်ကျင်းပပြုလုပ်ခဲ့ပါသည်။

ရှေးယခင်က ပြပွဲသက်သက်ဆောင်ရွက်ခဲ့ကြ၍ ဈေးရောင်းပွဲတော်တစ်ခုအနေဖြင့်သာ ထင်မြင်ယူဆခဲ့ကြသည်။ ယခုကျင်းပပြုလုပ်သည့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကမူ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၏ ဦးဆောင်မှုဖြင့် MSME လုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်သန်လျက် စနစ်တကျကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပေရာ ပြခန်းပေါင်း ၉၆ ခန်း၊ ထုတ်ကုန်ပြိုင်ပွဲဝင် ပစ္စည်းအမယ် (အမည်) ပေါင်းများစွာ ပါဝင်ခင်းကျင်းပြသယှဉ်ပြိုင်ခဲ့ကြသည်။

ပြခန်းပေါင်း ၉၆ ခန်းတွင် ဝန်ကြီးဌာနပြခန်းများအနေဖြင့် စက်မှုဝန်ကြီးဌာနပြခန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြခန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ပြခန်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြခန်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြခန်း၊

စာမျက်နှာ ၇ သို့ ❐

> ✻ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ MSME များ ပူးပေါင်းဆောင်ရွက်မှု တိုးပွားလာစေပြီး ကုန်ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက် ဒေသတစ်ခု၏ လိုအပ်ချက်ကို အခြားဒေသမှ ဖြည့်ဆည်းလာရန်နှင့် အားသာချက်၊ အားနည်းချက်များကို သိမြင်ဖော်ထုတ်စေရန်
>
> ✻ ထုတ်ကုန်ပစ္စည်းများသည် "ဈေးနှုန်းတူပါက ပစ္စည်းကောင်းရန်၊ ပစ္စည်းချင်းတူပါက အရည်အသွေးပိုကောင်းရန်"ကို ထုတ်လုပ်သည့် လုပ်ငန်းရှင်များအနေဖြင့် လိုအပ်ချက်များကို သိမြင်ဆောင်ရွက်လာစေရန်ဖြစ်



နေပြည်တော်၌ ကျင်းပခဲ့သည့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲတွင် မွန်ပြည်နယ် MSME ထုတ်ကုန်ပြခန်းရှိ ဒေသထွက်ရိုးရာအဝတ်အထည်များအား ကြည့်ရှုလေ့လာ ဝယ်ယူကြသူများကို တွေ့ရစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဖေဖော်ဝါရီ ၁၀ ရက်က နေပြည်တော်တွင် ကျင်းပခဲ့သည့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲတွင် ချင်းပြည်နယ် MSME ထုတ်ကုန်ပြခန်း၌ ချင်းတိုင်းရင်းသား ရိုးရာချည်ထည်ရက်လုပ်နေမှုကို ကြည့်ရှုအားပေးစဉ်။

❒ စာမျက်နှာ ၆ မှ
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန ပြခန်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြခန်း၊ ကျန်းမာရေးဝန်ကြီးဌာန ပြခန်းဟူ၍ ပြခန်း ရှစ်ခန်း ပါဝင်သည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး ပြခန်းများလည်း ပါဝင်ပေရာ နေပြည်တော် MSME ထုတ်ကုန်ပြခန်းမှ အစပြု၍ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ MSME ထုတ်ကုန်ပြခန်း ၁၆ ခန်း ခင်းကျင်းပြသထားပါသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး ပြခန်းများတွင် မန္တလေးတိုင်းဒေသကြီးက နှစ်ခန်း ရယူပြသခဲ့သည်။ အသင်းအဖွဲ့များအနေဖြင့် လုပ်ငန်းစီးပွားချိတ်ဆက်မှုပြခန်း (Business Matching Hall)၊ မြန်မာနိုင်ငံဘဏ်များအသင်းပြခန်း၊ Digital Corner ပြခန်း နှစ်ခန်း၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် MSME ထုတ်ကုန်များ ပြခန်း၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း MSME ထုတ်ကုန်များပြခန်း၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ပြခန်း၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဝါး ထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း ပြခန်းဟူ၍ ပြခန်းရှစ်ခန်း ခင်းကျင်းပြသထားပါသည်။

အသေးစားစက်မှုလက်မှုလုပ်ငန်း ပြခန်း ၁၁ ခန်း၊ ကုန်ထုတ်သမဝါယမအသင်းများ ပြခန်း ၁၀ ခန်းတို့လည်း ပါဝင်သည်။ ပါဝင်ပြသခဲ့ကြသည့် အခြားသောအသင်းအဖွဲ့များထဲတွင် MYEA၊ MWEA၊ MYANWEN ရန်ကုန်တာရာ နှစ်ခန်း၊ ဝါးလား ခေါက်ဆွဲ၊ First Packing Machine နှစ်ခန်း၊ အမှတ် (၃) အကြီးစား နှစ်ခန်း၊ မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်းပြခန်း ခြောက်ခန်း စုစုပေါင်း ၁၆ ခန်းတို့အပြင် စက်ပစ္စည်းကုမ္ပဏီ၊ စိုက်ပျိုးရေးသွင်းအားစု အရောင်းပြခန်းများဖြစ်ကြသည့် Good Brother၊ မာလာမြိုင်၊ မြန်မာ့ဩဘာ၊ Super Seven Stars၊ Success Solar၊ New Light Motorcycle ခြောက်ခန်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ တိုင်းရင်းသားရိုးရာအစားအသောက်များ ရောင်းချပေးသည့် အခန်း ၂၁ ခန်း စသည်ဖြင့် စုစုပေါင်း ၉၆ ခန်း ပူးပေါင်းပါဝင်ခင်းကျင်းပြသ၍ ထုတ်ကုန်၊ ဒေသထွက်ကုန်နှင့် စက်ကိရိယာများပြသခြင်း၊ ရောင်းချခြင်းများ ဆောင်ရွက်ခဲ့ကြပါသည်။

**ကျင်းပပြုလုပ်ရသည့် ရည်ရွယ်ချက်များ**

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကြီး ကျင်းပပြုလုပ်ရသည့် ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် –

(က) တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ MSME များ ပူးပေါင်းဆောင်ရွက်မှုတိုးပွားလာစေပြီး ကုန်ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက် ဒေသတစ်ခု၏ လိုအပ်ချက်ကို အခြားဒေသမှ ဖြည့်ဆည်းလာရန်နှင့် အားသာချက်၊ အားနည်းချက်များကို သိမြင်ဖော်ထုတ်စေရန်၊

(ခ) ထုတ်ကုန်ပစ္စည်းများသည် "ဈေးနှုန်းတူပါက ပစ္စည်းကောင်းရန်၊ ပစ္စည်းချင်းတူပါက အရည်အသွေးပိုကောင်းရန်"ကို ထုတ်လုပ်သည့် လုပ်ငန်းရှင်များအနေဖြင့် လိုအပ်ချက်များကို သိမြင်ဆောင်ရွက်လာစေရန်၊

(ဂ) ဒေသတစ်ခုထုတ်ကုန်တစ်ခု အစီအမံများ အောင်မြင်ရေးအတွက် အားပေးမြှင့်တင်ရန်၊

(ဃ) MSME များ၏ ထုတ်ကုန်နှင့် ဝန်ဆောင်မှုများကို စဉ်ဆက်မပြတ် မြှင့်တင်နိုင်စေရန်နှင့် တန်ဖိုးမြှင့်ထုတ်ကုန်အသစ်များကို ပြည်ပသွင်းကုန် အစားထိုးအဖြစ် ပြည်တွင်းမှ ပိုမိုသုံးစွဲနိုင်ရန်နှင့် ပြည်ပသို့ ဈေးကွက်ချဲ့ထွင်နိုင်ရန်၊

(င) MSME များနှင့် ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံသူများ ပိုမိုချိတ်ဆက်ပူးပေါင်း ဆောင်ရွက်လာစေရန်၊

(စ) ပြည်ထောင်စုအဆင့် အသိအမှတ်ပြု MSME စံပြထုတ်ကုန်ဆုများ ပေးအပ်နိုင်စေရန်နှင့် MSME လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေး ကူညီပံ့ပိုးဆောင်ရွက်ပေးရန်တို့ပဲ ဖြစ်ပါသည်။

**ကော်မတီများ ဖွဲ့စည်းဆောင်ရွက်**

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၏ ဦးဆောင်မှုဖြင့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကြီးကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း ကျင်းပပြုလုပ်နိုင်ရေးအတွက် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သော ဦးစီးကော်မတီကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် အဖွဲ့ဝင် ၃၁ ဦးဖြင့်လည်းကောင်း၊ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့် ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သော လုပ်ငန်းကော်မတီကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် အဖွဲ့ဝင် ၂၁ ဦးဖြင့်လည်းကောင်း ဖွဲ့စည်းခဲ့ပြီးနောက် ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၉ ရက်နေ့တွင် အောက်ဖော်ပြပါ လုပ်ငန်းဆပ်ကော်မတီ ၁၁ ခုကို ဖွဲ့စည်းခဲ့ပါသည် –

(က) လုံခြုံရေးဆပ်ကော်မတီ

(ခ) ဖိတ်ကြားရေး၊ နေရာချထားရေးနှင့် ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီ

(ဂ) မုခ်ဦးနှင့် ပြခန်းများ တည်ဆောက်ရေး ဆပ်ကော်မတီ

(ဃ) ပြခန်းနေရာချထားရေးနှင့် ခင်းကျင်းပြသရေးဆပ်ကော်မတီ

(င) ဖွင့်ပွဲ/ ပိတ်ပွဲအခမ်းအနား ကျင်းပရေး ဆပ်ကော်မတီ

(စ) ဆုရွေးချယ်ရေးနှင့် ဆုချီးမြှင့်ရေး ဆပ်ကော်မတီ

(ဆ) လုပ်ငန်း/ စီးပွား ချိတ်ဆက်မှု ဆပ်ကော်မတီ (Business Matching)

(ဇ) အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များ ဆပ်ကော်မတီ

(ဈ) ရေနှင့် လျှပ်စစ်မီးရရှိရေး ဆပ်ကော်မတီ

(ည) သတင်းနှင့် ပြန်ကြားရေးဆပ်ကော်မတီ

(ဋ) ဘဏ္ဍာရေးဆပ်ကော်မတီ

**နိုင်ငံတော်အကြီးအကဲ၏ စေတနာ**

နိုင်ငံတော်အကြီးအကဲနှင့် အဖွဲ့ဝင်များသည် ဖွင့်ပွဲအခမ်းအနားအပြီး ပြခန်းတစ်ခုချင်းအလိုက် စိတ်ပါဝင်စားစွာဖြင့် လိုက်လံအားပေးကြည့်ရှုကာ ထုတ်ကုန်များအလိုက် လုပ်ငန်းဆောင်ရွက်မှုများ၊ ကုန်ကြမ်းရရှိမှုနှင့် သုံးစွဲမှု၊ ထုတ်ကုန်များ ထုတ်လုပ်မှု၊ ပြည်တွင်းပြည်ပ ဈေးကွက်ရရှိမှု အခြေအနေများ၊ လုပ်ငန်းလိုအပ်ချက်များနှင့် ပြည်တွင်း ပြည်ပသို့ ပိုမိုတိုးချဲ့ဖြန့်ဖြူးနိုင်မည့် အခြေအနေများနှင့် သိရှိလိုသည်များ မေးမြန်းဆွေးနွေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြား ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ပြခန်းပေါင်းများစွာကို နာရီပေါင်းများစွာ အချိန်ပေး၍ ကြည့်ရှုသလို လုပ်ငန်းရှင်များ၏ တင်ပြချက်၊ အကြံပြုချက်များကိုလည်း အလေးထားနားထောင်ပေးသည်။ လုပ်ငန်းရှင်များအနေဖြင့် မိမိတို့ ရင်ဆိုင်ကြုံတွေ့နေရသော အခက်အခဲများကို ပါ တင်ပြခွင့်ရခဲ့ကြသည်။

(ဆက်လက်ဖော်ပြပါမည်)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဦးမင်းနောင်၊ ဦးလှမိုး၊ ဒေါက်တာချာလီသန်း၊ ဒေါက်တာမျိုးသိန်းကျော်နှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးတို့ ဖေဖော်ဝါရီ ၁၀ ရက်တွင် နေပြည်တော်၌ ကျင်းပခဲ့သည့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

# နိုင်ငံပိုင်သယံဇာတများကို မတော်လောဘဖြင့် ဥပဒေမဲ့ခိုးထုတ်ကာ အကြမ်းဖက်နှင့် လက်နက်ကိုင်သောင်းကျန်းမှုများကို ထောက်ပံ့နေမှုအား တိုက်ဖျက်သွားမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

နိုင်ငံတော်သည် နိုင်ငံတော်ရှိ မြေအားလုံး၊ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်နှင့် လေထုအတွင်းရှိ သယံဇာတပစ္စည်းအားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်သည်ကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အတိအလင်း ပြဋ္ဌာန်းထားသည်။ ထို့အပြင် နိုင်ငံပိုင်သယံဇာတပစ္စည်းများအား စီးပွားရေးအင်အားစုများက ထုတ်ယူသုံးစွဲခြင်းကို ကွပ်ကဲကြီးကြပ်နိုင်ရန် လိုအပ်သည့် ဥပဒေပြဋ္ဌာန်းရမည်ဟု အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားချက်နှင့်အညီ နိုင်ငံပိုင်သယံဇာတပစ္စည်းများ၏ သက်ဆိုင်ရာကဏ္ဍအလိုက် ဥပဒေများလည်း ပြဋ္ဌာန်းထားရှိပြီး သယံဇာတထုတ်ယူခြင်းလုပ်ငန်းများကို သက်ဆိုင်ရာဥပဒေများနှင့်အညီ ဆောင်ရွက်ခွင့်ပြုထားသည်။

သို့ရာတွင် နိုင်ငံတော်အတွင်းရှိ ဒေသအချို့တွင် ဖြစ်ပေါ်လျက်ရှိသော အကြမ်းဖက်တိုက်ခိုက်မှုများ၊ လက်နက်ကိုင်သောင်းကျန်းမှုများကို အခွင့်ကောင်းယူကာ မတော်လောဘ စီးပွားရေးသမားများက နိုင်ငံပိုင်သယံဇာတပစ္စည်းများကို ဥပဒေမဲ့ခိုးထုတ်နေကြပြီး အကြမ်းဖက်အုပ်စုများကိုထောက်ပံ့ခြင်း၊ လက်နက်ကိုင်သောင်းကျန်းသူများအား ထောက်ပံ့ခြင်းများကို လုပ်ဆောင်နေကြသည်။ ထိုသို့သော မတော်လောဘဖြင့် ဥပဒေမဲ့နိုင်ငံပိုင်သယံဇာတပစ္စည်းများကို ခိုးထုတ်ကြရာတွင် ဥပဒေကို မသိနားမလည်သည့်အပြင် ဆင်းရဲနွမ်းပါးသည့် ဒေသခံပြည်သူများအား ငွေကြေးဖြင့်ဆွဲဆောင်စည်းရုံးကာ အလုပ်လုပ်ကိုင်စေလျက်ရှိကြောင်းကိုလည်း တွေ့ရသည်။ ယင်းသို့ လုပ်ကိုင်ခြင်းသည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ အကြမ်းဖက်မှုကိုအားပေးမှုမြောက်ကြောင်း ယင်းကဲ့သို့ ဥပဒေမဲ့ခိုးထုတ်မှုများတွင် ဝင်ရောက်လုပ်ကိုင်နေကြသည့် ပြည်သူများ သတိပြုကြရန်လိုအပ်သည်။

နိုင်ငံတော်အနေဖြင့် မတော်လောဘဖြင့် နိုင်ငံ၏သယံဇာတပစ္စည်းများကို ဥပဒေမဲ့ခိုးထုတ်နေကြပြီး အကြမ်းဖက်အုပ်စုများနှင့် လက်နက်ကိုင်သောင်းကျန်းသူများကို ထောက်ပံ့နေမှုများအား စိစစ်ဖော်ထုတ်၍ လိုအပ်သလို တိုက်ဖျက်ဆောင်ရွက်သွားမည်ဖြစ်သည်။ သို့ပါ၍ ပြည်သူများအနေဖြင့် အကြမ်းဖက်အုပ်စုများနှင့် လက်နက်ကိုင်သောင်းကျန်းသူများကို အားပေးထောက်ပံ့မှုပြုနေသည့် ယင်းကဲ့သို့ဥပဒေမဲ့သယံဇာတခိုးထုတ်သည့် လုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်ခြင်းမှ အထူးသတိပြုရှောင်ရှားကြရန် သက်ဆိုင်ရာက နှိုးဆော်ထားကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် ယခင်ရရှိခဲ့သည့် အောင်မြင်မှုများအတိုင်း ပြန်လည်ရရှိစေရန်အတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီး ဦးထိန်လင်း၊ ဦးဇင်မင်းထက်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံပန်ကြပ်ဆီလပ်အဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် ပန်ကြပ်ဆီလပ် နည်းပြနှင့် ဒိုင်သင်တန်းတွင် အင်ဒိုနီးရှားနိုင်ငံမှ နည်းပြ TITIH HAYATI က သင်တန်းသား သင်တန်းသူ ၃၆ ဦးတို့အား စာတွေ့လက်တွေ့ သင်ကြားပို့ချနေမှုများနှင့် နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) တွင် စတင်စခန်းဝင်လေ့ကျင့်လျက်ရှိသည့် ခြင်းလုံးအားကစားအဖွဲ့၏ လေ့ကျင့်နေမှုများကို လိုက်လံကြည့်ရှုအားပေးသည်။



မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံ နပန်းအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့်အဖွဲ့အား အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံရာ ပြည်ထောင်စုဝန်ကြီးက မြန်မာ့အားကစားလောက ဖွံ့ဖြိုးတိုးတက်စေရန်၊ နပန်းအားကစားနည်း ပြန်လည်ရှင်သန်ပြန့်ပွားလာစေရန်နှင့် နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် ယခင်ရရှိခဲ့သည့် အောင်မြင်မှုများအတိုင်း ပြန်လည်ရရှိစေရန်အတွက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာအဆင့်မီ အရည်အသွေးရှိသည့် နည်းပြများဖြင့် လေ့ကျင့်သင်ကြားပေးနိုင်ရန်နှင့် မျိုးဆက်သစ်အားကစားသမားများ မွေးထုတ်ပေးနိုင်ရန်အတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် နပန်းအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရဲထွန်းနှင့် ဒုတိယဥက္ကဋ္ဌတို့က နပန်းအားကစားနည်း တိုးတက်ပြန့်ပွားစေရေး လက်ရှိဆောင်ရွက်နေသည့်အခြေအနေများ၊ ဆောင်ရွက်ပေးစေလိုသည့် လုပ်ငန်းအစီအမံများ၊ အားကစားသမားများအား ရွေးချယ်ခြင်းနှင့် စခန်းသွင်းလေ့ကျင့်ပေးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက ဖြည့်စွက်ဆွေးနွေးပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက လာမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အောင်မြင်မှုဆုတံဆိပ်များ ပိုမိုရရှိစေရေးအတွက် ဝိုင်းဝန်းကြိုးပမ်းအားထုတ် ဆောင်ရွက်ပေးစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံရာ ဥက္ကဋ္ဌဦးရဲဝင့်ထွန်းတင်က ပိုက်ကျော်ခြင်းအားကစားနည်းဖြင့် အောင်မြင်မှု ဆုတံဆိပ်များရရှိစေရေး စီစဉ်ဆောင်ရွက်ထားမှုများ၊ စခန်းဝင်လေ့ကျင့်မှုများ၊ ပံ့ပိုးထောက်ပံ့ပေးမှုများကို ရှင်းလင်းတင်ပြရာ တာဝန်ရှိသူများက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

ဆွေးနွေးမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက ပိုက်ကျော်ခြင်းအဖွဲ့ချုပ်အနေဖြင့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် အာရှအားကစားပြိုင်ပွဲများတွင် အောင်မြင်မှုများ ရယူပေးနိုင်ခဲ့ကြောင်း၊ လာမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အောင်မြင်မှုများ ပိုမိုရရှိအောင် ဆက်လက်ဝိုင်းဝန်းကြိုးပမ်း အားထုတ်ပေးသွားရန်နှင့် မိမိတို့ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# လှိုင်းဘွဲမြို့နယ် ထန်းတပင်ကျေးရွာအုပ်စု၌ အလင်းစေတမာန်စာကြည့်တိုက်ဖွင့်



**ဘားအံ ဖေဖော်ဝါရီ ၁၉**

ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ် ထန်းတပင်ကျေးရွာအုပ်စုတွင် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုကော်မတီ၏ မတည်ထောက်ပံ့ငွေကျပ် သိန်း ၁၅ဝ နှင့် ပြည်သူလူထု လှူဒါန်းထည့်ဝင်ငွေများဖြင့် တည်ဆောက်ခဲ့သည့် အလင်းစေတမာန်စာကြည့်တိုက်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများက စာကြည့်တိုက်သစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စာကြည့်တိုက် ကမ္ပည်းကျောက်ပြားအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် သုတ၊ ရသ စာအုပ်စာစောင်ပေါင်း ၄၉၅ အုပ်အား ပညာရပ်အလိုက် စနစ်တကျစင်တင်ထားရှိမှု၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများက စာအုပ်စာစောင်များ လေ့လာဖတ်ရှုနေမှုတို့ကို လှည့်လည်ကြည့်ရှု အားပေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် အလင်းစေတမာန်စာကြည့်တိုက်အတွက် စေတနာရှင် အလှူရှင်များက ငွေပဒေသာပင်များ ပေးအပ်လှူဒါန်းကြရာ ပြည်နယ်ဝန်ကြီးချုပ်က လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်သည်။ ဆက်လက်ပြီး ကရင်ပြည်နယ် စာကြည့်တိုက်များ ဖောင်ဒေးရှင်းမှ သုတ၊ ရသ စာအုပ်စာစောင် အုပ်ရေ၁၀၀ ကိုပေးအပ်လှူဒါန်းရာ ပြည်နယ် လူမှုရေးရာဝန်ကြီးက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးက စာကြည့်တိုက်ဖွင့်လှစ်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဘားအံခရိုင် အုပ်ချုပ်ရေးမှူးက စာကြည့်တိုက် အဆောက်အအုံနှင့် ပတ်သက်သည့် စာရွက်စာတမ်းများ၊ စာအုပ်စာစောင်နှင့် ပရိဘောဂများကို စာကြည့်တိုက် ကော်မတီထံ လွှဲပြောင်းပေးအပ်ကာ ရပ်မိ ရပ်ဖ တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# ထားဝယ်မြို့၌ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနား ကျင်းပ

ထားဝယ် ဖေဖော်ဝါရီ ၁၉

အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက တနင်္သာရီတိုင်းဒေသကြီး ခရိုင်လေးခုအတွင်းရှိ မြို့နယ်ခုနစ်မြို့နယ်မှ ပြောင်းရွှေ့နေထိုင်ကြသည့် ယာယီနေရပ်စွန့်ခွာပြည်သူ ၁၁၀၄၃ ဦးတို့အား ဇန်နဝါရီလအတွက် တစ်ဦးလျှင် တစ်လ ထောက်ပံ့ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် စုစုပေါင်းထောက်ပံ့ငွေကျပ် ၂၂၀ ဒသမ ၈၆ သန်းကို သက်ဆိုင်ရာမြို့နယ်များသို့ လွှဲပြောင်းထောက်ပံ့ပေးမည်ဖြစ်ကြောင်း ထောက်ပံ့ငွေများကို ဖေဖော်ဝါရီလနှင့် မတ်လအတွက် ဧပြီလဆန်းတွင်လည်းကောင်း၊ ဧပြီလ၊ မေလနှင့်၊ ဇွန်လတို့အတွက် ဇူလိုင်လဆန်းတွင်လည်းကောင်း၊ ဇူလိုင်လ၊ ဩဂုတ်လနှင့်စက်တင်ဘာလတို့အတွက် အောက်တိုဘာလဆန်းတွင်လည်းကောင်း၊ အောက်တိုဘာလ၊ နိုဝင်ဘာလနှင့် ဒီဇင်ဘာလတို့အတွက် ၂၀၂၆ ခုနှစ် ဇန်နဝါရီလဆန်းတွင်လည်းကောင်း ဆက်လက်ထောက်ပံ့ပေးအပ်မည်ဖြစ်ကြောင်း ထိုသို့ထောက်ပံ့ရာတွင် နေရပ်စွန့်ခွာ ပြည်သူတစ်ဦးလျှင် တစ်နှစ်စာငွေကျပ် ၂၄၀၀၀၀ ကို နိုင်ငံတော်က ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးတို့က အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် ထားဝယ်ခရိုင် ၆၃၅၅ ဦးအတွက် ငွေကျပ် ၁၂၇၁၀၀၀၀၀၊ မြိတ်ခရိုင် ၄၂၈၉ ဦးအတွက် ငွေကျပ် ၈၅၇၈၀၀၀၀၀၊ ကော့သောင်းခရိုင် ၃၆၅ ဦးအတွက် ငွေကျပ် ၇၃၀၀၀၀၀၊ ဘုတ်ပြင်းခရိုင် ၃၄ ဦးအတွက် ငွေကျပ် ၆၈၀၀၀၀ ပေးအပ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ယာယီနေရပ်စွန့်ခွာပြည်သူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# အကြမ်းဖက်ဖြစ်စဉ်များကြောင့် မုံရွာမြို့သို့ရောက်ရှိနေကြသည့် ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် ထောက်ပံ့ပေးအပ်

မုံရွာ ဖေဖော်ဝါရီ ၁၉

အကြမ်းဖက်ဖြစ်စဉ်များကြောင့် မုံရွာမြို့သို့ ရောက်ရှိနေကြသည့် ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၁၉ ရက် မွန်းလွဲပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ မြသလ္လာခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က နှုတ်ဆက်စကားပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး အဆင့် ဌာနဆိုင်ရာများ၊ မုံရွာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့်အတူ အကြမ်းဖက်ဖြစ်စဉ်များကြောင့် မုံရွာမြို့သို့ရောက်ရှိနေကြသည့် ယာယီနေရပ်စွန့်ခွာပြည်သူ ၃၆၀ အား တစ်ဦးလျှင် ငွေကျပ်၂၀၀၀၀ နှုန်းဖြင့် တစ်လစာထောက်ပံ့ငွေကျပ် ၇၂၀၀၀၀၀ ကို ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အခမ်းအနားသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



# လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ ယာယီနေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ပေးအပ်



**လှိုင်သာယာ ဖေဖော်ဝါရီ ၁၉**

ရန်ကုန် တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်တွင် အခြားတိုင်းဒေသကြီး/ပြည်နယ်များမှ အကြမ်းဖက်ဖြစ်စဉ်ကြောင့် နေရပ်စွန့်ခွာ၍ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ်အတွင်းသို့ ပြောင်းရွှေ့ ရောက်ရှိလာသည့် ယာယီနေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းကအမှတ်(၁)၊ (၂)၊(၈)၊(၁၅)ရပ်ကွက်၊ရှမ်းချောင်းကျေးရွာ၊ ကစင်ကျေးရွာနှင့် ရွှေလင်ပန်းကျေးရွာတို့၌ ကျင်းပသည်။

ပေးအပ်ရာတွင် မြို့နယ်ထောက်ပံ့ရေးအဖွဲ့၊ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဘော်က ဦးဆောင်၍ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အဖွဲ့ငါးဖွဲ့ခွဲကာ အမှတ်(၁)ရပ်ကွက်၊ (၂)ရပ်ကွက်၊ (၈)ရပ်ကွက်၊(၁၅)ရပ်ကွက်၊ ရှမ်းချောင်းကျေးရွာ၊ ကစင်ကျေးရွာနှင့် ရွှေလင်ပန်းကျေးရွာတို့ရှိ ယာယီနေရပ်စွန့်ခွာ ပြည်သူများအား တစ်ဦးလျှင်ငွေကျပ်၂၀၀၀၀ နှုန်းဖြင့် ကျား၅၄၃ဦး၊ မ၉၅၂ ဦး အိမ်ထောင်စု ၆၃၀နှင့် စုစုပေါင်း ၁၄၉၅ ဦးတို့အတွက် ထောက်ပံ့ငွေကျပ် ၂၉၉၀၀၀၀၀ တို့ကို သက်ဆိုင်ရာ တာဝန်ရှိသူများက ထုတ်ပေး၍ ပြည်သူများက လက်ခံရယူလျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# မီးဘေးအန္တရာယ် ကင်းရှင်းစေရေး အသိပညာပေးဟောပြော

**မြင်းခြံ ဖေဖော်ဝါရီ ၁၉**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ရှိ အခြေခံပညာအထက်တန်းကျောင်းများ၌ မီးဘေးအန္တရာယ်ကင်းရှင်းစေရေး အသိပညာပေးဟောပြောခြင်းနှင့် မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ် သရုပ်ပြခြင်းကို ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းကပြုလုပ်ရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ကိုသန့်က အမှတ်(၁)၊ အမှတ်(၃)၊ အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းတို့၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရန်၊ ရှောင်ရန်များ စာတွေ့/လက်တွေ့ပါ ရှင်းလင်းပြောကြားခဲ့ပြီး မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်နည်းကို ရှင်းလင်းပြသပေးသည်။

**တာဝန်ရှိသူများ**

ထို့ပြင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ကျောင်းတာဝန်ရှိသူများအား မီးသတ်ဆေးဘူးဖြင့် လက်တွေ့သရုပ်ပြ ငြိမ်းသတ်စေခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# စက်သုံးဆီအရောင်းဆိုင်တွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး




**အုတ်တွင်း ဖေဖော်ဝါရီ ၁၉**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ ယမန်နေ့နံနက်ပိုင်းက မြို့နယ်အတွင်းရှိBOC စက်သုံးဆီအရောင်းဆိုင်သို့ သွားရောက်ကွင်းဆင်းစစ်ဆေးခြင်းနှင့် မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ခြင်း လက်တွေ့ သရုပ်ပြသခြင်းနှင့် မီးသတ်ယာဉ်ဖြင့် ရေစိုဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်ပေးသည်။

**ကြည့်ရှုအားပေး**

အဆိုပါမီးဘေးလုံခြုံရေးစစ်ဆေးအကြံပြုပေးခြင်း၊ မီးသတ်ဆေးဘူးဖြင့် လက်တွေ့သရုပ်ပြသခြင်းနှင့် မီးသတ်ယာဉ်ဖြင့် ရေစိုဇာတ်တိုက်လေ့ကျင့်ခြင်းကို မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်ကျော်မြင့်နှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များနှင့် BOC စက်သုံးဆီအရောင်းဆိုင်ရှိဝန်ထမ်းများက ပါဝင်သရုပ်ပြရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအဏ္ဏဝါအောင်နှင့်အဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ခင်ခင်မာ(ပြန်/ဆက်)**

■

ဥပဒေဘောင်အတွင်း

နေထိုင်ခြင်း

ဘေးကင်းရန်ကွာ

လွန်ချမ်းသာ

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများ အမြန်ဆုံးလွှဲပြောင်းလက်ခံနိုင်ရေး မြန်မာ - ထိုင်း - တရုတ် သုံးနိုင်ငံမှ ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးညှိနှိုင်း

နေပြည်တော် ဖေဖော်ဝါရီ ၁၉

မြန်မာ-ထိုင်း-တရုတ် သုံးနိုင်ငံမှ ကိုယ်စားလှယ်များသည် ယနေ့ နံနက်ပိုင်းတွင် ထိုင်းနိုင်ငံ မဲဆောက်မြို့၌ တွေ့ဆုံပြီး အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများ အမြန်ဆုံးလွှဲပြောင်းလက်ခံနိုင်ရေး ဆွေးနွေးညှိနှိုင်းကြသည်။




**တက်ရောက်**

တွေ့ဆုံပွဲသို့ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်(၁) ရဲဗိုလ်ချုပ် တင်ကိုကို ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ထိုင်းနိုင်ငံ တာ့ခ်ပြည်နယ် ဒုတိယ ပြည်နယ်အုပ်ချုပ်ရေးမှူး Mr.Narongchai Jindaphan ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ပြစ်မှုဆိုင်ရာစုံစမ်းစစ်ဆေးရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Liu Ning Ning ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် မြန်မာ- ထိုင်း- တရုတ် သုံးနိုင်ငံပူးပေါင်း၍ (Online Scam) နှင့် (Online Gambling) တိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်မြှင့်တင်ဆောင်ရွက်ရေး၊ မူရင်းနိုင်ငံ၊ ဖြတ်သန်းနိုင်ငံနှင့် ဆိုက်ရောက်နိုင်ငံတို့အကြား လွှဲပြောင်းလက်ခံရေးလုပ်ငန်းစဉ်များကို စနစ်တကျဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ အဆိုပါနိုင်ငံများအကြား Task Force ဖွဲ့စည်းပြီး Action Plan ရေးဆွဲ၍ ပူးပေါင်းဆောင်ရွက်သွားမည့် အစီအမံများ၊ တတိယနိုင်ငံသားများအား ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးလွှဲပြောင်းနိုင်ရေး ညှိနှိုင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၂၅၀ ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းခဲ့

နေပြည်တော် ဖေဖော်ဝါရီ ၁၉

နိုင်ငံတော် အစိုးရအနေဖြင့် နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် တရားမဝင်အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ အပါအဝင် ဒုစရိုက်မှုများကို ထိထိရောက်ရောက် နှိမ်နင်းဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီမြို့- ရွှေကုက္ကိုလ်နှင့် KK Park နယ်မြေများသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၂၅၀ ကို ထပ်မံစစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့သည်။



မြန်မာနိုင်ငံ အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားများအား စိစစ်ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

**စစ်ဆေးဖော်ထုတ်နိုင်**

အဆိုပါ ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာ နိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းများ ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် နေ့ချင်းပြီး ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၁၉ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၅၅၃ ဦးကို စစ်ဆေးဖော်ထုတ်နိုင်ခဲ့ပြီဖြစ်ပြီး အမြန်ဆုံး ပြည်နှင့်လွှဲပြောင်းနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

နိုင်ငံတော် အစိုးရအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူများအား ခြိမ်းခြောက်ထိခိုက်မှုများ ရှိလာသည့် နယ်စပ်ဒေသများမှ အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှု အပါအဝင် အွန်လိုင်းဒုစရိုက်မှု မျိုးစုံကို အမျိုးသားရေးအသွင်ဖြင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်သူများနှင့် ပူးပေါင်းလက်တွဲကာ ထိထိရောက်ရောက် ပြတ်ပြတ်သားသား တိုက်ဖျက်နှိမ်နင်းပြီး ဥပဒေနှင့်အညီ စနစ်တကျ ထိန်းသိမ်းလွှဲပြောင်း ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ



အလိုက် အွန်လိုင်းလောင်းကစားနှင့် အွန်လိုင်းငွေကြေးလိမ်လည်မှု အပါအဝင် အခြားဒုစရိုက်မှုလုပ်ငန်းများမရှိစေရေး ဖော်ထုတ်ခြင်း၊ အရေးယူခြင်းတို့ကို ပြတ်ပြတ်သားသား ကိုင်တွယ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# မုဒုံမြို့နယ်၌ ဥပဒေအသိပညာပေးဟောပြော

မုဒုံ ဖေဖော်ဝါရီ ၁၉

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း (မုဒုံမြို့) တွင် ဥပဒေအသိပညာပေး ဟောပြောပို့ချခြင်းကို ယနေ့နံနက် ၉ နာရီက သင်တန်းကျောင်းခန်းမ၌ ပြုလုပ်သည်။

ဟောပြောပွဲတွင် မွန်ပြည်နယ် ဥပဒေချုပ် ဦးမြင့်အောင်က တရားဥပဒေအရေးကြီးပုံ၊ ဥပဒေအမျိုးအစားများအကြောင်း၊ ကမ္ဘာကြီးတွင် ဥပဒေအရေးပါမှု၊ ဥပဒေပြုခြင်း၊ ဥပဒေပြဋ္ဌာန်းခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)ခုနှစ်အကြောင်းတို့ကို အသိပညာပေး ပြောကြားသည်။

အဆိုပါဟောပြောပွဲသို့ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် နည်းပြဆရာမများ၊ သင်တန်းသူများ စုစုပေါင်း ၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**အောင်မျိုးသူ (ပြန်/ဆက်)**

# မိုးကြိုချည်မျှင်ရှည်ဝါစိုက်တောင်သူများသို့ ကြိုတင်ဆောင်ရွက်ရန် လုပ်ငန်းများ နှိုးဆော်ချက်

၁။ မိုးကြိုချည်မျှင်ရှည်ဝါကို ဖေဖော်ဝါရီလလယ်မှ စတင်စိုက်ပျိုးမည်ဖြစ်ရာ မိုးကြိုချည်မျှင်ရှည်ဝါစိုက်တောင်သူများအနေဖြင့် အောက်ပါလုပ်ငန်းများကို ကြိုတင်ဆောင်ရွက်ရမည်ဖြစ်သည်။

**(က) မျိုး**

(၁) မိုးကြိုချည်မျှင်ရှည်ဝါကို အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာန ဝါနှင့်လျှော်မျှင်ထွက်သီးနှံဌာနခွဲမှ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသော ငွေချည်-၆၊ ရွှေတောင်-၈၊ ငွေချည်-၉၊ ရွှေတောင်-၁၀၊ ငွေချည်-၁၁ ဝါမျိုးစေ့များအား ကြိုတင်ဝယ်ယူစုဆောင်းထားရန်

(၂) မျိုးကွဲလုံးဝကင်းစင်ပြီး အပင်ပေါက်ရာခိုင်နှုန်း(၈၀) အထက်ရှိ အရည်အသွေးမြင့် မျိုးဝါစေ့များကိုသာ အသုံးပြုစိုက်ပျိုးနိုင်ရေးအတွက် ကြိုတင်စုဆောင်းထားရန်

(၃) မျိုးစေ့များ ခြောက်သွေ့ရန်အတွက် နေ(၂-၃)ကြိမ်လှန်းပြီးမှ ဂုန်နီအိတ်တွင်ထည့်၍ ရေမစိုနိုင်သောနေရာတွင် ကတ်များခင်းပြီး သိုလှောင်ထားရန်

**(ခ) မြေ**

(၁) မိုးကြိုချည်မျှင်ရှည်ဝါကို အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် ရှေ့သီးနှံများ အချိန်မီဖယ်ရှားရေး၊ အချိန်မီမြေပြုပြင်ပြီးစီးရေး၊ စိုက်ပျိုးချိန်တွင် ရေအပြည့်အဝပေးသွင်းရရှိရေးတို့အတွက် ကြိုတင်အစီအစဉ်များ ရေးဆွဲဆောင်ရွက်ရန်

(၂) မြေဆီဩဇာသင့်တင့်ကောင်းမွန်ပြီး အစိုဓာတ်ထိန်းသိမ်းမှုနှင့် လေဝင်လေထွက်ကောင်းသော နုန်းမြေ၊ နုန်းစနယ်မြေနှင့် သဲနုန်းမြေများကို ရွေးချယ်စိုက်ပျိုးရန်

**(ဂ) ပေါင်းမြက်ကြိုတင်ကာကွယ်နှိမ်နင်းရေး**

(၁) ရှေ့သီးနှံ(ဥပမာ-စပါး)ရိတ်သိမ်းပြီးသည်နှင့် တစ်ပြိုင်နက်မြေမစိုလွန်း မခြောက်လွန်းရှိမည့် ပပ်ကြားအက်စအချိန်တွင် ပထမထယ်တစ်စပ်ထိုးရန်နှင့် အခြောက်လွန်သွားသောစိုက်ခင်းတွင် ရေစပ်ရုံမျှသွင်းပြီး မြေအထန့်တွင် ထယ်ထိုးရန်

(၂) မိုးနှောင်းချည်မျှင်ရှည်ဝါအပြီး မိုးကြိုဝါ ဆက်လက်စိုက်ပျိုးမည့် စိုက်ခင်းများတွင် ဝါကို နောက်ဆွဲကောက်သိမ်းခြင်းဖြင့် စိုက်ခင်းများအတွင်း ပေါင်းပင်များ အစေ့တည်ပြီး ရင့်မှည့်လာနိုင်သောကြောင့် ပေါင်းပင်များကိုဆက်လက်ရှင်သန်ခွင့်မပေးဘဲ ထယ်ထိုးပေါင်းသတ်ထားရန်

(၃) စိုက်ထယ်ရေးမပြုလုပ်မီအချိန်အတွင်း (၁၆)သွားထွန်တစ်စပ် သို့မဟုတ် နှစ်စပ်ဝင်ပြီး ပေါင်းသတ်ထွန်ရေးပြုလုပ်ထားရန်

(၄) အသုံးပြုမည့် ထယ်/ထွန်/ကြားတိုက်ကိရိယာများတွင်ပေါင်းစေ့များ တွယ်ကပ်မှုမရှိစေရန် ကောင်းစွာသန့်ရှင်းပြီးမှ အသုံးပြုရန်

(၅) မိုးကြိုချည်မျှင်ရှည်ဝါသည် ရေသွင်းစိုက်ပျိုးသည့် သီးနှံဖြစ်သည့်အလျောက် ရေသွင်းမြောင်းများ သန့်ရှင်းရေးကို ကြိုတင်ဆောင်ရွက်ထားရန်

(၆) ကောင်းစွာဆွေးမြည့်သော နွားချေးနှင့်သဘာဝမြေဩဇာများကိုသာ သုံးစွဲရန်

(၇) အကယ်၍ ပေါင်းသတ်ထွန်ရေး မပြုလုပ်နိုင်ခဲ့လျှင်သော်လည်းကောင်း၊ ပေါင်းသတ်ထွန်ရေးပြုလုပ်သော်လည်း ပေါင်းမြက်များ ဆက်လက်ကျန်ရှိနေလျှင်သော်လည်းကောင်း၊ အထူးသဖြင့် မြေစာမြက်ကဲ့သို့သော နှစ်ရှည်ခံပေါင်းမြက်များ ပေါက်ရောက်မှု ထူထပ်လျှင်သော်လည်းကောင်း အစိုဓာတ်သင့်တင့်စွာရှိချိန် ဝါမစိုက်ပျိုးမီအနည်းဆုံး (၂၀-၂၅) ရက်ကြိုတင်၍ ပေါင်းသတ်ဆေးပက်ဖျန်းပေါင်းသတ်ထားရန်

**(ဃ) စိုက်ချိန်မှန်ကန်စေခြင်း**

မိုးကြိုချည်မျှင်ရှည်ဝါ - ဖေဖော်ဝါရီလလယ်မှ
မတ်လလယ်အတွင်း

**ဝါနှင့်လျှော်မျှင်ထွက်သီးနှံဌာနခွဲ**
**စိုက်ပျိုးရေးဦးစီးဌာန**

# ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် မိတ္ထီလာခရိုင်အတွင်း စိုက်ပျိုးရေပေးဝေနိုင်ရေးနှင့် သီးနှံများပန်းတိုင်အထွက်နှုန်းပြည့်မီရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ယမန်နေ့ နံနက်ပိုင်းတွင် မိတ္ထီလာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ခရိုင်၊ မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့များနှင့် တွေ့ဆုံသည်။



တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက မိတ္ထီလာလွင်ပြင်စိမ်းလန်းစိုပြည်ရေး၊ စိုက်ပျိုးရေရရှိရေးအတွက် နည်းလမ်းပေါင်းစုံဖြင့် ကြိုးစားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နှမ်းသီးနှံအထွက်နှုန်း တိုးတက်ရေးနှင့်ပတ်သက်၍ စံပြစိုက်ခင်းပြုလုပ်မည့်နေရာများ ရွေးချယ်ပြီး စိုက်ပျိုးရာတွင် အောင်မြင်ဖြစ်ထွန်းရေးအတွက် သက်ဆိုင်ရာဌာနများနှင့် တောင်သူများ ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း၊ သီးနှံအထွက်နှုန်း တိုးတက်ကောင်းမွန်ရေးသည် စက်ကိရိယာသုံးစွဲနိုင်မှုနှင့် ဆက်စပ်နေသောကြောင့် မိတ္ထီလာခရိုင်အတွင်း လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှုသင်တန်းများဖွင့်လှစ်ခြင်း၊ တောင်သူပညာပေးသရုပ်ပြပွဲများပြုလုပ်ခြင်းနှင့် ပုဂ္ဂလိကစက်မှုလယ်ယာဝန်ဆောင်မှုအသင်းများ အားကောင်းလာစေရေးအတွက် ဌာနနှင့်ပုဂ္ဂလိက ဝန်ဆောင်မှုအသင်းများ ပူးပေါင်းဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ မိတ္ထီလာခရိုင်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မိတ္ထီလာလွင်ပြင်စိမ်းလန်းစိုပြည်ရေး၊ စိုက်ပျိုးရေရရှိရေး၊ တင်ပြမှုများအပေါ် ဒုတိယဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် သာစည်မြို့နယ် ချောက်ခွဲကျေးရွာ၌ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် လေးလက်မစက်ရေတွင်းတူးဖော်မည့်နေရာကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းပြီးစီးပါက နွေနှမ်းစံပြစိုက်ကွက်များ အထွက်နှုန်းပိုမိုကောင်းမွန်စေရန်နှင့် တောင်သူအစုအဖွဲ့တွင် ညီညွတ်မျှတစွာ ရေရယူသုံးစွဲနိုင်ရေးအတွက် ရေခွဲဝေသုံးစွဲမည့်စနစ်ကို သေချာစီမံဆောင်ရွက်ပေးသွားကြရန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း ဥတ္တရသီရိမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

နေပြည်တော် ကောင်စီဝင် ဦးဇေယျာလင်းသည် ဥတ္တရခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြတ်အောင်ဌေး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲမြတ်သိန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဥတ္တရသီရိမြို့နယ် သရက်တောကျေးရွာအုပ်စု မသိမ်ကျေးရွာ ကွင်းအမှတ် (၁၈၉၅)တွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဆောက်လုပ်ထားရှိသော ဆိုလာရေတင်စနစ်ကို အသုံးပြု၍ တောင်သူ ဦးဇော်လင်းနှင့် ဦးမြင့်သိန်းတို့၏ လယ်မြေ၌ နေကြာနှင့် မတ်ပဲများ စိုက်ပျိုးထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများသည် တောင်ညိုကျေးရွာရှိ ဦးနေအောင်၏ ဆီးသီးရောင်းဝယ်ရေးလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများအနေဖြင့် MSME ထုတ်ကုန်လုပ်ငန်းရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်၊ ထုတ်ကုန်ပစ္စည်းများ တိုးတက်မြင့်မားစေရေးအတွက် အသေးစားမှ အငယ်စား၊ အငယ်စားမှ အလတ်စား၊ အလတ်စားမှ အကြီးစားထုတ်ကုန်ပစ္စည်းများအဖြစ်သို့ တိုးမြှင့်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားရန် ဆွေးနွေးပြောကြားသည်။ ဆက်လက်၍ မင်းကုန်းကျေးရွာ တောင်သူ ဦးအေးလွင်၏ လယ်မြေ၌ ဆင်းရွှေကြာ-၂ နေကြာ စိုက်ခင်း အောင်မြင် ဖြစ်ထွန်းနေမှုနှင့် ဇလောင်းကျေးရွာရှိ ဆင်လူးငန်းစပ်ကန်မှ နွေစပါးနှင့် နွေသီးနှံ ရေပေးဝေနိုင်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး နေပြည်တော်ကောင်စီဝင်က လိုအပ်သည်များကိုဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။



**အောင်မျိုးဝင်း(ပြန်/ဆက်)**



ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ်အတွင်းရှိ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် စာစစ်ဌာန ငါးခုအား မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်သူရကျော် ဦးဆောင်၍ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ငါးဦးဖြင့် မီးဘေးလုံခြုံရေးစစ်ဆေးခြင်းကို ဖေဖော်ဝါရီ ၁၉ ရက် နံနက်ပိုင်းက ဆောင်ရွက်စဉ်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

# ရုရှား-ယူကရိန်းအရေး အဆုံးသတ်ရေးအတွက် အမေရိကန်နှင့်ရုရှား နှစ်နိုင်ငံစေ့စပ်ညှိနှိုင်းသူများ ရွေးချယ်ခန့်အပ်ရန် သဘောတူ

ဝါရှင်တန် ဖေဖော်ဝါရီ ၁၉

ရုရှား–ယူကရိန်းအရေး အဆုံးသတ်ရေးအတွက် အမေရိကန်နှင့်ရုရှား နှစ်နိုင်ငံစေ့စပ်ညှိနှိုင်းသူများကို ရွေးချယ်ခန့်အပ်ရန် သဘောတူခဲ့ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီရိုက ပြောကြားသည်။

ရုရှားနှင့် အမေရိကန် နှစ်နိုင်ငံအဆင့်မြင့် သံတမန်များသည် ဆော်ဒီအာရေဗျနိုင်ငံ ရီယာ့ဒ်မြို့တော်၌ ဖေဖော်ဝါရီ ၁၈ ရက်တွင် တွေ့ဆုံခဲ့ကြောင်း သိရသည်။

ယူကရိန်းအရေးနှင့်ပတ်သက်ပြီး ရုရှားနှင့် အမေရိကန် တာဝန်ရှိသူများကြား ပထမဆုံး တရားဝင်တွေ့ဆုံမှုဖြစ်သည်။ ဆွေးနွေးပွဲများသို့ ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့ဗ်လည်း တက်ရောက်ခဲ့သည်။

ဝါရှင်တန်နှင့် မော်စကိုရှိ ၎င်းတို့၏သံရုံးများတွင် ဝန်ထမ်းများကို ပြန်လည်ခေါ်ယူရန် ရုရှားနှင့်အမေရိကန်တို့ သဘောတူညီခဲ့ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီရိုက ပြောကြားသည်။

အမေရိကန်ဘက်မှ စေ့စပ်ညှိနှိုင်းသူများ၏ ရာထူးနှင့် အဆင့်သတ်မှတ်ချက်များကို ထုတ်ပြန်ကြေညာပြီးနောက် ရုရှားစေ့စပ်ညှိနှိုင်းသူများကို ခန့်အပ်သွားမည်ဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့ဗ်က ပြောသည်။

အမေရိကန်–ရုရှား နှစ်နိုင်ငံထိပ်သီးအစည်းအဝေးကို ယခုလကုန်ပိုင်းတွင် ကျင်းပနိုင်ဖွယ်ရှိကြောင်း သိရသည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် လိုအပ်ပါက ယူကရိန်းသမ္မတ ဇီလန်စကီးနှင့် စေ့စပ်ညှိနှိုင်းရန် အဆင်သင့်ဖြစ်နေကြောင်း ကရင်မလင်ပြောခွင့်ရပုဂ္ဂိုလ် ဒီမီထရီ ပီစကော့ဗ်က ပြောကြားသည်။ **ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အောင်ကျော်ကျော်**





## အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရန် အသင့်ရှိကြောင်း ဟားမတ်စ်ပြောကြား

ဂျေရုဆလင် ဖေဖော်ဝါရီ ၁၉

ဂါဇာဒေသတွင် ဒုတိယနှင့် တတိယအဆင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များကို အကောင်အထည်ဖော်ဆောင်ရွက်သွားရန် အသင့်ရှိကြောင်း ဟားမတ်စ်အဖွဲ့က ယမန်နေ့တွင် ပြောကြားသည်။

သို့ရာတွင် ဂါဇာဒေသမှ ဟားမတ်စ်အဖွဲ့ ထွက်ခွာသွားရေးနှင့် လက်နက်ချရေးဆိုင်ရာအစ္စရေးဝန်ကြီးချုပ်နေတန်ယာဟု၏ တောင်းဆိုချက်များကို လက်မခံကြောင်း ဟားမတ်စ်အဖွဲ့ပြောရေးဆိုခွင့် ရှိသူ ဟေဇန်ကွာဇန်က ပြောကြားသည်။ အပစ်အခတ်ရပ်စဲရေး ဆက်လက်ဆောင်ရွက်ရန် ၎င်း၏ဆုံးဖြတ်ချက်ကို အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက အစိုးရအဖွဲ့အား အသိပေးပြောကြားခဲ့သည်ဟု အစ္စရေးအသံလွှင့်ဌာနက ပြောကြားသည်။

ဂါဇာဒေသတွင် ထိန်းသိမ်းခံထားရသော ဓားစာခံခြောက်ဦးကို ဟားမတ်စ်က ထပ်မံလွှတ်ပေးရန် သဘောတူခဲ့ကြောင်း အစ္စရေးဝန်ကြီးချုပ်ရုံးက ယမန်နေ့တွင် ပြောကြားခဲ့သည်။

အီဂျစ်နိုင်ငံမြို့တော် ကိုင်ရိုတွင် တွေ့ဆုံဆွေးနွေးပြီးနောက် ၎င်းသဘောတူညီချက်ရရှိခဲ့ကြောင်း အဆိုပါရုံး၏ထုတ်ပြန်ချက်အရ သိရသည်။

ဂါဇာဒေသပြန်လည်ထူထောင်ရေးအတွက် မြေတူးစက်များနှင့် ထရပ်ကားများကို ရာဖာနယ်စပ်ဖြတ်ကျော်ရေးစခန်းမှတစ်ဆင့် အစ္စရေးက ဂါဇာဒေသအတွင်းသို့ ယမန်နေ့တွင် ဝင်ခွင့်ပြုခဲ့သည်။

အဆိုပါယာဉ်များကို အခြေခံအဆောက်အအုံများ ပြန်လည်တည်ထောင်ရေးနှင့် အပျက်အစီးရှင်းလင်းရေးတို့တွင် အသုံးပြုမည်ဟု ဟားမတ်စ်အဖွဲ့ကပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

## ဗီယက်နမ်အမျိုးသားလွှတ်တော်က လာအိုကိုင်-ဟန္နိုင်း-ဟိုင်ဖန် မီးရထားလမ်းစီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမှု အတည်ပြု

ဟန္နိုင်း ဖေဖော်ဝါရီ ၁၉

ဗီယက်နမ်အမျိုးသားလွှတ်တော်သည် လာအိုကိုင်–ဟန္နိုင်း–ဟိုင်ဖန် မီးရထားလမ်းစီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမှုကို အတည်ပြုခဲ့ကြောင်း ဗီယက်နမ်သတင်းအေဂျင်စီက ယနေ့ပြောကြားသည်။

ဗီယက်နမ်အစိုးရ၏အဆိုပြုချက်အရ ပင်မမီးရထားလမ်းသည် ခန့်မှန်းခြေအားဖြင့် ၃၉၀ ဒသမ ၉ ကီလိုမီတာ ရှည်လျားမည်ဖြစ်ကြောင်း သိရသည်။

ရထားလမ်းသည် လာအိုကိုင်၊ ယမ်းဘိုင်၊ ဖူသို၊ ဗင်းဖော့၊ ဟန္နိုင်း၊ ဘတ်နင်း၊ ဟွန်ယမ်း စသည့် ပြည်နယ်ခုနစ်ခုနှင့် မြို့နှစ်မြို့ဖြစ်သည့် ဟိုင်ဒွန်းနှင့် ဟိုင်ဖန်မြို့ တို့ကို ဖြတ်သန်းသွားမည်ဖြစ်သည်။

တစ်နာရီလျှင် ကီလိုမီတာ ၈၀ မှ ၁၆၀ အထိ အမြန်နှုန်းဖြင့် မောင်းနှင်နိုင်ရန် ဒီဇိုင်းရေးဆွဲထားသည်။

အဆိုပါစီမံကိန်းသည် အထူးသဖြင့် ဗီယက်နမ်နှင့် တရုတ်နိုင်ငံတို့ကြား ပြည်တွင်းနှင့် နိုင်ငံတကာသယ်ယူပို့ဆောင်ရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်အတွက် ခေတ်မီရထားလမ်းတစ်ခု တည်ဆောက်ရန် ရည်ရွယ်ထားခြင်းဖြစ်သည်။

ရထားလမ်းသည် လာအိုကိုင်–ဟန္နိုင်း–ဟိုင်ဖန် စီးပွားရေးစင်္ကြံတစ်လျှောက် ရေရှည်တည်တံ့သော လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကမောင်းနှင်အားဖြစ်လာမည်ဟု မျှော်လင့်ရသည်။

အဆိုပါစီမံကိန်းကို ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုပုံစံဖြင့် တည်ဆောက်သွားမည်ဖြစ်ပြီး ကနဦးရင်းနှီးမြှုပ်နှံမှုမှာ ဗီယက်နမ်ဒေါင် ၂၀၃ ဒသမ ၂ ထရီလီယံ (အမေရိကန်ဒေါ်လာ ၈ ဒသမ ၃၆၉ ဘီလီယံခန့်) ရှိကြောင်း ဗီယက်နမ် သယ်ယူပို့ဆောင်ရေးဝန်ကြီး ထရန်ဟွန်မင်က ပြောကြားသည်။

ရထားလမ်းစီမံကိန်းအတွက် အဆိုပြုထားသည့်ရန်ပုံငွေများကို နိုင်ငံတော်ဘတ်ဂျက်၊ ပြည်တွင်းမတည်ငွေ၊ နိုင်ငံခြားအရင်းအနှီးနှင့် အခြားတရားဝင် ရင်းနှီးမြှုပ်နှံမှုတို့မှ ရရှိမည်ဖြစ်ကြောင်း ဗီယက်နမ်သတင်းအေဂျင်စီက သတင်းဖော်ပြသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**

## ဂါနာနိုင်ငံ၌ ကာလဝမ်းရောဂါဖြစ်ပွားမှုကြောင့် အနည်းဆုံး ၄၉ ဦး သေဆုံးပြီး ကူးစက်ခံရသူ ၇၁၉ ဦးရှိ





အက်ကရာ ဖေဖော်ဝါရီ ၁၉

ဂါနာနိုင်ငံ၌ ကာလဝမ်းရောဂါဖြစ်ပွားမှုကြောင့် အနည်းဆုံး ၄၉ ဦး သေဆုံးပြီး ကူးစက်ခံရသူ ၇၁၉ ဦး ရှိကြောင်း ကျန်းမာရေးဝန်ကြီး ကွာဘီနာမင်တက်အာကန်ဒိုရှ်က ယမန်နေ့တွင် ပြောကြားသည်။

၂၀၂၄ ခုနှစ် အောက်တိုဘာလတွင် ဂရိတ်တားအက်ကရာဒေသ၌ ကာလဝမ်းရောဂါစတင်ဖြစ်ပွားခဲ့ပြီး အခြားဒေသလေးခုသို့ ပျံ့နှံ့လျက်ရှိကြောင်း နိုင်ငံ၏လက်ရှိကျန်းမာရေး အရေးပေါ်အခြေအနေနှင့်ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီး ကွာဘီနာမင်တက်အာကန်ဒိုရှ်က ပါလီမန်တွင် ရှင်းလင်းပြောကြားခဲ့သည်။

လက်ရှိတွင် နိုင်ငံတစ်ဝန်း၌ ရောဂါသံသယရှိသူ ၆၁၅၄ ဦးအနက် ၇၁၉ ဦးကို အတည်ပြုနိုင်ခဲ့ပြီး သေဆုံးသူ ၄၉ ဦးရှိသည်။

ကျန်းမာရေးအာဏာပိုင်များသည် ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းစဉ်များကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နိုင်ငံ၏ အလယ်ပိုင်းဒေသတွင် စိုးရိမ်စရာအခြေအနေများရှိသော်လည်း ကာလဝမ်းရောဂါ အသစ်ထပ်မံကူးစက်ခံရသူအရေအတွက် လျော့ကျခဲ့ကြောင်း သိရသည်။ အလားတူ ရောဂါပြင်းထန်စွာ ဖြစ်ပွားခဲ့သည့် အာဂိုနာဝက်စ်နှင့် ဖူတူခရိုင်တို့၌လည်း ရောဂါအသစ်ထပ်မံကူးစက်ခံရသူအရေအတွက် လျော့ကျလာကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ရောဂါကူးစက်ခံရသူအရေအတွက် လျော့ကျလာခြင်းမှာ ကျန်းမာရေးဝန်ထမ်းများနှင့် ဂါနာနိုင်ငံ၏ နိုင်ငံတကာလုပ်ဖော်ကိုင်ဖက်များ၏ ကြိုးစားအားထုတ်မှုကြောင့်ဖြစ်ကြောင်း ၎င်းက မှတ်ချက်ပြုပြောကြားသည်။

ကာလဝမ်းရောဂါဆိုင်ရာ ရပ်ရွာလူထုအသိပညာပေး လှုပ်ရှားမှုများနှင့်အတူ ဒေသအနှံ့အပြားတွင် ကုသရေးဌာနများ ဖွင့်လှစ်ထားကြောင်း ကျန်းမာရေးဝန်ကြီး ကွာဘီနာမင်တက်အာကန်ဒိုရှ်က ပြောသည်။

ဖေဖော်ဝါရီ ၁၄ ရက်တွင် ဂါနာကျန်းမာရေးဝန်ကြီးဌာနသည် ကာလဝမ်းရောဂါ ကာကွယ်ဆေးတိုက်ကျွေးခြင်းအစီအစဉ်ကို စတင်ခဲ့ပြီး ရောဂါဖြစ်ပွားနိုင်ခြေမြင့်မားသော ဒေသများသို့ ကာကွယ်ဆေးများ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အောင်ကျော်ကျော်**

## ယူအေအီးနိုင်ငံ၌ အမျိုးသားကာကွယ်ရေးပြပွဲကျင်းပ

**အဘူဒါဘီ ဖေဖော်ဝါရီ ၁၉**

အမျိုးသားကာကွယ်ရေးပြပွဲကို ယူအေအီးနိုင်ငံ၌ ယမန်နေ့က စတင်ပြသခဲ့ကြောင်း ဆင်ဟွာသတင်းအရ သိရသည်။

ယင်းပြပွဲတွင် ရေတပ်မတော်နှင့် ပင်လယ်ရေကြောင်းလုံခြုံရေးဆိုင်ရာ ပစ္စည်းကိရိယာများကို ပြသခဲ့သည်။

နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို မြှင့်တင်ရန် ကျင်းပသည့် ယခုပြပွဲတွင် နိုင်ငံပေါင်း ၆၅ နိုင်ငံမှကာကွယ်ရေးပစ္စည်းထုတ်လုပ်သည့် ကုမ္ပဏီ ၁၅၆၅ ခုတို့က ပြသခဲ့သည်။

အဆိုပါပြပွဲတွင် တရုတ်နိုင်ငံမှ ကာကွယ်ရေးပစ္စည်းထုတ်လုပ်သည့် ကုမ္ပဏီများက ရေငုပ်သင်္ဘောများ၊ ရေတပ်တိုက်ခိုက်ရေးယာဉ်များ၊ လေကြောင်းနှင့် အာကာသဆိုင်ရာ ခေတ်မီကာကွယ်ရေးကိရိယာများကို ပြသခဲ့သည်။

ယခုပြပွဲသည် ကမ္ဘာလုံးဆိုင်ရာကာကွယ်ရေးပစ္စည်း ထုတ်လုပ်ရေးလုပ်ငန်း မြှင့်တင်ရေးအတွက် အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်နေကြောင်း ယူအေအီးသမ္မတ ရှိတ်မိုဟာမက် ဗင်ဇေယက်အယ်လ်နယန်က ပြောကြားသည်။ ပြပွဲတွင် ဆိုက်ဘာလုံခြုံရေး၊ အာကာသလုံခြုံရေးနှင့် ဉာဏ်ရည်တုနည်းပညာကဏ္ဍများကိုလည်းပြသခဲ့သည်။

**ကိုးကား –ဆင်ဟွာ**
**ဘာသာပြန်–စိုးသူရ**



# တရားမဝင်လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ဆိုင်ကယ်များနှင့်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဖေဖော်ဝါရီ ၁၉

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၈ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြိတ်မြို့ နောက်လယ်ရပ် နောက်လယ်(၁၂)လမ်းရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်တင်သွင်းခွင့်အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၆၀၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၂၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၀၂၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မကွေးမြို့ မြို့အဝင်စစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Yamaha ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား(မန္တလေး) စစ်ဆေးရေးဂိတ်၌ ရန်ကုန်မြို့မှ ရွှေဘိုမြို့သို့ သွားရောက်မည့် ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းခြောက်မျိုး၊ လူသုံးကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေ ၇၈၀၀၃၉၂ကျပ်)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေ ၄၅၈၀၀၃၉၂ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျုံမငေးမြို့နယ်နှင့် ပန်းတနော်မြို့နယ်တို့၌ လိုင်စင်မဲ့ဆိုင်ကယ်သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၅၀၀၀၀) ကိုလည်းကောင်း၊ ပုသိမ်မြို့နယ် အမှတ်(၃)ရပ်ကွက်၌ လိုင်စင်မဲ့ Toyota Crown ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၂၅၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျိုင်းတုံမြို့ မြို့ရှောင်လမ်း ကျိုင်းဖောင်းရွာအနီး၌ ကျိုင်းတုံမြို့မှ တောင်ကြီးမြို့သို့ သွားရောက်မည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၀၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



တနင်္သာရီတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မရမ်းချောင်းအမြဲတမ်းစစ်ဆေးရေးစခန်း၌ သာမညမှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉၆၇၂၅၀နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Zhong Tong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀) ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာလေးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၈၁၆၀၀၀၀) ကိုလည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာလေးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၉၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၃၁၂၇၂၅၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီ ၁၈ ရက်တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၇ မှု (ခန့်မှန်းတန်ဖိုးငွေ ၆၄၇၇၉၇၆၄၂ ကျပ်) ကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ထိခိုက်နစ်နာမှုနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းတို့ဖြစ်ပေါ်စေပြီး နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေသည်။ သို့ဖြစ်၍ ဆိပ်ကမ်းများနှင့် နယ်စပ်ဒေသများမှ တရားမဝင် ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# ချောင်းဦး၊ ငါန်းဇွန်နှင့် မတ္တရာမြို့နယ်တို့တွင် လုံခြုံရေးအဖွဲ့ဝင်များက လက်နက်ကြီး၊ လေကြောင်းတိုက်ခိုက်မှုများကြောင့် ပြည်သူနှစ်ဦးသေဆုံးပြီး သာသနိကအဆောက်အအုံများ ပျက်စီးခဲ့ကြောင်း မဟုတ်မမှန်လုပ်ကြံဝါဒဖြန့်လျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၉

စစ်ကိုင်း တိုင်းဒေသကြီး ချောင်းဦးမြို့နယ်၊ မန္တလေး တိုင်းဒေသကြီး ငါန်းဇွန်မြို့နယ်နှင့် မတ္တရာမြို့နယ်တို့တွင် လုံခြုံရေး တပ်ဖွဲ့ဝင်များက ဖေဖော်ဝါရီ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်းနှင့် လေကြောင်း တိုက်ခိုက်မှုများကြောင့် ပြည်သူများ ထိခိုက်သေဆုံးပြီး သာသနိကအဆောက်အအုံများ ပျက်စီးခဲ့ကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်လုပ်ကြံ ဝါဒဖြန့်ဝေ




လျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ မြို့နယ်များမှ လုံခြုံရေး တာဝန်ရှိသူများ၏ ပြောကြားချက်အရ အဆိုပါမြို့နယ်များအတွင်း လုံခြုံရေး တပ်ဖွဲ့ဝင်များ၏ လက်နက်ကြီး ကျည်ကျရောက်ပေါက်ကွဲမှုကြောင့် ပြည်သူများ သေဆုံးပြီး သာသနိကအဆောက်အအုံများ ပျက်စီးသည်ဆိုသည့် သတင်းမှာ သတင်းအမှားသာဖြစ်ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အဆိုပါမြို့နယ်များအား ပစ်ခတ်တိုက်ခိုက်မှု တစ်စုံတစ်ရာမရှိကြောင်း၊ အကြမ်းဖက် သမားများက အဆိုပါမြို့နယ်အတွင်း တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန် ကျေးရွာများကို လက်နက်ကြီးများ၊ ဒရုန်းများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့်အတွက် အပြစ်မဲ့ပြည်သူများ ထိခိုက်သေဆုံးပြီး သာသနိကအဆောက်အအုံများ၊ လူနေအိမ်များ ပျက်စီးဆုံးရှုံးရခြင်းများ ရှိခဲ့သည်။

တရားမဝင် ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ၏ ယုတ်မာရက်စက်သည့် လုပ်ရပ်များကို ဖုံးကွယ်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန် ယခုကဲ့သို့ အခြေအမြစ်မရှိသည့် သတင်းဓာတ်ပုံများကို အသုံးပြု၍ ရေးသားဖြန့်ဝေနေခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၀-၂-၂၀၂၅ ကြာသပတေးနေ့

### MRTV HD

၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော်(ဓဇဂ္ဂသုတ်)
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၄၀ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပိဿနိုးရှေးဟောင်းယဉ်ကျေးမှုနယ်မြေ
၀၉:၁၀ NRC အစီအစဉ်
၀၉:၂၀ ချင်းအမျိုးသားနေ့ဂုဏ်ပြုတေး
၁၀:၃၅ ချင်းအမျိုးသားနေ့ဂုဏ်ပြုအစီအစဉ် 'ဗိတိုရိယတောင်(ခေါ်)ခေါ်နူးစုပ်'
၁၁:၄၀ NEXT LEVEL
၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဆုတောင်းပြည့်ကြယ်တာရာစတားလား' (အပိုင်း-၅၃)
၁၃:၃၀ MRTV National News
၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'အလင်းဖမ်းသူများ' (အပိုင်း-၁၆)
၁၄:၄၅ ချင်းအမျိုးသားနေ့ဂုဏ်ပြုအစီအစဉ်
၁၆:၄၀ ချင်းအမျိုးသားနေ့ဂုဏ်ပြုအစီအစဉ် ချင်းရိုးရာတူရိယာများ
၁၇:၁၀ Soccer View
၁၇:၃၀ လူမှုစီးပွားသတင်းများ
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၅ ပြည်ချစ်သားမွန်တေးသဂင်္ဂါ
၁၈:၄၅ ချင်းအမျိုးသားနေ့ဂုဏ်ပြုတေး
၁၉:၁၀ မြန်မာဇာတ်လမ်းတွဲ 'ပန်းမျိုးသည်လက်' (အပိုင်း-၂)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ ပြည်ချစ်သားမွန်တေးသဂင်္ဂါ
၂၁:၁၀ သံစဉ်ချိုမြမြန်မာတေးအလှ
၂၁:၂၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'အလင်းဖမ်းသူများ' (အပိုင်း-၁၇)
၂၂:၁၀ ရုပ်မြင်သံကြားဇာတ်လမ်း

### mitv

07:02 Evergreen Classic: Dhamma Set Taw (Sein Lei Lei)
07:08 The Greatest Traditional Custom
07:42 Ecotourism: Naga Traditional Customs
08:01 News
08:27 Celebration of Chin National
08:31 Topics Potpourri; Navigating the Eye of the Storm
08:37 Healthy Diet: Keto Diet
08:47 May Fragrance of Flower Last Forever
09:01 Traditional Chin Clothes
09:07 Myanmar Athelete Nyein Chan
09:30 Patchwork Bags
10:01 News

### Me

၀၆:၀၀ အဖွင့်၊ ဓမ္မပူဇာတေးသီချင်းများ
၀၆:၂၀ တိုင်းရင်းသားသီချင်း၊ အက(မွန်)
၀၆:၄၅ မြန်မာသံစဉ်တေးသီချင်းများ
၀၇:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'လေနှင်ရာခရီး' (အပိုင်း-၁၅)
၀၈:၀၀ စတီရီယိုတေးသီချင်းများ
၀၈:၂၅ ဆိုင်းအဖွဲ့လိုက်အတီးပြိုင်ပွဲ 'ရန်ကုန်တိုင်းဒေသကြီး'
၀၈:၅၅ ဇာတ်လမ်းတို 'ကွဲအက်သွားသောဖန်ခွက်ကလေး'
၀၉:၀၅ နိုင်ငံခြားတေးသီချင်းများ
၀၉:၂၅ စတီရီယိုတေးသီချင်းများ
၀၉:၅၀ မြန်မာရုပ်ရှင် 'ဖြူပြည်းသားစိုးလ်ဒေါင်ဒင်'

### MRTV NRC

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)**
ခေါင်လန်ဖူးသို့အလည်တစ်ခေါက်(အပိုင်း-၄)

**ကယား (၀၈:၀၀ မှ ၁၀:၀၀)**
သဘာဝအလှတရားရှိရာထီးစဲခါးရေတံခွန်ဆီ

**စကောကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ဆီးချိုသွေးချိုရောဂါအကြောင်းသိကောင်းစရာ

**အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)**
ကရင်ငါးဆုပ်ဆန်လှော်ဟင်းနှင့်ဆန်လှော်ကြော်

**အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)**
စာပေစကားပြောကြရအောင်(အပိုင်း-၂)

**ချင်း(လိုင်ဇိုး) (၁၃:၀၀ မှ ၁၄:၀၀)**
တောင်ကြာပန်းများပျော်စံရာဇိန်မှုတောင်

**ချင်း(ချိုး) (၁၄:၀၀ မှ ၁၅:၀၀)**
ရှေးခေတ်ချင်း(ချိုး)တို့၏မေတ္တာမျှတေး

**မွန် (၁၅:၀၀ မှ ၁၇:၀၀)**
ထန်းပင်၏တန်ဖိုး

**ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)**
ထုတ္တန့်သိမ်ပုထိုးတော်ကြီး

**ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)**
ဆံပင်ကျွတ်ခြင်းကိုကာကွယ်ကုသနည်း

**ဝ (၂၁:၀၀ မှ ၂၃:၀၀)**
ကျိုင်းတုံမြို့(၇)ထပ်ရေတံခွန်သို့အလည်တစ်ခေါက်

### MRTV NEWS

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၄:၀၀ MRTV National News
၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
၁၉:၄၅ ပင်လယ်ရေညှိစိုက်ပျိုးရေး
၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)

### MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'ထိုင်းနိုင်ငံ'
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ငွေငွေငွေးချယ်မှု'
၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'ဗီယက်နမ်နိုင်ငံ'
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း 'အင်ဒိုနီးရှားနိုင်ငံ'
၁၁:၃၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၅၂)

### MRTV FARMERS' HD

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
၀၆:၃၀ 'သုတပဒေသာစိုက်ပျိုးနည်းပညာ' ကြံအထွက်နှုန်းတိုးစေဖို့မျိုးကောင်းမျိုးသန့်သုံးကြစို့
၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
၁၉:၀၀ The Planet/Love in the city Program
၂၀:၀၀ တောလယ်မောတယ်ချစ်မယ် (ဇာတ်လမ်း)
၂၂:၀၀ Puss In Boots The Last Wish (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS HD

၀၆:၀၀ အဖွင့်
၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
၀၆:၄၅ Sports Diary
၀၇:၄၀ Weekly Soccer Preview
၁၇:၀၀ အားကစားသတင်း
၂၀:၀၀ မြန်မာနေရှင်နယ်လိဂ်ဘောလုံးပြိုင်ပွဲ (Replay) (Shan United FC Vs Rakhine United FC)

Scan Here

MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉း၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# မန္တလေးတိုင်းဒေသကြီးအတွင်း အပြစ်မဲ့ပြည်သူများအား ဒလန်ဟုစွပ်စွဲ၍ လုပ်ကြံသတ်ဖြတ်ခဲ့သည့် MDY PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များအား လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ

ချမ်းမြသာစည်မြို့နယ် ထွန်တုံးရပ်ကွက်တွင် တရားခံများအား လက်နက်/ခဲယမ်း၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှု အခြေအနေ




**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

နိုင်ငံတော်အစိုးရမှ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် နိုင်ငံ့ဝန်ထမ်းများအပါအဝင် အပြစ်မဲ့ ပြည်သူများအား အဓိကပစ်မှတ်ထား၍ လုပ်ကြံသတ်ဖြတ်ခြင်း၊ အများပြည်သူနှင့် သက်ဆိုင်သော နေရာများအား ဖောက်ခွဲဖျက်ဆီးခြင်း၊ အများပြည်သူပိုင်ပစ္စည်းများအား ခိုးပြတိုက်လုယက်ခြင်း စသည့် အကြမ်းဖက်လုပ်ငန်းများကို နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် အောင်သာယာရပ်ကွက် အိမ်အမှတ်(၈၀) နေ ရာအိမ်မှူး ဦးဝင်းဦးသည် နေအိမ်အနီးရှိ "အောင်ကျော်စိုး" ကွမ်းယာဆိုင်ရှေ့၌ ထိုင်နေစဉ် (စိစစ်ဆဲ)ကျား နှစ်ဦးမှ ဆိုင်ကယ်တစ်စီးဖြင့် ရောက်ရှိလာပြီး ပစ္စတိုဖြင့် နှစ်ချက်ပစ်ခတ်ထွက်ပြေးသွားခဲ့သောကြောင့် ရာအိမ်မှူး ဦးဝင်းဦးသည် လည်ပင်း ကျည်ဖောက်ဝင်ဒဏ်ရာဖြင့် သေဆုံးခဲ့သည့်ဖြစ်စဉ် ဖြစ်ပွားခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက တရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်မှုကို မလိုလားသော ပြည်သူများ၏ ပူးပေါင်းပါဝင် သတင်းပေးမှုများကြောင့် ဖေဖော်ဝါရီ ၂ ရက်နံနက်ပိုင်းတွင် ချမ်းမြသာစည်မြို့နယ် ထွန်တုံးရပ်ကွက် ၁၁၃ လမ်း၊ ၄၈ x ၄၉ လမ်းကြားတွင် တရားခံ နန်းဝင်းစိုး(ခ)နိုင်ဝင်းစိုး (၃၈)နှစ်နှင့် မင်းခန့် (ခ)ဂူးဂူး(၂၀)နှစ်တို့ နှစ်ဦးအား နေအိမ်အတွင်းမှ ၉ မမကျည် တစ်တောင့်နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ အဆိုပါနေ့ နံနက်ပိုင်းတွင် ချမ်းမြသာစည်မြို့နယ် ထွန်တုံးရပ်ကွက် ၁၁၃ လမ်း၊ ၄၇ x ၄၈ လမ်းကြားနေ ဆက်စပ်တရားခံဖြစ်သူ အောင်အောင် (ခ)အောင်လေး (၃၆)နှစ်အား လက်လုပ်ပစ္စတို လေးလက်၊ ၉ မမကျည် ၁၇ တောင့်၊ MG1 ပလတ်စတစ် လက်ပစ်ဗုံး ၁၁ လုံး၊ 91 လက်ပစ်ဗုံး တစ်လုံး၊ တရုတ်လက်ပစ်ဗုံး တစ်လုံးတို့နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

တရားခံ နန်းဝင်းစိုး(ခ)နိုင်ဝင်းစိုး၏ ထွက်ဆိုချက်အရ ဖေဖော်ဝါရီ ၃ ရက် ညနေပိုင်းတွင် စဉ့်ကိုင်မြို့နယ် ဆယ့်နှစ်ကိုင်းကျေးရွာရှိ ပူးပေါင်းစစ်ဆေးရေး ဂိတ်တွင် ဆက်စပ်တရားခံ ဇော်ဇော်ထွန်း (ခ)ဇော်သက်(ခ)ဖက်တီး(၂၈)နှစ် မြနန္ဒာရပ်ကွက် ပလိပ်မြို့နေသူအားလည်းကောင်း၊ တရားခံ ဇော်ဇော်ထွန်း(ခ) ဇော်သက်(ခ) ဖက်တီး၏ ထွက်ဆိုချက်အရ ဖေဖော်ဝါရီ ၅ ရက် နံနက်ပိုင်းတွင် ထွန်းထွန်းမြင့် (၅၀)နှစ် ကျွဲနဖားကျေးရွာ စဉ့်ကိုင်မြို့နယ်နေသူအား လည်းကောင်း၊ ဖေဖော်ဝါရီ ၆ ရက် ညနေပိုင်းတွင် တရားခံ သူရိန်ထွန်း(၂၆)နှစ် အကွက်အမှတ်(၅၀၁) ကျွန်းလုံးဥသျှောင်ရပ်ကွက် ချမ်းမြသာစည်မြို့နယ် နေသူအားလည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း အပြစ်မဲ့ပြည်သူများအား အကြောင်းမဲ့ လုပ်ကြံသတ်ဖြတ်ခဲ့သည့် တရားခံ ကျားခြောက်ဦးတို့အား လက်လုပ်ပစ္စတိုသေနတ် လေးလက်၊ ၉ မမ ကျည် ၁၈ တောင့်၊ လက်ပစ်ဗုံးမျိုးစုံ ၁၃ လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ ၂၀၂၂ ခုနှစ် ဩဂုတ်လတွင် MDY PDF အကြမ်းဖက်အဖွဲ့ဝင် ဖမ်းဆီးရန် ကျန်တရားခံ မင်းသန့်ကျော်(ခ)ဝင်းထွန်း (ခ)ဖောင်းဒိုင်းနှင့် ရင်းနှီးခဲ့ကာ မင်းသန့်ကျော်(ခ) ဝင်းထွန်း(ခ) ဖောင်းဒိုင်း၏ စေခိုင်းမှုဖြင့် မန္တလေးမြို့အတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လက်လုပ်ပစ္စတိုသေနတ် လေးလက်၊ ၉ မမ ကျည် ၃၁ တောင့်၊ လက်ပစ်ဗုံး ၁၅ လုံးတို့အား ယူဆောင်ခဲ့ပြီး အောင်အောင် (ခ)အောင်လေး၏ နေအိမ်တွင် သိမ်းဆည်းထားခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ MDY PDF အကြမ်းဖက်အဖွဲ့ဝင်မင်းသန့်ကျော် (ခ)ဝင်းထွန်း (ခ)ဖောင်းဒိုင်း၏ စေခိုင်းမှုဖြင့် မန္တလေးမြို့နှင့် စဉ့်ကိုင်မြို့တို့အတွင်း အပြစ်မဲ့ ပြည်သူများအား ဒလန်ဟုစွပ်စွဲ၍ လုပ်ကြံသတ်ဖြတ်မှု ကိုးကြိမ်နှင့် ဖောက်ခွဲဖျက်ဆီးမှု နှစ်ကြိမ် ကျူးလွန်ခဲ့ကြောင်း-

(က) ၂၀၂၄ ခုနှစ် ဧပြီ ၂၇ ရက်တွင် စဉ့်ကိုင်မြို့နယ် ဥယျာဉ်ကြီးကျေးရွာအဝင်ရှိ တံတားပေါ်၌ အပြစ်မဲ့ပြည်သူ ဦးအောင်ဝင်းအား နန်းဝင်းစိုး(ခ)နိုင်ဝင်းစိုးနှင့် အောင်အောင်(ခ)အောင်လေးတို့ နှစ်ဦးက ပစ္စတိုသေနတ်ဖြင့် လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း။

(ခ) ဇွန် ၂၉ ရက်တွင် ချမ်းမြသာစည်မြို့နယ် သံလျှက်မော်တောင်ရပ်ကွက်ရှိ ရာအိမ်မှူး ဦးဖိုးကျော်အား နန်းဝင်းစိုး(ခ) နိုင်ဝင်းစိုး၊ အောင်အောင်(ခ) အောင်လေးတို့က သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့ပြီး သူရိန်ထွန်းမှ အခြေအနေကြည့်ရှုပေးခဲ့ကြောင်း။

(ဂ) ဇူလိုင် ၄ ရက်တွင် ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥသျှောင်ရပ်ကွက်ရှိ "ငွေစန္ဒာ" လက်ဖက်ရည်ဆိုင်၌ ရာအိမ်မှူး ဦးတင်လင်းအား နန်းဝင်းစိုး(ခ)နိုင်ဝင်းစိုးနှင့် အောင်အောင်(ခ)အောင်လေးတို့က သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့ရာတွင် သူရိန်ထွန်းက အခြေအနေကြည့်ရှုပေးခဲ့ကြောင်း။

(ဃ) ဇူလိုင် ၁၄ ရက်တွင် အမရပူရမြို့နယ် မှန်တန်းရပ်ကွက် စစ်ကိုင်း-မန္တလေး ကားလမ်းဗားကရာကွေ့၌ အမရပူရမြို့နယ် သာလေစွကျေးရွာ ရာအိမ်မှူး ဦးကျော်စိန်အား နန်းဝင်းစိုး(ခ) နိုင်ဝင်းစိုးနှင့် အောင်အောင် (ခ) အောင်လေးတို့ နှစ်ဦးက ပစ္စတိုသေနတ်ဖြင့် လုပ်ကြံသတ်ဖြတ်ခဲ့ပြီး ဇော်ဇော်ထွန်း(ခ) ဇော်သက်(ခ)ဖက်တီးက အခြေအနေကြည့်ရှုပေးခဲ့ကြောင်း။

(င) အောက်တိုဘာ ၁၃ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ်၊ (စ) ရပ်ကွက် ၁၂၅ လမ်းနှင့် ၆၂ လမ်းထောင့်၌ ယာဉ်စည်းကမ်း/လမ်းစည်းကမ်းစစ်ဆေးခြင်းများ ဆောင်ရွက်နေသော ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များအား နန်းဝင်းစိုး (ခ) နိုင်ဝင်းစိုးနှင့် အောင်အောင် (ခ)အောင်လေးတို့ နှစ်ဦးက ပစ္စတိုသေနတ်ဖြင့် လုပ်ကြံသတ်ဖြတ်ခဲ့ပြီး ဇော်ဇော်ထွန်း (ခ)ဇော်သက် (ခ)ဖက်တီးက အခြေအနေကြည့်ရှုပေးခဲ့ကြောင်း။

(စ) ဒီဇင်ဘာ ၆ ရက်တွင် အမရပူရမြို့နယ် အောင်မင်္ဂလာရပ် မြစ်ငယ်ရပ်ကွက် ရာအိမ်မှူး ဦးဇော်သူရထွန်းအား နန်းဝင်းစိုး (ခ)နိုင်ဝင်းစိုးနှင့် အောင်အောင်(ခ) အောင်လေးတို့က ပစ္စတိုသေနတ်ဖြင့် လုပ်ကြံသတ်ဖြတ်ခဲ့ပြီး ဇော်ဇော်ထွန်း(ခ) ဇော်သက်(ခ) ဖက်တီးက အခြေအနေကြည့်ရှုပေးခဲ့ကြောင်း။

(ဆ) ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် မြစ်ငယ်မြို့ ရန်ကင်းရပ် စစ်ကိုင်း-မြစ်ငယ်သွားကားလမ်းဘေး ရပ်ကွက်ရုံးအနီး၌ ရန်ကင်းရပ်ကွက် ရစဖမှူး ဦးစောနေထွန်းအား ဒလန်ဟုစွပ်စွဲ၍ နန်းဝင်းစိုး (ခ)နိုင်ဝင်းစိုးနှင့် အောင်အောင် (ခ)အောင်လေးတို့က ပစ္စတိုသေနတ်ဖြင့် လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း။

စာမျက်နှာ ၁၆ သို့



ချမ်းမြသာစည်မြို့နယ် ထွန်တုံးရပ်ကွက်တွင် တရားခံနှင့်အတူ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်း၊ ဆက်စပ်ပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံ။



၂၉-၆-၂၀၂၄ ရက်တွင် ချမ်းမြသာစည်မြို့နယ် သံလျှက်မော်တောင်ရပ်ကွက်တွင် အကြမ်းဖက်သူများ၏ သတ်ဖြတ်မှုကြောင့် သေဆုံးခဲ့သည့် ရာအိမ်မှူး ဦးဖိုးကျော်(၄၃)နှစ်၏မှတ်တမ်းဓာတ်ပုံ။



၁၅-၁-၂၀၂၅ ရက်တွင် စဉ့်ကိုင်မြို့နယ် ကျွဲနဖား(တောင်)ကျေးရွာနှင့် မီးသွေးဖုတ်ကျေးရွာချင်း ဆက်လမ်းတွင် အကြမ်းဖက်သူများ၏ သတ်ဖြတ်မှုကြောင့် သေဆုံးခဲ့သည့် အပြစ်မဲ့ပြည်သူ ဦးထွန်းနိုင်ဦး (၅၂)နှစ်၏ မှတ်တမ်းဓာတ်ပုံ။

# PDF အမည်ခံအကြမ်းဖက်သမားများက ထားဝယ်မြို့နယ် ပကာရီကျေးရွာအတွင်းသို့ လက်လုပ်စိန်ပြောင်းဖြင့် အကြောင်းမဲ့လာရောက်ပစ်ခတ်ခဲ့မှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူ အမျိုးသမီးနှစ်ဦး ထိခိုက်ဒဏ်ရာများရရှိ







ထားဝယ်မြို့နယ် ပကာရီကျေးရွာအတွင်းသို့ PDF အမည်ခံအကြမ်းဖက်အဖွဲ့များက အကြောင်းမဲ့လာရောက်ပစ်ခတ်မှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူ အမျိုးသမီး နှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။




**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

တနင်္သာရီ တိုင်းဒေသကြီး ထားဝယ်မြို့နယ် ပကာရီကျေးရွာအတွင်းသို့ PDF အမည်ခံအကြမ်းဖက်သမားများက လက်လုပ်စိန်ပြောင်းဖြင့် အကြောင်းမဲ့လာရောက် ပစ်ခတ်ခဲ့မှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူ အမျိုးသမီးနှစ်ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၈ ရက်ည ၈ နာရီခန့်တွင် PDF အမည်ခံ အကြမ်းဖက် သမားများက လက်လုပ်စိန်ပြောင်းဖြင့် ပကာရီကျေးရွာ၏ အရှေ့တောင်ဘက်မှ အကြောင်းမဲ့ လာရောက်ပစ်ခတ်မှုကြောင့် ကျေးရွာအနီးသို့ ကျရောက်ပေါက်ကွဲခဲ့သဖြင့် အပြစ်မဲ့အရပ်သားပြည်သူ အမျိုးသမီးနှစ်ဦး ဗုံးစထိမှန်ဒဏ်ရာများ ရရှိခဲ့သည်။ အဆိုပါ ထိခိုက်ဒဏ်ရာရရှိသူများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ ပို့ဆောင်၍ ဆေးကုသမှု ခံယူစေလျက်ရှိကြောင်း သိရသည်။

PDF အမည်ခံအကြမ်းဖက်သမားများ၏ ယခုကဲ့သို့ မြို့/ ရွာ၊ လူနေရပ်ကွက်များ အတွင်းသို့ အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် အပြစ်မဲ့ဒေသခံပြည်သူ သေဆုံးမှုများ မကြာခဏဖြစ်ပေါ်လျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်လုံခြုံရေး ဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဖြစ်စဉ်ဖြစ်ပွားရာ နေရာတစ်ဝိုက်အား လိုအပ်သော လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

ထားဝယ်မြို့နယ် ပကာရီကျေးရွာအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ ပစ်ခတ်မှုကြောင့် ကျရောက်ပေါက်ကွဲခဲ့သည့်နေရာပြပုံ။

# ရွှေဘိုမြို့နယ် ပန်းရုံကျေးရွာတွင် ရှင်ပြုအလှူတော်မင်္ဂလာကျင်းပနေချိန်၌ PDF အမည်ခံအကြမ်းဖက်သမားများက Drop Bomb များဖြင့် ရက်စက်ယုတ်မာစွာပစ်ချတိုက်ခိုက်ခဲ့မှုကြောင့် အသက်ကိုးနှစ်အရွယ် ကလေးငယ်တစ်ဦး သေဆုံးခဲ့ပြီး အပြစ်မဲ့ပြည်သူ ၁၄ ဦး ထိခိုက်ဒဏ်ရာရရှိ




**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

အကြမ်းဖက်မှုကို လိုလားသူ လက်နက်ကိုင် သောင်းကျန်းသူများနှင့် PDF အမည်ခံအကြမ်းဖက် အဖွဲ့များက စစ်ရေးပစ်မှတ် မဟုတ်သည့် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ပန်းရုံကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ရှင်ပြုအလှူတော်မင်္ဂလာ ကျင်းပနေချိန်၌ကျေးရွာ၏အရှေ့မြောက်ဘက်မှ Drone ယာဉ်နှစ်စင်းဖြင့် Drop Bomb ချတိုက်ခိုက်မှုကြောင့် ကျောင်းအတွင်းရှိ ဓမ္မာရုံပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့သဖြင့် အသက် ကိုးနှစ်အရွယ် ကလေးငယ်တစ်ဦး သေဆုံးခဲ့ပြီး အပြစ်မဲ့ပြည်သူ ၁၄ ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်။

ရွှေဘိုမြို့နယ် ပန်းရုံကျေးရွာတွင် ရှင်ပြုအလှူတော်မင်္ဂလာ ကျင်းပနေချိန်၌ PDF အမည်ခံ အကြမ်းဖက် သမားများက Drone ယာဉ်နှစ်စင်းဖြင့် Drop Bomb ချတိုက်ခိုက်ခဲ့သည့် နေရာပြပုံ။

အထက်ပါဖြစ်စဉ်မှ သေဆုံး၊ ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြသူများအား ရွှေဘိုမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရပြီး ထိုသို့ အသက်ငယ်ရွယ်သော ကလေးသူငယ်များပါမချန် အပြစ်မဲ့ပြည်သူများ ထိခိုက်သေဆုံးဒဏ်ရာရရှိအောင် လုပ်ဆောင်ခဲ့သည့် အကြမ်းဖက်သမားများ၏ရက်စက်ယုတ်မာသော လုပ်ရပ်များအား ဒေသခံပြည်သူများ အနေဖြင့် လက်မခံနိုင်ဘဲ ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



PDF အမည်ခံအကြမ်းဖက်သမားများက Drone ယာဉ်နှစ်စင်းဖြင့် Drop Bomb ချတိုက်ခိုက်ခဲ့မှုကြောင့် သေဆုံး၊ ဒဏ်ရာရရှိသူများ မှတ်တမ်းဓာတ်ပုံ။



○ စာမျက်နှာ ၁၅ မှ

(ဓ) ဇန်နဝါရီ ၁၅ ရက်တွင် စဉ့်ကိုင်မြို့ ကျွဲနဖား(တောင်) ကျေးရွာနေ အပြစ်မဲ့ပြည်သူ ထွန်းနိုင်ဦးအား ဒလန်ဟုစွပ်စွဲပြီး ထွန်းထွန်းမြင့်က ငွေကျပ် ၅၀၀၀၀ ပေး၍ လုပ်ကြံသတ်ဖြတ်ရန် စေခိုင်းခဲ့သဖြင့် နန်းဝင်းစိုး(ခ) နိုင်ဝင်းစိုးနှင့် အောင်အောင် (ခ) အောင်လေးတို့က ပစ္စတိုသေနတ်ဖြင့် လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း။

(ဈ) ဇန်နဝါရီ ၂၆ ရက်တွင် ချမ်းမြသာစည် မြို့နယ် အောင်သာယာရပ်ကွက် ရာအိမ်မှူး ဦးဝင်းဦးအား ဒလန်ဟုစွပ်စွဲ၍ လုပ်ကြံ သတ်ဖြတ်ခဲ့ရာတွင် နန်းဝင်းစိုး (ခ)နိုင်ဝင်းစိုးနှင့် အောင်အောင် (ခ) အောင်လေး တို့ ပစ္စတိုသေနတ်ဖြင့် လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း။

ထို့ပြင် ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ MDY PDF အကြမ်းဖက်အဖွဲ့ဝင် မင်းသန့်ကျော် (ခ) ဝင်းထွန်း(ခ) ဖောင်းဒိုင်း၏ စေခိုင်းမှုဖြင့် မန္တလေးမြို့အတွင်း ဖောက်ခွဲဖျက်ဆီးမှု နှစ်ကြိမ် ကျူးလွန်ခဲ့ကြောင်း-

(က) ၂၀၂၄ ခုနှစ် ဇူလိုင် ၁၉ ရက်တွင် မဟာအောင်မြေမြို့နယ် မဟာမြိုင်(၂) ရပ်ကွက် ၆၂ လမ်း ၃၇(အေ)လမ်းထောင့်ရှိ Mytel ရုံးအား နန်းဝင်းစိုး(ခ) နိုင်ဝင်းစိုးနှင့် အောင်အောင်(ခ)အောင်လေးတို့ နှစ်ဦးက လက်ပစ်ဗုံးဖြင့် ပစ်ခတ်ဖောက်ခွဲရာတွင် ဇော်ဇော်ထွန်း (ခ) ဇော်သက် (ခ) ဖက်တီးက အခြေအနေ ကြည့်ရှုပေးခဲ့ကြောင်း။

(ခ) ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၂ ရက်တွင် အမရပူရမြို့နယ် ဆောက်တောဝကျေးရွာ ထုံးဘို-ပြင်ဦးလွင်လမ်း စစ်ဆေးရေးဂိတ်အား နန်းဝင်းစိုး(ခ)နိုင်ဝင်းစိုးနှင့် အောင်အောင်(ခ)အောင်လေးတို့ နှစ်ဦးက လက်ပစ်ဗုံးဖြင့် ပစ်ခတ်ဖောက်ခွဲရာတွင် ဇော်ဇော်ထွန်း(ခ) ဇော်သက်(ခ)ဖက်တီးက အခြေအနေ ကြည့်ရှုပေးခဲ့ပြီး အပြစ်မဲ့ပြည်သူတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ ဖမ်းဆီးရန်ကျန်တရားခံ မင်းသန့်ကျော် (ခ) ဝင်းထွန်း(ခ)ဖောင်းဒိုင်းက လုပ်ကြံသတ်ဖြတ်မှုများနှင့် အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် Kpay မှတစ်ဆင့် လုပ်ကြံသတ်ဖြတ်မှုနှင့် အကြမ်းဖက်မှု တစ်ကြိမ်လျှင် ငွေ ၁၀ သိန်းကျပ် ထောက်ပံ့ပေးခဲ့ကြောင်း၊ ရရှိသော ငွေကြေးများအား နန်းဝင်းစိုး(ခ) နိုင်ဝင်းစိုး၊ အောင်အောင်(ခ) အောင်လေး နှင့် ဇော်ဇော်ထွန်း(ခ) ဇော်သက်(ခ)ဖက်တီးတို့က တစ်ဦးလျှင် သုံးသိန်းကျပ်၊ အခြေအနေ ကြည့်ရှုပေးသူများအား တစ်သိန်းကျပ်ဖြင့် ပြန်လည်ခွဲဝေပေးကြောင်း ဖော်ထုတ်သိရှိရသည်။

သို့ဖြစ်ပါ၍ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရ ၎င်းတို့ ကျူးလွန်ခဲ့သောပြစ်မှုများအတိုင်း ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပြီး အကြမ်းဖက်မှုဆောင်ရွက်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများအား အမြန်ဆုံးဆက်လက်ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေး တိုင်ကြားနိုင်ကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာလျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများ အမြန်ဆုံးအေးချမ်းတည်ငြိမ်ရေး အတွက်ပြည်သူတစ်ရပ်လုံးပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်နိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး ပုဗ္ဗသီရိမြို့နယ် သံဝေဇနီယလေးဌာန "ဖွား၊ ပွင့်၊ ဟော၊ စံ" ဩဝါဒါစရိယအဖွဲ့ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူပွဲ အခမ်းအနားသို့ တက်ရောက်



**ပုဗ္ဗသီရိ ဖေဖော်ဝါရီ ၁၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် သံဝေဇနီယလေးဌာန "ဖွား၊ ပွင့်၊ ဟော၊စံ" ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ စတုတ္ထအကြိမ် ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက သတ္တသတ္တာပ မဟာဗောဓိစေတီတော်ဝင်းအတွင်း ဓမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ ပေါက်မြိုင်ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ခြင်း၊ ပရိတ်တရားနာယူခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးက ဆရာတော်ကြီးများအား သာသနာရေးဆိုင်ရာများ လျှောက်ထားတင်ပြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးနှင့် တာဝန်ရှိသူများက ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး အနုမောဒနာတရား နာကြား၍ ရေစက်သွန်းလောင်း အမျှပေးဝေခဲ့ကာ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းခဲ့သည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် နိုင်ငံတော်အကြီးအကဲ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလမ်းညွှန်ချက်အရ ဖွားစေတီ လှေကားလက်ရန်းပြုပြင်ခြင်းလုပ်ငန်း၊ ဂေါပကအဖွဲ့မှ စိုက်ပျိုးထားသော ပန်းစိုက်ပျိုးရေးခြံလုပ်ငန်း၊ ဟောစေတီစိမ်းလန်းစိုပြည်ရေးလုပ်ငန်း၊ ဝန်ထမ်းအိမ်ရာများ ပြုပြင်ပေးရန် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ဖွား၊ ပွင့်၊ ဟော၊ စံ ဘုရားကြီးများအားလုံးသို့ ရေလုံလောက်စွာ တင်ပို့နိုင်ရေးအတွက် သပြေစမ်းဆည်မှ ရေတင်ပေးသည့်စနစ်ကို ဆိုလာစနစ်ဖြင့် ဆောင်ရွက်ရန် ခန့်မှန်းငွေကျပ် သန်း ၄၀၀ ခန့် ကုန်ကျမည်ဖြစ်ရာ ရေရရှိရေး လှူဒါန်းလိုပါက နေပြည်တော်သာသနာရေးမှူး ဦးထွန်းမြင့်အောင်နှင့် ဂေါပကရုံးအဖွဲ့မှူး ဦးအမောင်တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **နန်းရွှေရတီ (ပြန်/ဆက်)**



## မြန်မာသင်္ဘောသားများအတွက် အိမ်၊ ခြံ၊ မြေ ရင်းနှီးမြှုပ်နှံခြင်းနှင့် အိမ်ရာချေးငွေအကြောင်း ဟောပြော

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

မြန်မာနိုင်ငံ သင်္ဘောသားများနှင့် မိသားစုဝင်များ အိမ်၊ ခြံ၊ မြေဝယ်ယူရန် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဗဟုသုတ ရရှိစေရန်နှင့် အိမ်ရာချေးငွေ ရယူခြင်းအကြောင်း သိရှိနားလည်စေရန် ရည်ရွယ်၍ မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်နှင့် တံခွန်ဦး ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်တို့စီစဉ်မှုဖြင့် အိမ်၊ ခြံ၊ မြေရင်းနှီးမြှုပ်နှံခြင်းနှင့် အိမ်ရာချေးငွေအကြောင်း ဟောပြောပွဲကို ယမန်နေ့က ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် (၃၇) လမ်းရှိ မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်ရုံး၌ ကျင်းပသည်။

ဟောပြောပွဲတွင် မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ် ဥက္ကဋ္ဌ ကပ္ပတိန် စိုးမင်းအောင်၊ တံခွန်ဦး ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးမျိုးအေး၊ စာရေးဆရာ လင်းသိုက်ညွန့်(မြန်မာ့မြေ)တို့က အိမ်၊ ခြံ၊ မြေရင်းနှီးမြှုပ်နှံမှု အကြောင်းအရာများနှင့် အိမ်ရာချေးငွေဖြင့် ဘဏ်ချေးငွေရယူပြီး အိမ်ဝယ်ယူသည့်အခါ လိုအပ်သောအချက်အလက်များနှင့် သိထားသင့်သည့် အချက်အလက်များကို ဟောပြောဆွေးနွေးကြသည်။

ထို့ပြင် ၁၅ နှစ်မှ ၂၅ နှစ်ထိ ရရှိနိုင်မည့် အိမ်ရာချေးငွေနှင့် အတိုးမဲ့ အရစ်ကျစနစ်၊ ကြိုပွိုင့်တိုက်ခန်းများ၊ တိုက်ခန်း၊မီနီကွန်ဒိုနှင့် ကွန်ဒိုမီနီယံအကြောင်းအရာများနှင့် စပ်လျဉ်း၍ သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။ **မျိုးမင်းသူရ**

## စည်းကမ်းဖောက်ဖျက်သည့် ဝိုင်ဘီအက်စ် ယာဉ်မောင်းများအား အသိပညာပေး ဆွေးနွေး

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ (YRTC)က ကြီးမှူး၍ စည်းကမ်းဖောက်ဖျက်သည့် ဝိုင်ဘီအက်စ် ယာဉ်မောင်းများအား အသိပညာပေး ဆွေးနွေးပွဲ အမှတ်စဉ် (၄/၂၀၂၅) ကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိ YRTC ရုံးချုပ် သင်တန်းခန်းမ၌ ပြုလုပ်သည်။



ဆွေးနွေးပွဲ၌ YRTC ဒုတိယဥက္ကဋ္ဌ ဦးချစ်ကိုကိုက အဖွင့်အမှာစကားပြောကြားပြီး တွဲဖက်အတွင်းရေးမှူး ဦးလျှန်ကျင့်မန်က ယာဉ်မောင်းများ သိသင့်သိထိုက်သည့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးဆိုင်ရာများ၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိသည့် ယာဉ်မောင်းတစ်ယောက်ဖြစ်ရေး လုပ်ဆောင်ရန်အချက်များကို တင်ပြဆွေးနွေးသည်။

ထို့နောက် YRTC ၏ တရားလွှတ်တော်ရှေ့နေ ဒေါ်ယဉ်မြင့်နွယ်၊ အမှတ် (၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံး (ရန်ကုန်တိုင်းဒေသကြီး) မှ တာဝန်ရှိသူတစ်ဦး၊ YRTC ကော်မတီဝင် (၄) ဦးမောင်မြို့နှင့် စည်းကမ်းထိန်းသိမ်းရေးနှင့် စစ်ဆေးရေးဌာနမှူး ဦးဝင်းနိုင်တို့က ဆွေးနွေးပို့ချကြပြီး စည်းကမ်းဖောက်ဖျက်သည့် ဝိုင်ဘီအက်စ် ယာဉ်မောင်း စုစုပေါင်း ၁၀၀ တို့အား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ မေးခွန်းများ ဖြေဆိုစေကာ အပြန်အလှန် ဆွေးနွေးခဲ့ကြောင်း သိရသည်။ **လင်းရာမ**

## သမဝါယမအသင်းများက ဆီထွက်သီးနှံ(ဆောင်းနေကြာ)များ စိုက်ပျိုးထားရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် ဆီထွက်သီးနှံ(ဆောင်းနေကြာ)စိုက်ပျိုးရန် ဧက ၃၀၀၀



လျာထားသည့်အပေါ် မြို့နယ်ရှစ်မြို့နယ်မှ သမဝါယမ အသင်းပေါင်း ၆၀၊ အသင်းသားတောင်သူ ၈၉၃ ဦး၊ စိုက်ဧက ၂၆၇၄ ဒသမ ၇၉ ဧက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ လယ်ယာမြေများတွင် ဆီထွက်သီးနှံ(ဆောင်းနေကြာ) အထွက်ကောင်းမျိုးများဖြစ်သည့် Suryakiran၊ ရေဆင်းစပ်မျိုး (၁) များဖြစ်သည့် မျိုးကောင်းမျိုးသန့်များကို စိုက်ပျိုးစေပြီး အသင်းသားတောင်သူများကို စမ်းဝတီသဘာဝမြေဩဇာ ၁၀၀၃ အိတ်ကိုလည်းကောင်း၊ သွင်းအားစုများဖြစ်သည့် မျိုး၊ ပုလဲနှင့် ကွန်ပေါင်းများကို သမဝါယမအသင်းအချင်းချင်း အစီအစဉ်ဖြင့်လည်းကောင်း ဆောင်ရွက်လျက်ရှိသည်။ ယနေ့အထိ ဆောင်းသီးနှံ(နေကြာ) စိုက်ဧက ၂၆၇၄ ဒသမ ၇၉ ဧကအနက် ၄၆၀ ဒသမ ၅၀ ဧက ရိတ်သိမ်းဆောင်ရွက်ပြီးစီးကြောင်း သိရသည်။ **သတင်းစဉ်**

## မကွေးမြို့နယ် စက်သုံးဆီအရောင်းဆိုင်များ၌ မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး

**မကွေး ဖေဖော်ဝါရီ ၁၉**

မကွေးမြို့နယ် မီးသတ်ဦးစီးဌာနက ယနေ့နံနက်ပိုင်းတွင် မြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များအား မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးသည်။




ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးသူ ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက မကွေး-နေပြည်တော် ကားလမ်းဘေးရှိ "ညီနောင်" စက်သုံးဆီဆိုင်၊ မကွေး-နတ်မောက် ကားလမ်းဘေးရှိ "ကံမော်"နှင့် "ညီနောင်" စက်သုံးဆီဆိုင်တို့အား မီးဘေးလုံခြုံရေး အတွက် စစ်ဆေးခဲ့ပြီး လိုအပ်သည်များ အကြံပြုခဲ့ကြောင်း သိရသည်။

**အောင်ကို (ဖန်ခါးမြေ)**

■

## နတ်တလင်းမြို့နယ်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သရုပ်ပြ ဇာတ်တိုက်လေ့ကျင့်

**နတ်တလင်း ဖေဖော်ဝါရီ ၁၉**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးတွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းကို ယမန်နေ့ မွန်းလွဲ ၂ နာရီက မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ခဲ့သည်။

အဆိုပါသရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်ဦးလတ် ဦးဆောင်သော တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ဈေးကော်မတီဝင်များပူးပေါင်း၍ ဈေးသူ ဈေးသားများအား မီးသတ်ဆေးဘူး အသုံးပြုပုံ၊ ဆီမီးလောင်မှုအား မီးသတ်ဆေးဘူး အသုံးပြု၍ မီးငြိမ်းသတ်နည်း၊ ရေစိုအဝတ်ဖြင့် ဖုံးအုပ်ငြိမ်းသတ်နည်းများ၊ ဂက်စ်မီးလောင်မှုအား ငြိမ်းသတ်နည်းများဖြင့် တက်ရောက်လာသော ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ဈေးကော်မတီဝင်များ၊ ဈေးသူ ဈေးသားများနှင့်အတူ ဇာတ်တိုက်လေ့ကျင့်ခဲ့ကြကြောင်း သိရသည်။ **ဝေယံဖြိုး(ပြန်/ဆက်)**

# (၃၁)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ပဥ္စမနေ့ ဆက်လက်ကျင်းပ



နေပြည်တော် ဖေဖော်ဝါရီ ၁၉

နှစ်(၈၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် (၃၁)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ (က)အဆင့်နှင့် (ခ)အဆင့်ပြိုင်ပွဲများကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း စစ်ရေးပြကွင်း၌ ဆက်လက်ကျင်းပသည်။

**ယှဉ်ပြိုင်ခဲ့**

ပြိုင်ပွဲတွင် (က)အဆင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြု စစ်တီးဝိုင်းအသင်း၊ (ခ)အဆင့်ပြိုင်ပွဲတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၁) စစ်တီးဝိုင်းအသင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၂) စစ်တီးဝိုင်းအသင်းနှင့်အရှေ့တောင်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၁) စစ်တီးဝိုင်းအသင်းတို့ ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါ စစ်တီးဝိုင်းပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်း ပြိုင်ပွဲကျင်းပရေး ကော်မတီမှ တာဝန်ရှိသူများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် ဖိတ်ကြားထားသူများ ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)ဈေးတွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ အမှတ်(၂) ဈေးတွင် မီးဘေးအန္တရာယ်ဖြစ်ပေါ်ခြင်းမှ ကင်းဝေးစေရေးအတွက် ယမန်နေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက အမှတ်(၂)ဈေး၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသန့်ဇော်၊ ဈေးများဌာနခရိုင်မှူး ဦးဇင်မင်းညွန့်၊ မြို့နယ်မီးသတ်ဦးစီးမှူးဦးမျိုးမြင့်အောင်၊ စည်ပင်သာယာလက်ထောက် အုပ်ချုပ်ရေးမှူးတို့က မီးငြိမ်းသတ်ရေးပစ္စည်းများဖြစ်သည့် မီးချိတ်မီးကပ်များ၊ ရေပုံးများ၊ သဲအိတ်များ၊ ရေအိတ်များနှင့် မီးသတ်ဆေးဘူးများ ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ရေသိုလှောင်ကန်များ ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် အပေါ့စားမီးသတ်စက်များ အသင့်ပြင်ဆင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး အဆိုပါဈေးရှိ ဈေးသူ၊ ဈေးသားများအနေဖြင့် မီးဘေးအန္တရာယ်နှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့်သိရှိပြီး လိုက်နာဆောင်ရွက်နိုင်ကြစေရန်အတွက် မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောခြင်း၊ လက်တွေ့မီးငြိမ်းသတ်ခြင်းများ ဆောင်ရွက်ခဲ့သည်။

**အေးမဥ္ဇူ**



# မြို့တော်ဝန်ဦးဗိုလ်ဌေး လှိုင်သာယာမြို့နယ်အတွင်းရှိ တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် ဒုတိယမြို့တော်ဝန် ဦးညီညီ၊ ကော်မတီဝင်များ၊ ဌာနမှူးများနှင့်အတူ ယနေ့နံနက် ၇ နာရီခွဲက မရမ်းကုန်းမြို့နယ် အင်းစိန်လမ်းမပေါ်ရှိ သမိုင်းချောင်း ရေစီးရေလာအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မြို့တော်ဝန်နှင့်အဖွဲ့သည် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ရန်ကုန်-ညောင်တုန်းကားလမ်းတွင် အရှည်ပေ ၂၅၀၀၊ အောက်ခြေအကျယ် ခြောက်ပေ၊ အနက် ငါးပေခွဲ အပေါ်ဝ အကျယ် ရှစ်ပေရှိ ဇလားပုံသဏ္ဌာန် အုတ်ရေနုတ်မြောင်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းကိုက်ညီစွာဖြင့် ပြီးစီးအောင်ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ် ရန်ကုန်-ပုသိမ်လမ်းဘေးတွင် အရိပ်ရလေကာပင်များ စိုက်ပျိုးထားရှိမှု၊ မြေပြုပြင်ဆောင်ရွက်ထားရှိမှု၊ လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ် ဘုရင့်နောင်တိုးချဲ့ပန်းခြံအတွင်း ကွန်ကရစ်ခင်းကျင်းနေမှုနှင့် ရန်ကုန်-ပုသိမ်လမ်းဘေး ရေစုကန်ရေမြောင်းအား ဘုရင့်နောင်လမ်းမှ သောင်ကြားချောင်းအထိ အရှည်ပေ ၁၄၂၀၊ အပေါ်မျက်နှာပြင် ၁၆ပေ၊ အောက်ခြေ ၁၀ ပေ၊ အနက်ခြောက်ပေရှိ ဇလားပုံသဏ္ဌာန်ရေမြောင်း တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရန် မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# တောင်ဥက္ကလာပမြို့နယ်ရှိ ရုံး၊ ဌာနဆိုင်ရာများ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး စစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ရန်ကုန်တိုင်း ဒေသကြီး တောင်ဥက္ကလာပ မြို့နယ်၌ မီးဘေးကြိုတင် ကာကွယ်ရေး ရုံးဌာနများတွင် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဇင်မင်းနှင့် တပ်ဖွဲ့ဝင်များက ယနေ့နံနက်ပိုင်းတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရုံးနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်ရုံးတို့တွင် စစ်ဆေးဆောင်ရွက်သည်။

ထိုသို့စစ်ဆေးရာတွင် မြို့နယ်လဝကရုံးနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်ရုံးအတွင်း မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှု များကို သက်ဆိုင်ရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးဇင်မင်းနှင့် တပ်ဖွဲ့ဝင်များက ဆောင်ရွက်ထားရှိမှုများ အပေါ် ဖြည့်ဆည်း ဆောင်ရွက်ရမည့် မီးဘေး ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို အကြံပြုပြောကြားခဲ့ကြောင်း သိရသည်။

**ခင်ဆွေနှင်း(ပြန်/ဆက်)**



# ကျောက်တန်းမြို့နယ်၌ ကုန်ထုတ်လမ်းတံတား လုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

ကျောက်တန်း ဖေဖော်ဝါရီ ၁၉

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မင်္ဂလွန်းကျေးရွာနှင့် ကြံပင်ကျေးရွာတို့၌ ကုန်ထုတ်လမ်းတံတား တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု



အခြေအနေကို တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးသည်။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်**

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သန်လျင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးကြူ၊ ကျောက်တန်းမြို့နယ် ဦးစီးမှူး ဦးထွန်းဝင်းလတ်နှင့် ဝန်ထမ်းများသည် တင်ဒါရကုမ္ပဏီမှတာဝန်ရှိသူများနှင့်အတူ မင်္ဂလွန်းကျေးရွာ၌ ရန်ပုံငွေကျပ် ၂၀၇ ဒသမ ၈၄၄ သန်းဖြင့် ကျော်သန်းဇေကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိသော ကုန်ထုတ်လမ်းအရှည် တစ်မိုင်၊ Box Culvert သုံးစင်းတည်ဆောက်ခြင်းလုပ်ငန်းနှင့် ကြံပင်ကျေးရွာ၌ ရန်ပုံငွေကျပ် ၃၁၇ ဒသမ ၁၂၈ သန်းဖြင့် Autumn Dream ကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိသော ကုန်ထုတ်လမ်းအရှည် တစ်မိုင်၊ ကွန်ကရစ်တံတားတစ်စင်းနှင့် Box Culvert လေးစင်းတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သည်။

အဆိုပါ ကုန်ထုတ်လမ်းတံတားလုပ်ငန်းများကို ၂၀၂၄ ခုနှစ် နိုဝင်ဘာလ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၉၀ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**ဖြိုးကျော်(ပုံတောင်မြေ)**

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း
ဘေးကင်းရန်ကွာ လွန်ချမ်းသာ။



## ကျောက်ဆည်ခရိုင်၌ ကြက်သွန်နီများ လှိုင်လှိုင်ထွက်ပေါ်ကာ အရောင်းအဝယ်ဖြစ်

**မန္တလေး ဖေဖော်ဝါရီ ၁၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်အတွင်းရှိ ကသဲကုန်း၊ သိုတန်၊ ငါးမြွေကုန်း၊ ပင်းချားနှင့် လက်ဝဲရွာများတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ စားဖိုဆောင်သီးနှံတစ်မျိုးဖြစ်သော ကြက်သွန်နီကို ကျောက်ဆည်မြို့နယ်၌ ၈၉၇၅ ဧက၊ စဉ့်ကိုင်မြို့နယ်၌ ၃၅၁၅ ဧက၊ မြစ်သားမြို့နယ်၌ ၁၅၅၃၀ ဧက စုစုပေါင်း ဧက ၂၈၀၂၀ စိုက်ပျိုးထားရှိကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရပြီး ယခုအချိန်တွင် ကြက်သွန်နီများ လှိုင်လှိုင်ထွက်ပေါ်ကာ ဈေးကွက်အတွင်း ဝင်ရောက်၍ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

ကြက်သွန်နီ(ဆောင်း) စိုက်ပျိုးရာတွင် မျိုးစေ့ကို ပျိုးထောင်၍ ပျိုးပင်သက်တမ်းရင့်ချိန်တွင် ဘောင်ခတ်စနစ်ဖြင့် မြေချစိုက်ပျိုးရကြောင်း၊ မျိုးအနေဖြင့် မြစ်သားရွှေဖလားမျိုးမှန်နှင့် ရွှေဖလားထိပ်မောက်မျိုးများကို အများဆုံးစိုက်ပျိုးကြပြီး မျိုး၊ သွင်းအားစု၊ မြေပြုပြင်ခ၊ လုပ်သားခအပါအဝင် စုစုပေါင်း ငွေကျပ် ၃၂ သိန်းခန့် ကုန်ကျကြောင်း၊ တစ်ဧကလျှင် ပိဿာချိန် စုစုပေါင်း ၂၄၀၀-၂၅၀၀ ခန့် ထွက်ရှိပြီး မြေဆီလွှာကောင်းမွန်မှုနှင့် ဖြစ်ထွန်းအောင်မြင်မှုအပေါ်မူတည်ပြီး အလုံးများသန့်၍ အထွက်နှုန်းပိုမိုကြောင်း၊ ဈေးကွက်အနေဖြင့် ပွဲစားများက စိုက်ခင်းသို့ လာရောက်ဝယ်ယူမှုများရှိသည့်အပြင် တောင်သူများကလည်း ကျောက်ဆည်မြို့နှင့် မန္တလေးမြို့ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချပြီး ပွဲရုံများမှတစ်ဆင့် ရန်ကုန်မြို့သို့ တင်ပို့ရောင်းချကြောင်း ကြက်သွန်နီစိုက် တောင်သူတစ်ဦးထံမှ သိရသည်။

## မြင်းခြံခရိုင်၌ ဆောင်းထောပတ်ပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

**မြင်းခြံ ဖေဖော်ဝါရီ ၁၉**

မန္တလေးတိုင်း ဒေသကြီး မြင်းခြံခရိုင်တွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ထောပတ်ပဲကို မိုးစိုက်နှင့် ဆောင်းစိုက်ဟူ၍ နှစ်ရာသီ စိုက်ပျိုးကြကြောင်း၊ ဆောင်းထောပတ်ပဲကို မြင်းခြံမြို့နယ်တွင် ၈၉၆ ဧက၊ နွားထိုးကြီးမြို့နယ်တွင် ၂၀၄၇ ဧက စုစုပေါင်း ၂၉၄၃ ဧက စိုက်ပျိုးထားရှိကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။



ဆောင်း ထောပတ်ပဲကို စက်တင်ဘာလနှင့် အောက်တိုဘာလများတွင် စိုက်ပျိုးကြပြီး မတ်လနှင့် ဧပြီလများတွင် ရိတ်သိမ်း ထွက်ပေါ်ကြောင်း၊ ထောပတ်ပဲမျိုးများမှာ ပင်ထောင်ထောပတ်ပဲမျိုးနှင့် ပင်ပြန့် ထောပတ်ပဲမျိုးများ ဖြစ်ပြီး ပင်ပြန့်မျိုးများကို အများဆုံးစိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးရာတွင် မြေပြုပြင်၍ အတန်းလိုက်စိုက်ပျိုးကြပြီး ကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ မြေပြုပြင်ခ၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၅၃၀၀၀၀ ခန့်ကုန်ကျကြောင်း၊ ယခင်နှစ်က တစ်ဧကလျှင် ထောပတ်ပဲ ၉-၁၀ တင်းခန့်ထွက်ရှိခဲ့ကြောင်း၊ ဈေးကွက်အနေဖြင့် မြင်းခြံမြို့ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချပြီး ထိုမှတစ်ဆင့် ရန်ကုန်(ဘုရင့်နောင်)ပွဲရုံသို့ တင်ပို့ကြောင်း၊ ယခုအချိန်တွင် ထောပတ်ပဲစိုက်ခင်းများမှာ အသီးအပွင့်များဝေဆာ၍ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး မကြာမီအချိန်တွင် ရိတ်သိမ်းရမည် ဖြစ်ကြောင်း ထောပတ်ပဲစိုက် တောင်သူတစ်ဦးထံမှ သိရသည်။

## အထက်မင်းလှမြို့နယ် ပန်းတော်ပြင်ကျေးရွာ၌ ဖူးစားပြောင်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**မကွေး ဖေဖော်ဝါရီ ၁၉**

မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့နယ် ပန်းတော်ပြင်ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ဖူးစားပြောင်းများကိုလည်း ၁၀ ဧကခန့် စိုက်ပျိုးထားရှိကြောင်း သိရသည်။

ဖူးစားပြောင်းကို ဒီဇင်ဘာလတွင် စတင်စိုက်ပျိုးပြီး သုံးလအကြာတွင် ခူးဆွတ်ရကြောင်း၊ ထိုင်ဝမ်ပြောင်းစီးမျိုးများကို အများဆုံးစိုက်ပျိုးကြပြီး တစ်ဧကလျှင် မျိုးထုပ် သုံးထုပ်ခန့် ကုန်ကျကြောင်း၊ စိုက်ပျိုးရာတွင် ထွန်ကြောင်းဆွဲအစေ့ချ၍ မြေအောက်ရေတင်စနစ်ဖြင့် စိုက်ပျိုးကြပြီး မျိုး၊ သွင်းအားစု၊ ရေသွင်းခ၊ မြေပြုပြင်ခနှင့် လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၄၅၀၀၀၀ ခန့်ကုန်ကျကြောင်း၊ ယခင်နှစ်က တစ်ဧကလျှင် ပြောင်းဖူးအရေအတွက် ၄၀၀၀ ခန့် ထွက်ရှိခဲ့ပြီး စိုက်ပျိုးမြေအနေအထားနှင့် သီးနှံဖြစ်ထွန်းအောင်မြင်မှုအပေါ်မူတည်၍ အထွက်နှုန်းများ ကွာခြားမှုရှိကြောင်း၊ ဈေးကွက်အနေဖြင့် အထက်မင်းလှမြို့ ဇေယျာသီရိဈေးနှင့် သရက်-မင်းလှကားလမ်းဘေးရှိ



ကုန်စိမ်းဒိုင်များသို့ တင်ပို့ရောင်းချကြကြောင်း၊ ယခုအချိန်တွင် ပြောင်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး သီးနှံပေါ်ချိန်တွင် ဈေးနှုန်းကောင်းမွန်ပါက အကျိုးအမြတ်များ ရရှိနိုင်မည်ဖြစ်ကြောင်း ပြောင်းစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

**သတင်းရင်းမြစ် - စီးပွား/ကူးသန်း**



## ရွှေတောင်မြို့နယ်၌ ဖရဲသီးများ တစ်နိုင်တစ်ပိုင်စိုက်ပျိုး၍ အကျိုးအမြတ်ရရှိ

**ပြည် ဖေဖော်ဝါရီ ၁၉**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် ကျီးသဲကျေးရွာအုပ်စုတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ရာသီပေါ်သီးနှံတစ်မျိုးဖြစ်သော ဖရဲသီးကို ခြောက်ဧကခန့် စိုက်ပျိုးထားရှိကြောင်း သိရသည်။

ဖရဲသီးကို အောက်တိုဘာလတွင် စတင်စိုက်ပျိုးကြပြီး သုံးလခန့်အကြာ ဇန်နဝါရီလမှ စတင်၍ ဖရဲသီးများ ထွက်ပေါ်ကြောင်း၊ မျိုးအနေဖြင့် ဖရဲ-၆၁၁ မျိုးများကို သဲနုန်းမြေများတွင် စိုက်ပျိုးကြပြီး မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ခြောက်သိန်းခန့်ကုန်ကျကြောင်း၊ တစ်ဧကလျှင် ရောင်းတန်းဝင် ဖရဲသီးအလုံးရေ ၁၅၀၀ ခန့် ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ဖရဲစိုက်ခင်းများကို ပွဲစားများထံသို့ အခင်းပြတ်ရောင်းချကြပြီး ပွဲစားများက ရန်ကုန်-ပြည် ကားလမ်းဘေးတွင် ဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချကြသည့်အပြင် ပြည်မြို့၊ ရွှေတောင်မြို့၊ ဝက်ထီးကန်မြို့နှင့် မှော်ဇာမြို့များသို့လည်း တင်ပို့ရောင်းချကြကြောင်း သိရသည်။

### ၁၉-၂-၂၀၂၅ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ညို့မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၆၀၀ | | ၉၅၀၀ | ၂၅၀၀၀ | ၁၁၁၆၅ | ၂၄၀၀၀ | ၆၀၀၀ | ၂၃၀၀၀ | ၂၀၀၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၂၀၀၀ | ၁၅၀၀၀ | ၉၅၀၀ | ၁၄၀၀၀ | ၉၀၀၀ | ၉၀၀၀ | ၂၆၀၀၀ | ၅၀၀၀၀ | ၂၈၀၀၀ | ၃၅၀၀၀ | ၂၆၀၀၀ |
| ၂ | ကျိုင်းတုံ | ၅၂၀၀ | | ၇၃၀၀ | ၂၂၀၀၀ | - | ၂၀၀၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၁၇၀၀၀ | ၄၅၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၂၀၀၀၀ | ၃၅၀၀၀ | ၃၀၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၆၀၀ | ၃၄၀၀ | ၇၃၀၀ | ၂၀၀၀၀ | ၇၉၅၀ | ၁၇၅၀၀ | ၄၅၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၁၂၀၀ | ၁၁၀၀၀ | ၇၈၀၀ | ၅၅၀၀ | ၅၀၀၀ | ၅၅၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၂၇၀၀၀ | ၃၀၀၀၀ | ၂၀၀၀၀ |
| ၄ | လွိုင်ကော် | ၄၀၀၀ | | ၇၀၀၀ | ၁၈၀၀၀ | ၈၀၀၀ | ၁၆၀၀၀ | ၃၀၀၀ | ၁၅၀၀၀ | | | ၃၅၀၀ | ၁၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၅၅၀၀ | ၅၈၀၀ | ၁၆၀၀၀ | ၂၉၀၀၀ | ၂၄၀၀၀ | ၃၅၀၀၀ | ၁၈၀၀၀ |
| ၅ | ဘားအံ | ၃၆၀၀ | | ၆၀၀၀ | ၂၀၀၀၀ | ၇၈၅၀ | ၁၇၀၀၀ | ၄၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၁၁၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ |
| ၆ | မော်လမြိုင် | ၃၂၀၀ | | ၅၁၀၀ | ၁၈၀၀၀ | ၇၈၄၀ | ၁၇၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၇၀၀၀ | ၁၂၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၁၇၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၁၈၀၀၀ | ၃၃၀၀၀ | ၁၁၀၀၀ |
| ၇ | ထားဝယ် | ၃၅၀၀ | | ၅၇၀၀ | ၂၀၀၀၀ | ၈၃၀၀ | ၁၆၀၀၀ | ၃၅၀၀ | ၁၈၀၀၀ | ၁၉၀၀၀ | | ၁၀၀၀၀ | ၆၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၅၆၀၀ | ၁၇၅၀၀ | ၃၂၀၀၀ | ၂၁၀၀၀ | ၃၃၀၀၀ | |
| ၈ | မြိတ် | ၃၇၅၀ | | ၆၂၅၀ | ၂၀၀၀၀ | ၈၄၆၀ | ၁၆၀၀၀ | ၃၈၀၀ | ၁၇၀၀၀ | ၁၆၅၀၀ | ၈၅၀၀ | ၆၀၀၀ | ၈၅၀ | ၉၈၀၀ | ၇၅၀၀ | ၁၁၅၀၀ | ၆၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၃၂၀၀၀ | ၂၂၀၀၀ | ၂၆၀၀၀ | |
| ၉ | ရန်ကုန် | ၃၄၀၀ | | ၅၅၀၀ | ၂၀၀၀၀ | ၇၄၀၀ | ၁၅၀၀၀ | ၄၆၀၀ | ၁၉၀၀၀ | ၁၉၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၇၂၀၀ | ၁၆၀၀၀ | ၇၀၀၀ | ၅၆၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၂၆၀၀၀ | ၃၁၀၀၀ | ၁၀၀၀၀ |
| ၁၀ | ပုသိမ် | ၃၂၀၀ | | ၄၉၅၀ | ၂၁၀၀၀ | ၇၈၀၀ | ၁၀၀၀၀ | ၃၂၀၀ | ၁၈၀၀၀ | ၁၅၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၄၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၁၂၀၀၀ | ၃၈၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၂၈၀၀၀ | ၂၂၀၀၀ | ၃၂၀၀၀ | ၁၀၀၀၀ |
| ၁၁ | ဟားခါး | | | ၁၁၀၀၀ | ၃၁၀၀၀ | - | ၆၅၀၀၀ | ၈၅၀၀ | ၃၀၀၀၀ | | | ၇၀၀၀ | ၁၄၀၀ | | ၁၃၅၀၀ | | ၉၅၀၀ | ၉၀၀၀ | ၃၃၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ | | ၃၀၀၀၀ |
| ၁၂ | မုံရွာ | ၃၃၅၀ | | ၅၅၀၀ | ၁၆၀၀၀ | ၈၁၅၀ | ၁၅၀၀၀ | ၃၀၀၀ | ၁၆၀၀၀ | ၂၃၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၉၀၀၀ | ၈၅၀၀ | ၇၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၂၁၀၀၀ | ၂၂၀၀၀ | ၁၁၀၀၀ |
| ၁၃ | မန္တလေး | ၃၆၀၀ | | ၆၅၀၀ | ၁၆၅၀၀ | ၈၁၂၅ | ၁၈၀၀၀ | ၃၈၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၈၃၀၀ | ၆၈၀၀ | ၁၂၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၃၄၀၀၀ | ၂၆၀၀၀ | ၂၈၀၀၀ | ၁၆၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၀၀၀ | | ၆၅၀၀ | ၁၅၅၀၀ | ၈၁၀၀ | ၁၄၀၀၀ | ၃၃၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၃၀၀၀ | ၃၅၀၀ | ၇၀၀ | ၉၅၀၀ | ၈၅၀၀ | ၁၀၀၀၀ | ၄၅၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၂၄၀၀၀ | ၂၈၀၀၀ | ၁၂၀၀၀ |
| ၁၅ | မကွေး | ၄၁၀၀ | | ၆၄၀၀ | ၁၆၀၀၀ | ၈၀၀၀ | ၁၃၀၀၀ | ၂၅၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၂၀၀ | ၈၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၅၀၀၀ | ၅၅၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၃၅၀၀ |
| ၁၆ | ပြည် | ၃၀၀၀ | | ၅၁၀၀ | ၁၆၀၀၀ | ၇၈၀၀ | ၁၃၀၀၀ | ၃၈၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | | ၅၀၀၀ | ၄၅၀ | | ၆၅၀၀ | ၉၀၀၀ | ၅၅၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၁၀၀၀ |
| ၁၇ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၇၈၀၀ | ၁၂၅၀၀ | ၄၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၅၀ | ၉၀၀၀ | ၆၅၀၀ | ၉၀၀၀ | ၅၀၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၅၀၀ | | ၆၅၀၀ | ၁၆၈၀၀ | ၇၇၀၀ | ၁၆၂၀၀ | ၃၂၀၀ | ၁၆၄၀၀ | ၂၀၀၀၀ | ၉၂၀၀ | ၃၈၀၀ | ၇၀၀ | ၉၀၀၀ | ၇၀၀၀ | ၇၇၀၀ | ၆၀၀၀ | ၅၄၀၀ | ၁၇၂၀၀ | ၂၉၀၀၀ | ၂၄၀၀၀ | ၃၀၀၀၀ | ၁၃၂၀၀ |
| ၁၉ | နေပြည်တော် | ၃၅၀၀ | | ၆၅၀၀ | ၁၇၀၀၀ | ၇၇၀၀ | ၁၆၈၀၀ | ၃၆၀၀ | ၁၆၈၀၀ | ၂၀၅၀၀ | ၁၀၀၀၀ | ၄၀၀၀ | ၇၀၀ | ၉၂၀၀ | ၇၂၀၀ | ၈၀၀၀ | ၆၂၀၀ | ၅၄၀၀ | ၁၇၄၀၀ | ၃၀၀၀၀ | ၂၄၅၀၀ | ၃၀၀၀၀ | ၁၃၆၀၀ |
| ၂၀ | ကလေး | ၃၂၀၀ | | | ၁၉၀၀၀ | ၁၄၀၀၀ | ၂၉၀၀၀ | ၄၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၇၅၀၀ | ၂၇၀၀၀ | ၄၀၀၀၀ | ၂၈၀၀၀ | ၄၀၀၀၀ | ၁၅၀၀၀ |

## "ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ ကျွန်းကလေးကျေးရွာအုပ်စု၊ ညောင်ကုန်းကွက်သစ်(၁)လမ်း၊ကွင်းအမှတ်(၉၆၈- D)၊ ကွင်းအမည်(ကျွန်းကလေးကွင်း)၊ ဦးပိုင်အမှတ် (၁၀၀/က/၂) မြေလုပ်ကိုင်သူ - ဦးထွန်းထွန်းဝင်းအမည်ဖြင့်မြေခွန်ပြေစာထမ်းဆောင်ထားသည့် မြေဧရိယာ(၀.၀၅၅)ဧကမြေနှင့် မြေပေါ်တွင်ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားအရပ်ရပ်အားလုံးတို့ကို အရှုပ်အရှင်းကင်းရှင်းစွာ ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုရှိသူ **ဦးထွန်းထွန်းဝင်း (ဘ)ဦးကျော်ဝင်း[၅/ခဥတ(နိုင်)၀၅၆၈၉၂]**ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်စရန်ငွေများပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွကျွန်ုပ်ထံသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မဥ္ဇူအေးသိန်း (LL.B)**
**(တရားလွှတ်တော်ရှေ့နေ) (စဉ်-၁၂၂၅၇)**
**(မမ/၃၂၄)တန်းမကြီးလမ်း၊ မြို့မရပ်ကွက်၊ လှည်းကူးမြို့။ ဖုန်း-၀၉-၅၀၄၁၄၈၃**



## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၉)ရပ်ကွက်၊ ဗိုလ်မြတ်ထွန်းလမ်း၊ အမှတ်(၁၈၁/၁၈၃/၁၈၅)မြေပေါ်တွင် ဆောက်လုပ်ထားသောတိုက်(A) (၂)ခန်းတွဲ(၁၂)ထပ်တိုက်၏(၁၀-လွှာ)၊ အခန်းအမှတ်(A-10)၊ (ဝဲဘက်အခြမ်း)၊ အကျယ်အဝန်း(၁၅၆၀)စတုရန်းပေ(အလျား ၃၉ ပေ xအနံ ၄၀ ပေ )ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ ရေ၊ မီးစုံ အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်များအားလုံးတို့မှာ အရှုပ်အရှင်းကင်းပြီး တရားဝင်ပိုင်ဆိုင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးသက်နိုင်[၁၀/မလမ(နိုင်)၀၂၃၁၁၆] (ဘ)ဦးကာဆန်းထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးကျော်လှိုင်[၉/အမဇ(ဧည့်)၀၀၀၁၂၇]နှင့် ဒေါ်ခင်သန္တာထွေး [၁၃/လရန(ဧည့်)၀၀၀၄၈၃]တို့က အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇာနည်အောင်**
**LL.B,DIL,DBL,DML**
**တရားလွှတ်တော်ရှေ့နေ စဉ်-၁၂၇၁၈ (၁၅-၆-၂၀၁၇)**
**အမှတ်-၁၅၃/ဘီ၊ (၃၂)လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၅၀၃၀၉၁၉**


## ၆-၂-၂၀၂၅ ရက်နေ့တွင် ကြေးမုံနှင့် မြန်မာ့အလင်း သတင်းစာတို့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဦးစီးဌာနမှ လျှောက်လွှာခေါ်ယူခဲ့ခြင်းနှင့် ပတ်သက်၍ ဖြည့်စွက်ပြင်ဆင်ချက်

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ဒုတိယဦးစီးမှူးရာထူး (၁၀)နေရာနှင့် ဒုတိယလက်ထောက်ဦးစီးမှူးရာထူး (၅)နေရာတို့အတွက် လျှောက်လွှာခေါ်ယူခဲ့ရာတွင် အမှတ်စဉ် ၃(က)ပါ ဘွဲ့သတ်မှတ်ချက်များအပြင် စီးပွားရေးပညာဘွဲ့ရများအားလုံး လျှောက်ထားနိုင်ပြီး လျှောက်လွှာများကို (၂၁-၂-၂၀၂၅) ရက်နေ့ အရောက်ပေးပို့ရမည့်အစား (၂၄-၂-၂၀၂၅) ရက်နေ့အရောက် ပေးပို့ရန် လျှောက်လွှာလက်ခံရက်ကို တိုးမြှင့်သတ်မှတ်ပါသည်။


## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ မြေကွက်အမှတ်(၆၃၉)၊ အကျယ်အဝန်း(၄၀ပေ x ၆၀ပေ)၊ ဧရိယာ(၀.၀၅၅)ဧကရှိ ဦးဝင်းရှိန်[၁၂/လမတ(နိုင်)၀၁၈၁၈၃] အမည်ပေါက် နှစ်(၆၀)မြေငှားဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ရတနာသိင်္ဂီပတ်လမ်း၊ (၉)ရပ်ကွက်၊ အမှတ်(၆၃၉) ဟုခေါ်တွင်သည့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင်မှ ရောင်းချခဲ့ပြီး ဆက်စပ်စာချုပ်များဖြင့် နောက်ဆုံးဝယ်ယူပိုင်ဆိုင်ထားသည်ဟုဆိုလာသူ **ဦးနေလင်းထွဋ်[၁၂/ရပသ(နိုင်)၀၅၅၈၀၈]**က ၎င်းတရားဝင် ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံ၍ အပြီးအပိုင် လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဒေါ်အေးအေးသန်း [၁၂/ဥကမ(နိုင်)၀၈၄၇၉၁]**မှ ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ စာရွက်စာတမ်း မူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်းကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စုစုမွန် [တရားလွှတ်တော်ရှေ့နေ] (စဉ်-၁၃၄၉၆)**
**[LL.B,D.B.L,D.I.L,D.I.P.L,DL-101WIPO(Switzerland)]**
**အမှတ်-၃၀၂(၁၂+၁)၊ ပါရမီကွန်ဒို၊ ဦးသင်းဖေလမ်း၊**
**(၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၉၉၆၆၄၅၅၇၊ ၀၉-၇၉၉၆၆၄၅၅၆၊ ၀၉-၅၀၄၉၁၇၄**


## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ရန်ကုန်
## (၂၆)ကြိမ်မြောက်၊ (၂၇)ကြိမ်မြောက်နှင့် (၂၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင် လျှောက်လွှာခေါ်ယူခြင်း

၁။ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်၏ (၂၆)ကြိမ်မြောက်၊ (၂၇)ကြိမ်မြောက်နှင့် (၂၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

(က) အစမ်းလေ့ကျင့်မည့်ရက် - (၁၈-၃-၂၀၂၅)ရက် (အင်္ဂါနေ့)

(ခ) ဘွဲ့နှင်းသဘင်ကျင်းပမည့်ရက် - (၁၉-၃-၂၀၂၅)ရက် (ဗုဒ္ဓဟူးနေ့)

၂။ (၂၆)ကြိမ်မြောက်၊ (၂၇)ကြိမ်မြောက်နှင့် (၂၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားသို့ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်မှ အောက်ဖော်ပြပါသတ်မှတ်ချက်များနှင့် ပြည့်စုံသူများ တက်ရောက်ရန် လျှောက်ထားနိုင်ပါသည်။

(က) ဆေးဘက်ဆိုင်ရာနည်းပညာပါရဂူဘွဲ့ (၂၀၂၂၊၂၀၂၃)ခုနှစ်များတွင် စာမေးပွဲအောင်မြင်ပြီးသူများ

(ခ) ဆေးဘက်ဆိုင်ရာနည်းပညာမဟာသိပ္ပံဘွဲ့(၂၀၂၁၊၂၀၂၂၊၂၀၂၄)ခုနှစ်များတွင် (ပုံမှန်)နှင့် (နောက်ဆက်တွဲ) စာမေးပွဲအောင်မြင်ပြီးသူများ

(ဂ) အသံလွှန်လှိုင်းဖြင့် ရောဂါရှာဖွေခြင်းနည်းပညာဒီပလိုမာဘွဲ့(၂၀၂၀ ခုနှစ်)တွင် (နောက်ဆက်တွဲ) စာမေးပွဲအောင်မြင်ပြီးသူများ

(ဃ) ဆေးဘက်ဆိုင်ရာအင်ဂျင်နီယာဒီပလိုမာဘွဲ့ (၂၀၂၀၊၂၀၂၂)ခုနှစ်များတွင် စာမေးပွဲအောင်မြင်ပြီးသူများ

(င) စတုတ္ထနှစ် ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(၂၀၂၂၊၂၀၂၃၊၂၀၂၄)ခုနှစ်များတွင် (ပုံမှန်)နှင့် (နောက်ဆက်တွဲ) စာမေးပွဲအောင်မြင်ပြီးသူများ

၃။ ဘွဲ့နှင်းသဘင်ကြေးမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) တက်ရောက်ဘွဲ့ ၁၅၀၀ဝိ/- (ကျပ်တစ်ထောင့်ငါးရာတိတိ)

(ခ) အဝေးရောက်ဘွဲ့ ၁၀၀၀ဝိ/- (ကျပ်တစ်ထောင်တိတိ)

၄။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်၊ ကျောင်းသားရေးရာဌာနစိတ်တွင် တောင်းယူဖြည့်စွက်လျက် (အမျိုးသား-မြန်မာဝတ်စုံ (သို့မဟုတ်)အနောက်တိုင်းဝတ်စုံ၊ အမျိုးသမီး-မြန်မာဝတ်စုံ)ဖြင့် လတ်တလောရိုက်ကူးထားသော (၁½"x၂")အရွယ် ရောင်စုံဓာတ်ပုံ(၃)ပုံပူးတွဲလျက် (၂၀-၂ -၂၀၂၅)မှ (၅ - ၃- ၂၀၂၅) ရက်နေ့အတွင်း တင်သွင်းကြရမည်။

၅။ အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်သူများအနေဖြင့် အမျိုးသားများသည် မြန်မာအမျိုးသားဝတ်စုံ(တိုက်ပုံ၊ လုံချည်)၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ (အပြည့်အစုံ)တို့အနက် နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍လည်းကောင်း၊ အမျိုးသမီးများသည် မြန်မာအမျိုးသမီးဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံတို့အနက် နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍လည်းကောင်း တက်ရောက်ကြရမည်။ သတ်မှတ်ချက်အတိုင်း ဝတ်ဆင်ခြင်းမရှိသူများကို အခမ်းအနားသို့ တက်ရောက်ခွင့်မပြုပါ။

၆။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန် ကျောင်းသားရေးရာဌာနစိတ်၊ ဖုန်းနံပါတ် ၀၁-၃၆၄၅၇၅၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မော်ကွန်းထိန်း**
**ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်**

○ **ဘိုင်ယန်မြူးနစ်အသင်းမှ**

ဘိုင်ယန်မြူးနစ်အသင်းအနေနဲ့ ဆဲလ်တစ်အသင်းကို အနိုင်ရရှိခဲ့ပြီး ချန်ပီယံလိဂ် ၁၆ သင်းအဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်တာကြောင့် နောက်ဆုံး ယှဉ်ပြိုင်ကစားခဲ့တဲ့ ချန်ပီယံလိဂ် ၁၇ ရာသီမှာ ၁၆ သင်းအဆင့်ကို တက်လှမ်းနိုင်ခဲ့တဲ့ အခွင့်အရေး ရရှိခဲ့ပါတယ်။

ဒါ့အပြင်ဘိုင်ယန်မြူးနစ်အသင်းအနေနဲ့ ဆဲလ်တစ်အသင်းကို အိမ်ကွင်းမှာ ယှဉ်ပြိုင်ကစားခဲ့ရတဲ့ ချန်ပီယံလိဂ် ပွဲစဉ်တိုင်း ရှုံးပွဲမရှိစံချိန်ကို ဆက်ထိန်းထားနိုင်ခဲ့ပြီး နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့တဲ့ ၁၁ ပွဲမှာ ခုနစ်ပွဲနိုင်၊ လေးပွဲသရေ ရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။

ဘင်ဖီကာအသင်းကတော့ မိုနာကိုအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရပြီး နှစ်ကျော့ပေါင်းရလဒ် လေးဂိုး-သုံးဂိုးနဲ့ အနိုင်ရရှိကာ ချန်ပီယံလိဂ် ၁၆ သင်းအဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့တာဖြစ်ပါတယ်။ အခြားသော ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ဝင်ခွင့်ရရှိရေးယှဉ်ပြိုင်ကစားခဲ့တဲ့ play-offs ဒုတိယ အကျော့ပွဲစဉ်တွေမှာတော့ ဖီယင်နူအသင်းက အေစီမီလန်အသင်းကို နှစ်ကျော့ပေါင်းရလဒ် နှစ်ဂိုး-တစ်ဂိုး၊ ကလပ်ဘရုဂျ်အသင်းက အတ္တလန္တာအသင်းကို ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ချန်ပီယံလိဂ် ၁၆ သင်းအဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

**ငွေကြယ်**

✣ **ကျော့ဖုံးမှ**

ပြိုင်ပွဲတတိယနေ့အပြီး Tour Pro အဆင့်ပြိုင်ပွဲတွင် နိုင်နိုင်လင်း နှင့် သိန်းနိုင်စိုး (HAN Golf Masters)တို့က သုံးရက်ပေါင်းရိုက်ချက် ၂၁၁ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် ငါးချက်လျော့ရိုက်ကာ ထိပ်ဆုံးတွင် ပူးတွဲဦးဆောင်နေပြီး သီဟငွေး (HAN Golf Masters) နှင့် မျိုးဝင်းအောင်(PMA Association) တို့က သုံးရက်ပေါင်းရိုက်ချက် ၂၁၂ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် လေးချက်လျော့ရိုက်၍ အဆင့်(၃) နေရာတွင် ရပ်တည်နေသည်။ Senior Pro အဆင့်တွင်မူ မင်းနိုင်က သတ်မှတ်ရိုက်ချက်ထက် ၁၄ ချက်လျော့ရိုက်ပြီး နှစ်ရက်ပေါင်းရိုက်ချက် ၁၃၀ ဖြင့် ပထမ၊ ခင်ဇော်ဝင်း (KPG) နှင့် စိုးကျော်ကျော်နိုင် (Taylormade) တို့က နှစ်ရက်ပေါင်းရိုက်ချက် ၁၄၅ ချက်ဖြင့် ဒုတိယနေရာတွင် ရပ်တည်နေသည်။

ပြိုင်ပွဲနောက်ဆုံးနေ့ကို ဖေဖော်ဝါရီ ၂၀ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MGF**

☆ **MFF မှ**

ပွဲစဉ် (၁၃) အပြီးတွင် TG United အသင်းက ၃၃ မှတ်၊ Pacific Sun Far အသင်းက ၂၇ မှတ်၊ 7 Dragon အသင်းက ၂၆ မှတ်၊ Gold Dream အသင်းက ၂၅ မှတ်၊ Black Cross အသင်းက ၂၃ မှတ်၊ YCDC Marga Youth အသင်းက ၁၈ မှတ်၊ ရွှေပြည်သာယူနိုက်တက်၊ လက်ဝဲသုန္ဒရနှင့် KKY အသင်းတို့က ၁၁ မှတ်စီ၊ 7 Brother အသင်းက ရှစ်မှတ်၊ Maryar အသင်းက ခြောက်မှတ်ရရှိထားသည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-MFF**


## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(FMI-၇)၊ လူနေရပ်ကွက်အမှတ်(Padauk Graden အိမ်ရာစီမံကိန်း)၊ မြေဧရိယာအကျယ်အဝန်း(၂၄၀၀)စတုရန်းပေရှိ ဒေါ်နန်းနှင်းအေး(၁၃/မဆတ(နိုင်)၀၄၁၀၂၁) အမည်ဖြင့် နှစ်(၆၀)ဂရန်လျှောက်ထားဆဲမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ လှိုင်သာယာမြို့နယ်၊ Padauk Graden Villa၊ (၄)ရပ်ကွက်၊ ပိတောက်ပတ်လမ်း(၂)၊ တိုက်အမှတ်(PV-142)ဟုခေါ်တွင်သော (၂)ထပ်တိုက်နေအိမ်အဆောက်အဦအပါအဝင် ဆက်နွယ်တည်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -** ဒေါ်မာလာဆွေ
တရားလွှတ်တော်ရှေ့နေ(စဉ်-၆၄၆၆/၁၉၉၇)
**LL.B.,H.G.P.,D.B.L.,D.M.L.,D.I.L.,D.A.Psy.,WIPO(Switzerland).**
အမှတ်(၁၁)၊ဦးဘဟန်လမ်း၊သယ်န်းကျွန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။ဖုန်း-၀၉ ၅၁၂၇၈၂၈၊ ၀၉ ၅၁၅၄၆၉၂


## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက် ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။


## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး၊သယ်န်းကျွန်းမြို့နယ်၊ (င/ခ)ရပ်ကွက်၊ ဦးဘဟန်လမ်း၊ အမှတ်(၁၁)နေဦးတင်ထွန်း(၁၂/သဃက(နိုင်)၀၀၄၇၉၅)နှင့် ဒေါ်ခင်အေးချို(၁၂/ဒဂတ(နိုင်)၀၁၄၈၁၁)တို့၏သားဖြစ်သူ မောင်ပိုင်စိုးထွန်း(၁၂/သဃက(နိုင်)၂၀၇၂၂၄)သည် မိဘ၏ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ ၎င်း၏သဘောဆန္ဒအလျှောက် နေထိုင်လုပ်ကိုင်ဆောင်ရွက်နေပြီး (၂၀၂၄)ခုနှစ်၊ အောက်တိုဘာလက နေအိမ်မှဆင်းသွားပါသဖြင့် ယင်းနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် နောက်နောင်၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ ကျွန်ုပ်၏မိတ်ဆွေတို့မှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဦးတင်ထွန်းနှင့်ဒေါ်ခင်အေးချိုတို့၏လွှဲအပ်ညွှန်ကြားချက်အရ-**
ဒေါ်မာလာဆွေ
တရားလွှတ်တော်ရှေ့နေ(စဉ်-၆၄၆၆)
အမှတ်(၁၁)၊ဦးဘဟန်လမ်း၊သယ်န်းကျွန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။


**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

ဘဒ္ဒန္တကုဏ္ဍလ (အရှေ့လယ်တီဆရာတော်)၏ ဗုဒ္ဓစာပေပထမဆုရ

ဗဟုသုတလင်းရောင်ခြည် [ ၁ ] မဟာသုတဒီပနီကျမ်း(ပထမတွဲ)

ဆရာတော်ဘုရားကြီး၏သြဝါဒနှင့်အညီ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာကျမ်းများ ဆဋ္ဌသံဂါယနာမူနှင့် ပြင်ဆင်တည်းဖြတ်ထားပြီး လောက. ဓမ္မရေးရာ၊ သမိုင်းသုတ အဖြာဖြာတို့ဖြင့် ဝေဝေဆာဆာ အမေးအဖြေပြု၊ ပြုစုထားသော ကျမ်းဖြစ်ပြီး ဓမ္မအမြင် စင်ကြယ်လိုသူ၊ စာရေး၊ စာချ၊ တရားဟော.ပြ၊ သုတေသန ပြုလိုသူတို့ ဆောင်ထားရမည့်ကျမ်းစာ...

စာမျက်နှာ ၆၅၀၊ ဆိုက်(၇.၅ × ၁၀.၅)လက်မ ခန့်ချုပ်(စက်သီချုပ်)

၄၀၀၀ဝိ ထွက်ပြီ

ဖြန့်ချိရေး - ပျိုးခင်းစာပေ
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ဝင်း)၊ ကမ္ဘာအေးကုန်းမြေ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ Ph: 09-250903969, 09-257801951 (viber)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်-မန္တလေး
### ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဤတက္ကသိုလ်၏ (၁၉)ကြိမ်၊ (၂၀)ကြိမ်နှင့် (၂၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို (၁၅-၃-၂၀၂၅)ရက်နေ့တွင်လည်းကောင်း၊ အစမ်းလေ့ကျင့်ခြင်းကို (၁၄-၃-၂၀၂၅) ရက်နေ့တွင်လည်းကောင်း၊ မန္တလေးတက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ အဆိုပါဘွဲ့နှင်းသဘင်အခမ်းအနားသို့ ဘွဲ့တက်ရောက်ယူမည့်ဦးရေမှာ(၁၄၀)ဦး ရှိပါ၍ မှတ်တမ်းဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးရေးလုပ်ငန်းအတွက် လုပ်ငန်းဆောင်ရွက်လိုသူများထံမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

၃။ တင်ဒါစတင်ရောင်းချမည့်ရက် - (၂၀-၂-၂၀၂၅)ရက် (ကြာသပတေးနေ့)

တင်ဒါပိတ်မည့်ရက် - (၂၈-၂-၂၀၂၅)ရက် (သောကြာနေ့)မွန်းလွဲ (၃:၀၀)နာရီ

အသေးစိတ်အချက်အလက်များကို သိရှိလိုပါက (အတွင်းရေးမှူး၊ ၀၉-၉၆၀၀၂၇၂၄၈)သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**အတွင်းရေးမှူး**
**ဓာတ်ပုံအိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့**
**ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်-မန္တလေး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၁/ယမုံနာ-၂၊ မြေကွက်အမှတ်-ခ-၅၀၊ ဧရိယာ(၀.၀၂၈)ဧက၊ မြေကွက်တည်နေရာအမှတ်- ၅၀၊ စာတိုက်လမ်း၊ ယမုံနာ-၂ ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ၁။ ဒေါ်တင်ဥ [၁၂/ဒပန(နိုင်)၀၁၇၂၉၁]၊ ၂။ ဒေါ်စန်းသီ (K/RGN-၀၀၃၂၇၇)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ၁။ ဒေါ်တင်ဥ၊ ၂။ ဒေါ်စန်းသီတို့အပေါ် တရားပြိုင်ထားကာ ၁။ ဒေါ်နီနီဝင်း၊ ၂။ ပူစူးတို့မှ တရားလိုပြုလုပ်၍ ဒေါပုံမြို့နယ်တရားရုံး၌ ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၂ ဖြင့် အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အဦ အသီးသီးတို့အနက် မြေကွက်၏ တစ်ဝက်တိတိ(ခြေရင်းဘက်ခြမ်း)ရှိ မြေကွက်နှင့်မြေကွက်ပေါ်ရှိ နေအိမ်အဆောက်အဦအား (၁) တရားလို ဒေါ်နီနီဝင်းသည် (၂)တရားပြိုင် ဒေါ်စန်းသီထံမှလည်းကောင်း၊ မြေကွက်၏တစ်ဝက်တိတိ(ခေါင်းရင်းဘက်ခြမ်း)ရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ နေအိမ် အဆောက်အဦအား (၂) တရားလိုပူစူးသည် (၁) တရားပြိုင် ဒေါ်တင်ဥထံမှလည်းကောင်း အသီးသီးဝယ်ယူလက်ရောက်ရရှိခဲ့ပြီး ပဋိညာဉ်အတိုင်း မြေနှင့်အိမ် အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခြင်းအပေါ် အနိုင်ဒီကရီချမှတ်သည့် (၁၈-၈-၂၀၂၃)ရက်စွဲပါ စီရင်ချက် ဒီကရီအမိန့်နှင့် တာဝန်ခံ မိတ္တူမှန်၊ ဒေါပုံမြို့နယ်တရားရုံး၊ ၂၀၂၃ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၂၇/၂၀၂၃ ၏ (၁၅-၁၂-၂၀၂၃) ရက်စွဲပါ တရားရုံးနေ့စဉ်မှတ်တမ်းတာဝန်ခံမိတ္တူမှန်၊ ဒေါပုံမြို့နယ် တရားရုံး၏ ၂၀-၁၂-၂၀၂၃ ရက်စွဲပါစာအမှတ်-၁၅၄(က)/၁၃-၁/၂၀၂၃ ဖြင့် ဘီလစ်ခန့်စာတို့အရ တရားရှုံးများကိုယ်စား ဘီလစ်ဦးဆောင်းလွင်ဦး [၁၂/တမန(နိုင်) ၀၂၉၅၃၁]မှ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ မြေခွန်ပြေစာတို့တင်ပြ၍ အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃/မာန်ပြေ)၊ မြေကွက်အမှတ် (၁၃၁၉/က)၊ ဧရိယာ (၂၀ x ၆၀)ပေ၊ မြေကွက်တည်နေရာအမှတ်(၃၈)၊ မာန်ပြေ(၂၀) လမ်း၊ (၃)မာန်ပြေရပ်ကွက်၊ သာကေတမြို့နယ်၊ ဒေါ်ကြူကြူအောင် အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား [၁၂/ဗဟန(နိုင်)၀၃၅၆၉၇]ကိုယ်တိုင်မှ နှစ်(၆၀)ဂရန်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ မြေခွန်ပြေစာတို့တင်ပြ၍ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာတွင် မြေစာရင်းမှတ်ချက်(၁)ရှိ (၂၀၁၃)ခုနှစ် ဒေါ်သိင်္ဂီဝင်းမှ ကန့်ကွက်ထားခြင်းတို့နှင့်ပတ်သက်၍ လျှောက်ထားသူမှ (၂၉-၈-၂၀၂၃)ရက်စွဲပါ စာဖြင့် အမည်ပေါက် ဒေါ်ကြူကြူအောင်မြေကွက်ကို (၂၀၂၃)ခုနှစ်၌ ဒေါ်သိင်္ဂီဝင်းထံတွင် မြေငှားဂရန်အာမခံအဖြစ်ပေး၍ ငွေချေးခဲ့ခြင်းဖြစ်ကြောင်း (၂၀၁၄)ခုနှစ်တွင် ဦးစိုင်းကိုကိုထံတွင် မြေငှားဂရန် အာမခံအဖြစ်ပေး၍ ငွေချေးခဲ့ကြောင်း၊ ၎င်းတို့(၂)ဦးအား မိမိမှ ငွေအပြေအကျေ ပေးဆပ်ပြီးဖြစ်ပါသဖြင့် မြေငှားဂရန်လက်ရောက်ရရှိခဲ့သည်မှာ မှန်ကန်ကြောင်း၊ မြေငှားဂရန်နှင့် မြေကွက်အိမ်တို့သည် မိမိလက်ဝယ်တွင်ရှိပြီး အခြားမည်သူ့ကိုမျှ ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊ အာမခံတင်သွင်းထားခြင်း၊ စွန့်လွှတ်ထားခြင်းမရှိကြောင်းနှင့် ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာခဲ့ပါက မိမိမှ တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း ဝန်ခံကတိပြုတင်ပြစာနှင့် ကျမ်းသစ္စာပြုလွှာတို့ ပူးတွဲတင်ပြ၍ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## "အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၂) ရပ်ကွက်၊ ဗိုလ်ဗစိုး (၂) လမ်း၊ မြေကွက်အမှတ် (၁၃၉၁) ဟုခေါ်တွင်သော အလျား×အနံ(၆၀×၆၀)ပေ ဦးစိုးအောင်အမည်ပေါက် ပါမစ်မြေကွက် အနက်မှ အလျား×အနံ (၁၀×၆၀) ပေ ပါမစ်မိတ္တူခြမ်း မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်၊ ရေ+မီးအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ခင်အုံးဝင်း (၇/ရတန(နိုင်)၀၀၇၈၂၁) မှ လက်ရှိပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုလျက် အပြီးအပိုင်လွှဲပြောင်းရောင်းချရန်ကမ်းလှမ်းခြင်းကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သက်သက်အောင် (၁၂/သဃက(နိုင်)၂၁၂၇၁၇) မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရံငွေအဖြစ် ပေးချေထားပြီးဖြစ်၍ ကန့်ကွက်ရန်ရှိပါက (၅. ၃. ၂၀၂၅) ရက်နေ့ နောက်ဆုံးထားပြီး ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်း အပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အထက်ဖော်ပြပါ နှစ်ဦးသဘောတူ အိမ်ခြံမြေအပြီးအပိုင်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်သက်သက်အောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင့်ဝင့်ထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ** (စဉ် - ၁၈၀၆၉) ၊ ဖုန်း ၀၉-၂၆၁၁၀၁၁၃၄
အမှတ် (၁၂/၁၈၉)၊ ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ အရှေ့ရပ်ကွက်၊ ရေနံ့သာတိုက်သစ်၊ နတ်မောက်လမ်း၊ တိုက်အမှတ်(၁၆)၏ မြေညီ HK (၁၂ ½ x၄၀)ပေရှိ (ဘယ်ဘက်ခန်း) ရေမီးစုံတိုက်ခန်းကို ယခုလက်ရှိပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးကျော်ဝင်း [၁၂/လသန(ဧည့်)၀၀၀၀၈၆]ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဦးအောင်ခင် [၁၂/လမတ(နိုင်)၀၁၈၉၁၃]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေပြီးဖြစ်ရာ အထက်ပါအရောင်းအဝယ်နှင့် ပတ်သက်၍ ပိုင်ဆိုင်ခံစားခွင့်ရှိသူများသည် ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေမီလှိုင် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၆၉၁/၂၇-၂-၂၀၁၄)**
**အမှတ်(၁၈၇)၊ လမ်းမတော်လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၁၀၀၉၄၆၃၊ ၀၉-၇၉၈၄၀၆၃၇၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ အဿက(၂၄)လမ်း၊ အမှတ်(၇၀၆/ခ)၊ (၁)ခန်းတွဲ (၆)ထပ်တိုက်၏ စတုတ္ထထပ် (၅)လွှာ၊ (၁၈x၅၄)ပေရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်၍ တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိသူ ဦးစိန်ဝင်းထွန်း[၉/တသန(နိုင်) ၁၂၅၈၃၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးမင်းသန့်ဇင်[၁၁/မဥန(နိုင်)၀၇၀၆၈၉]၊ ဒေါ်သွယ်သွယ်လှိုင်[၁၁/မဥန(နိုင်)၀၀၇၅၁၀]က အပြီးအပိုင်ဝယ်ယူရန် တိုက်ခန်းတန်ဖိုး၏ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော တရားဝင် စာရွက်စာတမ်းမူရင်းများနှင့်အတူတကွ ကျွန်ုပ်ထံသို့ ယနေ့သတင်းစာကြေညာသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဉာဏ်မင်းထက်(LL.B)** | **ဒေါ်ယုဇနကို(LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်-၅၂၃၁၂)** | **အထက်တန်းရှေ့နေ(စဉ်-၅၂၇၄၆)** |

**အမှတ်(၂၈၀/ခ)၊ ညီညွတ်ရေးလမ်း၊ (၃၈)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။**
**ဖုန်း-၀၉-၉၇၇၁၂၈၁၃၈၊ ၀၉-၄၂၀၀၉၉၄၆၄**

## သမီးအဖြစ်မှ အမွေပြတ်
## စွန့်လွှတ်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၆) ရပ်ကွက်၊ ၂၉လမ်း၊ အိမ်အမှတ်(၆၄)၊ လေးလွှာနေ အဖ ဦးသန်းထွန်း [၁၂/ဗဟန(နိုင်)၀၇၉၅၂၉]၊ အမိ ဒေါ်အေးသန်း မှတ်ပုံတင်အမှတ် [၁၂/ခရန(နိုင်) ၀၇၉၁၇၇]တို့၏ သမီး မခိုင်ဝေဦး [၁၂/ပဘတ(နိုင်) ၀၃၅၃၂၁]သည် မိခင်၏ ဆုံးမမှုကို မနာခံဘဲ ခွင့်မလွှတ်နိုင်သော အပြုအမူများပြုလုပ်၍ အိမ်ပေါ်မှဆင်းသွားပါသဖြင့် ရာသက်ပန် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း၊ နောက်နောင် မခိုင်ဝေဦး နှင့်ပတ်သက်သော လူမှုရေးအရှုပ်အရှင်းနှင့် အခြားမည်သည့်ကိစ္စ ကိုမှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်တော့ကြောင်း မခိုင်ဝေဦးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**အဖ-ဦးသန်းထွန်း [၁၂/ဗဟန(နိုင်)၀၇၉၅၂၉]၊**
**အမိ-ဒေါ်အေးသန်း [၁၂/ခရန(နိုင်)၀၇၉၁၇၇]**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်-မန္တလေး
## (၁၉)ကြိမ်မြောက်၊ (၂၀)ကြိမ်မြောက်နှင့် (၂၁)ကြိမ်မြောက်
## ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်-မန္တလေး၏ (၁၉)ကြိမ်မြောက်၊ (၂၀)ကြိမ်မြောက်နှင့် (၂၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း မန္တလေးတက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

(က) အစမ်းလေ့ကျင့်မည့်ရက် - (၁၄-၃-၂၀၂၅)ရက် (သောကြာနေ့)နံနက်(၉:၀၀)နာရီ
(ခ) ဘွဲ့နှင်းသဘင်ကျင်းပမည့်ရက် - (၁၅-၃-၂၀၂၅)ရက် (စနေနေ့)နံနက်(၉:၀၀)နာရီ

၂။ (၁၉)ကြိမ်မြောက်၊ (၂၀)ကြိမ်မြောက်နှင့် (၂၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားသို့ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်-မန္တလေးမှ အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့် ပြည့်စုံသူများ တက်ရောက်ရန် လျှောက်ထားနိုင်ပါသည်-

(က) ၂၀၂၁-ခုနှစ်၊ ဇန်နဝါရီလအတွင်း ကျင်းပစစ်ဆေးသည့် ဆေးဘက်ဆိုင်ရာနည်းပညာ မဟာသိပ္ပံ (၁/၂၀၁၉)သင်တန်းစာမေးပွဲအောင်မြင်ပြီးသူများ
(ခ) ၂၀၂၂ - ခုနှစ်၊ ဇွန်လအတွင်း ကျင်းပစစ်ဆေးသည့် ဆေးဘက်ဆိုင်ရာနည်းပညာ မဟာသိပ္ပံ (၁/၂၀၂၀)သင်တန်းစာမေးပွဲအောင်မြင်ပြီးသူများ
(ဂ) ၂၀၂၂-ခုနှစ်၊ ဇွန်လအတွင်း ကျင်းပစစ်ဆေးခဲ့သည့် စတုတ္ထနှစ်(၁/၂၀၂၀)သင်တန်း စာမေးပွဲ အောင်မြင်ပြီးသူများ
(ဃ) ၂၀၂၃-ခုနှစ်၊ စက်တင်ဘာလ၊ အောက်တိုဘာလနှင့် နိုဝင်ဘာလများတွင် ကျင်းပစစ်ဆေးခဲ့သည့် စတုတ္ထနှစ်(၁/၂၀၂၃)သင်တန်းစာမေးပွဲအောင်မြင်ပြီးသူများ
(င) ၂၀၂၄ - ခုနှစ်၊ စက်တင်ဘာလနှင့် အောက်တိုဘာလများတွင် ကျင်းပစစ်ဆေးခဲ့သည့် စတုတ္ထနှစ် (၁/၂၀၂၄)သင်တန်းစာမေးပွဲအောင်မြင်ပြီးသူများ
(စ) ၂၀၂၄-ခုနှစ်၊ ဒီဇင်ဘာလအတွင်း ကျင်းပစစ်ဆေးခဲ့သည့် ဆေးဘက်ဆိုင်ရာနည်းပညာ မဟာသိပ္ပံ(၁/၂၀၂၃)သင်တန်း စာမေးပွဲ အောင်မြင်ပြီးသူများ။

၃။ ဘွဲ့နှင်းသဘင်ကြေးမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

တက်ရောက်ဘွဲ့ - ၁၅၀၀၀ိ/-(ကျပ်တစ်သောင်းငါးထောင်တိတိ)
အဝေးရောက်ဘွဲ့ - ၁၀၀၀၀ိ/-(ကျပ်တစ်သောင်းတိတိ)

၄။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ် - မန္တလေး ကျောင်းသားရေးရာ၊ စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာနစိတ်တွင် တောင်းယူဖြည့်စွက်လျက် [အမျိုးသား - မြန်မာဝတ်စုံ (သို့မဟုတ်) အနောက်တိုင်းဝတ်စုံ အမျိုးသမီး-မြန်မာဝတ်စုံ] ဖြင့် လတ်တလောရိုက်ကူးထားသော(၁½" x ၂")အရွယ် ရောင်စုံဓာတ်ပုံ(၃)ပုံပူးတွဲလျက် (၂၀-၂-၂၀၂၅)ရက်နေ့မှ (၂၈-၂-၂၀၂၅)ရက်နေ့အတွင်း တင်သွင်းကြရမည်။

၅။ အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်သူများအနေဖြင့် အမျိုးသားများသည် မြန်မာအမျိုးသားဝတ်စုံ(တိုက်ပုံ၊ လုံချည်)၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ၊ (အပြည့်အစုံ)တို့အနက် နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍လည်းကောင်း၊ အမျိုးသမီးများသည် မြန်မာအမျိုးသမီးဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံတို့အနက် နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍လည်းကောင်း တက်ရောက်ကြရမည်။ သတ်မှတ်ချက်အတိုင်း ဝတ်ဆင်ခြင်းမရှိသူများကို အခမ်းအနားသို့ တက်ရောက်ခွင့်မပြုပါ။

၆။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်-မန္တလေး၊ ကျောင်းသားရေးရာ၊ စာမေးပွဲနှင့်ဘွဲ့နှင်းသဘင်ဌာနစိတ်၊ ဖုန်းနံပါတ်(၀၉-၉၇၀၉၃၅၅၀၂၊ ၀၉-၉၇၇၆၈၅၅၉၂)သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မော်ကွန်းထိန်း**
**ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်-မန္တလေး**

## ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၁၀)လမ်း၊ တိုက်အမှတ်(၉)၊ (၂)ခန်းတွဲ (၄)ထပ်တိုက်အဆောက်အဦမှ (၄-လွှာ-ညာ/အပေါ်ဆုံးထပ်) တိုက်ခန်း အရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါသည်

အထက်လိပ်စာပါတိုက်ခန်းကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူများဖြစ်သော ဦးအောင်ပိုင် [၁၄/ပသန(နိုင်)၂၅၅၇၄၆]နှင့် အစ်မအရင်းတော်စပ်သူ ဒေါ်ရီရီထွေး [၁၄/ပသန(နိုင်)၁၉၉၅၄၃]ထံမှ ဒေါ်မင်းမင်းခိုင် [၁၂/မဂတ(နိုင်)၀၀၁၅၁၈]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ယင်းတိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများ ပြည့်စုံခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက တိုက်ခန်း အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်မင်းမင်းခိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာလာ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၂၀)**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း-၀၉-၅၁၈၁၈၂၀**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်း/မြောက်ရပ်ကွက်၊ ငှက်ပျောတောလမ်း၊ အမှတ်(၄၀) ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ၊ (၇)ထပ်တိုက်၏ ပဥ္စမထပ်၊ (၆-လွှာ/အေ)၊ (ခေါင်းရင်းခန်း)၊ အကျယ်အဝန်း (၁၂½ x ၅၀)ပေရှိ RC တိုက်ခန်း(တစ်)ခန်းနှင့် ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်မော်တာအပါအဝင် အကျိုးခံစားခွင့်များအားလုံးကိုဝယ်ယူရန် အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိထား၍ ယခုရောင်းချပိုင်ခွင့်ရှိသူ ဦးလင်းထက်ဦး [၁၂/စခန(နိုင်)၀၇၈၁၄၁]အား ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ဆိုင်းလုပန် [၁/မကန(နိုင်)၁၄၆၆၆၄]မှ တိုက်ခန်းရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်း(မူရင်း)များနှင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဥပဒေနှင့်အညီဝယ်ယူ သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်စိုးစိုးမြင့် LL.B** | **ဒေါ်အိမြိုးဇင် LL.B, DBL** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၀၆၃)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၉၇၅)** |
| **ဖုန်း-၀၉-၄၂၀၃၅၉၆၃** | **ဖုန်း-၀၉-၇၉၀၁၂၄၈၀** |

**အမှတ် (၈၆)၊ ၇-လွှာ (စီ)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

## ရန်ကုန်ဂေါက်သီးရိုက်အသင်း အသင်းသူ/အသင်းသားများအား အသိပေးကြေညာခြင်း

၁။ ၂၃-၃-၂၀၂၅(တနင်္ဂနွေနေ့) နံနက် (၁၀:၀၀)နာရီအချိန်တွင် Annual General Meeting အား ရန်ကုန်ဂေါက်သီးရိုက်အသင်း၌ ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

၂။ ၂၀၂၅-၂၀၂၆ ခုနှစ်အတွက် အလုပ်အမှုဆောင်ရွေးချယ်တင်မြှောက်ခြင်းကို Annual General Meeting ၌ ဆောင်ရွက်မည်ဖြစ်ပါသောကြောင့် အလုပ်အမှုဆောင်အဖြစ် ရွေးချယ်ခံလိုပါက (၁၃-၃-၂၀၂၅)ရက်နေ့ နောက်ဆုံးထားပြီး အတွင်းရေးမှူး (Yangon Golf Club)ထံသို့ စာရင်းတင်သွင်းရမည်ဖြစ်ပါသည်။

၃။ အောက်ဖော်ပြပါအချက်များအတိုင်း စာရင်းတင်သွင်းရမည်ဖြစ်ပါသည်-

(က) အသင်းသားသက်တမ်း(၁)နှစ်ပြည့်ပြီးဖြစ်ရမည်။

(ခ) အခြားအသင်းသား(၂)ဦး၏ ထောက်ခံချက်ပါရှိရမည်။

(ဂ) လျှောက်ထားသူသည် ဓာတ်ပုံ(၂)ပုံနှင့် ကိုယ်ရေးအချက်အလက်ပြည့်စုံစွာ ဖော်ပြရပါမည်။(ကိုယ်ရေးပုံစံအား Admin Office တွင် ထုတ်ယူနိုင်ပါသည်။)

(Yangon Golf Club ၏ သင်းဖွဲ့စည်းမျဉ်း အပိုဒ်(၃၃)အရ ဆောင်ရွက်ခြင်းဖြစ်ပါသည်။)

**ရန်ကုန်ဂေါက်သီးရိုက်အသင်း**

## “ကန့်ကွက်နိုင်ပါသည်”

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်နေ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးနောင်နောင်လတ် [၁၂/သဃက(နိုင်)၀၄၁၉၅၁]၏ လွှဲအပ်ညွှန်ကြားချက်အရ ကြော်ငြာအပ်သည်မှာ -

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ နန္ဒင်းကုန်းရပ်ကွက်၊ ဣန္ဒာသယလမ်း၊ သုမင်္ဂလာအိမ်ရာ(ဒုတိယအဆင့်)၊ ဆောက်လုပ်ထားသော (၄)ခန်းတွဲ (၆)ထပ်တိုက်၏ (စတုတ္ထထပ်)၊ တိုက်အမှတ်(၁)၊ အခန်းအမှတ်(၄၀၃) ဟုခေါ်တွင်သော အကျယ်အဝန်း (၇၅၀)စတုရန်းပေရှိ ရေမီးစုံတိုက်ခန်း(၁)ခန်းအား ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများဖြစ်ကြသော ၁။ ဒေါ်စန်းစန်းလွင်[၁၂/လမန(နိုင်)၁၀၂၅၅၈]၊ ၂။ ဒေါ်ဝင်းမင်း[၁၂/လမန(နိုင်)၁၀၂၅၆၆]၊ ၃။ ဒေါ်မေဇင်သိန်း[၁၂/လမန(နိုင်)၁၂၉၆၀၄]၊ ၄။ ဒေါ်နွယ်နီဟိန်း[၁၂/လမန(နိုင်)၁၄၀၂၇၉] တို့ထံသို့ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးနောင်နောင်လတ်က ဝယ်ယူရန်အတွက် အရောင်းအဝယ် ပြုလုပ်မည့် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသဖြင့် အထက်ဖော်ပြပါ တိုက်ခန်းနှင့် ၎င်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့်ရှိသည်ဆိုပါက မည်သူမဆို အထောက်အထား ခိုင်မာစွာဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးဇင်သင်းအောင်** | **ဒေါ်ယမင်းလတ်** |
| **LL.B, B.D.S, WIPO (Switzerland)** | **LL.B, D.B.L, WIPO (Switzerland)** |
| **(စဉ် – ၁၄၄၇၉/၂၀၁၈)** | **(စဉ် – ၈၅၆၄/၂၀၁၂)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

**ရုံးအမှတ်(၉/၁၁)၊ ပထမထပ်(၁၀၃- H)၊ ၃၆လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း – ၀၉ – ၅၀၅၃၄၆၈, ၀၉–၇၇၅၀၅၃၄၆၈, ၀၉–၅၁၈၁၂၁၀, ၀၉–၇၈၅၁၈၁၂၁၀**

## “အများသိစေရန် ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ သာယာကုန်းကျေးရွာအုပ်စု၊ ပျဉ်ထောင်စု ကျေးရွာ၊ ကွင်းအမှတ်(၉၈၈)၊ အရှေ့လားသော် ကပျဉ်ရိုးလမ်းမကြီး၊ အနောက်လားသော်- HAPPY GARDEN ခြံ၊ တောင်လားသော်- ဦးစောမောင်မောင် နေအိမ်၊ မြောက်လားသော်- ဒေါ်လုလု၏နေအိမ် စသည့်အလား လေးရပ်အတွင်း ဧရိယာ အလျား(၆၀)ပေ အနံ(၄၀)ပေရှိ ခြံမြေနှင့် ယင်းခြံမြေပေါ်ရှိ နေအိမ်၊ လျှပ်စစ်မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးနေခြည်ကျော် [၁၂/ဥကမ(နိုင်) ၂၃၇၄၁၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဇင်ဝေရည်ကျော် [၁၂/ဥကမ(နိုင်)၂၂၅၀၁၄] ကိုင်ဆောင်သူမှ ၎င်းနေအိမ်နှင့် ခြံမြေကွက်အား အပြီးအပိုင် ဝယ်ယူထားကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဇင်ဝေရည်ကျော် ၏ လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်နော်ဇာဇာဦး (LL.B)**

**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၆၁၂၂)**

**အမှတ် (၄/၇၉)၊ ဦးချမ်းအေးလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ လှည်းကူးမြို့၊**

**ဖုန်း– ၀၉–၉၇၄၁၆၈၉၃၆၊ ၀၉–၇၇၈၄၀၅၉၉၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၀၆)ရပ်ကွက်၊ ရိုးမရိပ်သာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀၆)တွင်ရှိကြသော (က) မြေကွက်အမှတ် (၁၁၃၉)၊ (၄၀ x ၆၀)ပေ၊ အမည်ပေါက် ဦးတရုတ်ကြီး၊ (ခ) မြေကွက်အမှတ် (၁၁၄၀)၊ (၄၀ x ၆၀)ပေ၊ အမည်ပေါက် ဦးမြသောင်း၊ (ဂ) မြေကွက်အမှတ် (၁၁၄၁/က)၊ (၂၀ x ၆၀)ပေ၊ အမည်ပေါက် ဦးမျိုးအောင်၊ (ဃ) မြေကွက်အမှတ် (၁၁၄၁/ခ)၊ (၂၀ x ၆၀)ပေ၊ အမည်ပေါက် ဦးကြီးငွေနှင့် အောင်သီတာလမ်းပေါ်တွင် ရှိသော (င) မြေကွက်အမှတ် (၁၁၅၄)၊ (၄၀ x ၆၀)ပေ၊ အမည်ပေါက် ဦးမောင်နူ၊ (စ) မြေကွက်အမှတ် (၁၁၅၅)၊ (၄၀ x ၆၀)ပေ၊ အမည်ပေါက် ဦးတင်အောင်တို့ အသီးသီးဖြင့်ရှိသော အိုးအိမ်မြေချပါမစ်မြေကွက် (၆)ကွက်ကို အရပ်စာချုပ်ဖြင့် ဦးအောင်ကျော် [၁၂/လသန (နိုင်)၀၁၈၈၄၇]မှ ဝယ်ယူပိုင်ဆိုင်ကြောင်း ဝန်ခံ၍ ကာလတန်ဖိုးတစ်ရပ်ဖြင့် ရောင်းချရန် အဆိုပြုကမ်းလှမ်းခဲ့ရာတွင် ဦးခိုင်မျိုးဦး [၇/ပခန (နိုင်) ၁၉၁၅၈၀]မှလည်း ဝယ်ယူ၍ သဘောတူညီပါသဖြင့် (၁၈-၂-၂၀၂၅) ရက်နေ့တွင် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသောကြောင့် မည်သူမဆို ကန့်ကွက်လိုပါက (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးခိုင်မျိုးဦး၏ လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်အိလတ်ဖြိုး (LL.B)**

**အထက်တန်းရှေ့နေ (စဉ်–၃၀၈၀၇/၁၄–၁၂–၂၀၀၉)**

**အမှတ်– ၁၉၀၊ ၃ – ထပ်၊ ၂၉–လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့**

**ဖုန်း– 09-5660334, 09-43073318**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၁၆/၄)ရပ်ကွက်၊ ပြည်သာယာလမ်း၊ အမှတ် (၆၅၂)၊ တစ်ခန်းလျှင် (၁၉'x၅၄') အကျယ်အဝန်းရှိ Lift ပါ (၂)ခန်းတွဲ (၈ ½)ထပ်တိုက်၏ စတုတ္ထထပ်၊ ၅–လွှာ၊ အခန်းအမှတ် ( ၅၀၁ ) မီနီကွန်ဒိုတိုက်ခန်းသည် ဒေါ်ဆုအိန္ဒြာခင် [၁၂/သဃက (နိုင်) ၁၉၃၅၀၀]မှ လက်ရှိပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး ၎င်းမှအခြားမည်သူတစ်ဦးတစ်ယောက်ထံသို့ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း ထားခြင်းမရှိကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အလျောက် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်ကြောင်းအထောက်အထားမူရင်း ခိုင်လုံစွာဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဦးကျော်ခိုင်ဝင်း** | **ဒေါ်ဝေဖြိုးအောင်** |
| **LL.B, WIPO Switzerland** | **LLB, WIPO Switzerland** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်–၁၅၃၈၈)** | **(စဉ်–၁၅၄၅၅ )** |

**အမှတ် – ၄၆၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း – ၀၉–၇၉၈၁၉၉၃၀၀၊ ၀၉–၉၄၄၁၉၉၃၀၀၊ ၀၉–၇၉၈၄၅၈၆၂၇**

## “ကန့်ကွက်နိုင်ပါသည်”

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- စက်မှုဇုန်(၁)၊ မြေကွက်အမှတ်-၁၁၂(က)အရ မြေဧရိယာ-( ၀. ၉၉၇ )ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအဆောက်အဦအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဦးရှော်ဖီအာမတ် ( ၁၂/သကတ (နိုင်) ၁၃၄၉၇၅ )အမည်ပေါက်ပိုင်ဆိုင်ပြီး၊ ၎င်းထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရံငွေပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်းခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားဖြင့် ကျွန်ုပ်ထံလူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ၎င်းနေ့ရက်နောက်ပိုင်းတွင် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ကို အပြီးချုပ်ဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်ခိုင်ဇင်လတ်(ဥပဒေဘွဲ့)

အထက်တန်းရှေ့နေ(စဉ်-၃၇၉၅၀)

အမှတ်-(၁၇၆)၊ ပထမထပ်၊ မိဘရိပ်မွန်အိမ်ရာ၊ ဗိုလ်တထောင်ဘုရားလမ်း၊ ရန်ကုန်တိုင်းဒေသကြီး။

ဖုန်း- ၀၁-၈၃၉၇၂၃၄၊ ၈၃၉၇၂၃၅၊၈၂၉၆၁၃၂။

## ပတ်စ်ပို့ပျောက်

(ဘ) ဦးမျိုးဝင်း၏ သမီး ဒေါ်သင်းသင်းအေး [၅/ကလထ (နိုင်) ၂၀၃၄၀၈]၏ Passport number – MF 782142 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph: 09–423817832**

## ပြင်ဆင်ဖတ်ရှုပါရန်

၂-၁၀-၂၀၂၄ရက်နေ့ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ (၂၁)ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်စဉ်(၁၆)ဦးဘမြင့်၏အမည်ပြောင်းတွင်မြေအမည်ပေါက် ဒေါ်တင်အေးအစားမြေအမည်ပေါက် - ဦးတင်အေးဟု အမှန်ဖတ်ရှုပါရန်။


**သာလွန်ကျော်**

**အိမ်၊ခြံ၊မြေရောင်းဝယ်ရေး**

ဒဂုံမြို့သစ် အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း လေးမြို့နယ်ရှိ မြေကွက်များ ဝယ်လိုသည်။

**Ph:09-420780797**
**09-261119599**


## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၇)ရပ်ကွက်၊ ဆရာစံလမ်း၊ ပိတောက်ရိပ်မွန်အိမ်ရာ၊ တိုက်အမှတ်(၄)၊ အခန်းအမှတ် (၁၀၃)ကို ဌာနနှင့် အကျိုးတူဆောင်ရွက်သော Service International Co.,Ltd ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဦးဗိုလ်ဗိုလ်ထွေး [၁၂/စခန (နိုင်) ၀၀၈၀၂၀]က ၎င်းအမည်ဖြင့် ပိုင်ဆိုင်ခွင့်မှတ်ပုံတင်စာအုပ် ပြုလုပ်ပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း စာရွက်စာတမ်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**

**မြို့ပြနှင့်အိမ်ရာ**

**ဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်- ၈/၁၁ (မြကန်သာအိမ်ရာ)၊ မြေကွက်အမှတ်- ၄၄ (၀.၁၃၆)ဧက၊ မြေကွက်တည်နေရာ အမှတ်-V-၂၂၊ မြကန်သာ (၃)လမ်းနှင့် ငုဝါ (၇)လမ်းထောင့်၊ ၅-ရပ်ကွက်၊ ဦးဉာဏ်ဝေ [၁၂/စခန (နိုင်) ၀၄၉၂၅၅]၊ ဒေါ်သိင်္ဂီဟန် [၁၂/စခန (နိုင်) ၀၀၆၃၁၇] အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်အား (ဖခင်)ဖြစ်သူ ဦးဉာဏ်ဝေသည် (၂၉-၄-၂၀၂၄)ရက်နေ့တွင်လည်းကောင်း၊ (မိခင်)ဖြစ်သူ ဒေါ်သိင်္ဂီဟန်သည် (၁၅-၈-၂၀၂၁)ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်သွားပါသဖြင့် သားများဖြစ်ကြသော ဦးဧယျာဖြိုး [၁၂/စခန (နိုင်) ၀၆၂၁၃၄]နှင့် ဦးမြတ်မင်းသူ [၁၂/စခန (နိုင်) ၀၆၅၄၃၁]တို့မှ မိမိတို့နှစ်ဦးကိုသာ မွေးဖွားခဲ့ပါကြောင်း၊ ကိတ္တိမသားသမီးတစ်စုံတစ်ရာ မွေးစားထားခြင်းမရှိပါကြောင်း၊ မိမိတို့မှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်စုံတစ်ရာ မကျန်ရှိခဲ့သည်မှာ မှန်ကန်ပါကြောင်း (၃-၇- ၂၀၂၄) ရက်စွဲပါ တရားရုံးကျမ်းကျိန်၊ ထောက်ခံကျမ်းကျိန်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း ဦးဉာဏ်ဝေနှင့် ဒေါ်သိင်္ဂီဟန်တို့၏ သေစာရင်း (၂) စောင်၊ နှစ်(၆၀) မြေငှားစာချုပ်ဂရန်တို့ကိုတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**

**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**

**ရန်ကုန်မြို့တော်**

**စည်ပင်သာယာရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ဆေးတက္ကသိုလ်(၁)၊ ရန်ကုန် (၅၈)ကြိမ်မြောက်၊ (၅၉)ကြိမ်မြောက်နှင့် အကြိမ်(၆၀)မြောက် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်၏ (၅၈)ကြိမ်မြောက်၊ (၅၉)ကြိမ်မြောက်နှင့် အကြိမ်(၆၀)မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ရန်ကုန်တက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

| | | | |
|---|---|---|---|
| (က) | အစမ်းလေ့ကျင့်မည့်ရက် | - | (၂၁-၃-၂၀၂၅)ရက် (သောကြာနေ့) |
| (ခ) | ဘွဲ့နှင်းသဘင် ကျင်းပမည့်ရက် | - | (၂၂-၃-၂၀၂၅)ရက် (စနေနေ့) |

၂။ (၅၈)ကြိမ်မြောက်၊ (၅၉)ကြိမ်မြောက်နှင့် အကြိမ်(၆၀)မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားသို့ ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်မှ အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့် ပြည့်စုံသူများ တက်ရောက်ရန် လျှောက်ထားနိုင်ပါသည်-

(က) ၂၀၂၀ ခုနှစ်မှစ၍ ဆေးလက်တွေ့ ပါရဂူဘွဲ့၊ ပါရဂူဘွဲ့၊ ဆေးပညာမဟာသိပ္ပံဘွဲ့၊ ဒီပလိုမာဘွဲ့ရ စာမေးပွဲ အောင်မြင်ပြီးသူများ

(ခ) (၁) ၂၀၁၉ ခုနှစ်၊ ဇွန်လတွင် နောက်ဆုံးအမ်ဘီဘီအက်စ် အပိုင်း(ခ) (၆/၂၀၁၇) (နောက်ဆက်တွဲ) စာမေးပွဲအောင်မြင်ပြီး အလုပ်သင်ဆရာဝန်တာဝန်ကို (၁-၇-၂၀၁၉)မှ (၃၀-၆-၂၀၂၀)ရက်နေ့အထိ အပြည့်အဝ ထမ်းဆောင်ပြီးသူများ

(၂) ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလတွင် နောက်ဆုံးအမ်ဘီဘီအက်စ် အပိုင်း(ခ) (၆/၂၀၁၈) (ပုံမှန်) စာမေးပွဲအောင်မြင်ပြီး အလုပ်သင်ဆရာဝန်တာဝန်ကို (၁-၁-၂၀၂၀)မှ (၃၁-၁၂-၂၀၂၀)ရက်နေ့အထိ အပြည့်အဝ ထမ်းဆောင်ပြီးသူများ

(၃) ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလတွင် နောက်ဆုံးအမ်ဘီဘီအက်စ် အပိုင်း(ခ)(၆/၂၀၁၈) (နောက်ဆက်တွဲ) စာမေးပွဲအောင်မြင်ပြီး အလုပ်သင်ဆရာဝန် တာဝန်ကို (၁၅-၁၁-၂၀၂၁)မှ (၁၄-၁၁-၂၀၂၂)ရက်နေ့အထိ အပြည့်အဝထမ်းဆောင်ပြီးသူများ

(၄) ၂၀၂၂ ခုနှစ်၊ ဇူလိုင်လတွင် နောက်ဆုံးအမ်ဘီဘီအက်စ် အပိုင်း(ခ) (၆/၂၀၁၉) (ပုံမှန်)စာမေးပွဲ အောင်မြင်ပြီး အလုပ်သင်ဆရာဝန်တာဝန်ကို (၁၈-၇-၂၀၂၂)မှ (၁၇-၇-၂၀၂၃)ရက်နေ့အထိ အပြည့်အဝထမ်းဆောင်ပြီးသူများ

(၅) ၂၀၂၂ခုနှစ်၊ ဒီဇင်ဘာလတွင် နောက်ဆုံးအမ်ဘီဘီအက်စ် အပိုင်း(ခ) (၆/၂၀၁၉) (နောက်ဆက်တွဲ) စာမေးပွဲအောင်မြင်ပြီး အလုပ်သင်ဆရာဝန်တာဝန်ကို (၁-၁-၂၀၂၃)မှ (၃၁-၁၂-၂၀၂၃) ရက်နေ့အထိ အပြည့်အဝ ထမ်းဆောင်ပြီးသူများ

(၆) ၂၀၂၃ခုနှစ်၊ဇွန်လတွင်နောက်ဆုံးအမ်ဘီဘီအက်စ်အပိုင်း(ခ) (၂/၂၀၂၂) (ပုံမှန်) စာမေးပွဲ အောင်မြင်ပြီး အလုပ်သင်ဆရာဝန်တာဝန်ကို (၁-၇-၂၀၂၃) မှ (၃၀-၆-၂၀၂၄)ရက်နေ့အထိ အပြည့်အဝထမ်းဆောင်ပြီးသူများ

(၇) ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလတွင် နောက်ဆုံးအမ်ဘီဘီအက်စ် အပိုင်း(ခ) (၂/၂၀၂၂) (နောက်ဆက်တွဲ) စာမေးပွဲအောင်မြင်ပြီး အလုပ်သင်ဆရာဝန်တာဝန်ကို (၁-၁-၂၀၂၄)မှ (၃၁-၁၂-၂၀၂၄)ရက်နေ့အထိ အပြည့်အဝထမ်းဆောင်ပြီးသူများ

၃။ ဘွဲ့နှင်းသဘင်ကြေးမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| | | | |
|---|---|---|---|
| (က) | တက်ရောက်ဘွဲ့ | - | ၁၅၀၀၀/-(ကျပ်တစ်သောင်းငါးထောင်တိတိ) |
| (ခ) | အဝေးရောက်ဘွဲ့ | - | ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ) |
| (ဂ) | မိသားစုကျန်းမာရေး- စောင့်ရှောက်မှု ဆေးပညာဒီပလိုမာ | | ၈၀၀၀/-(ကျပ်ရှစ်ထောင်တိတိ) |
| (ဃ) | ဒီပလိုမာဘွဲ့ (ပြင်ပဆရာဝန်) | - | ၂၅၀၀၀/ (ကျပ်နှစ်သောင်းငါးထောင်တိတိ) |

၄။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်၊ စာမေးပွဲ/ဘွဲ့လွန်ဌာနစိတ်တွင် တောင်းယူဖြည့်စွက်လျက် [အမျိုးသား-မြန်မာဝတ်စုံ (သို့မဟုတ်) အနောက်တိုင်းဝတ်စုံ၊ အမျိုးသမီး-မြန်မာဝတ်စုံ] ဖြင့် လတ်တလောရိုက်ကူးထားသော (၁½"x၂") အရွယ်ရောင်စုံဓာတ်ပုံ (၃)ပုံ ပူးတွဲလျက် (၂၀-၂-၂၀၂၅)မှ (၇-၃-၂၀၂၅)ရက်နေ့အတွင်း တင်သွင်းကြရမည်။

၅။ အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနားတက်ရောက်သူများ အနေဖြင့် အမျိုးသားများသည် မြန်မာအမျိုးသားဝတ်စုံ(တိုက်ပုံ၊ လုံချည်)၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ (အပြည့်အစုံ)တို့အနက် နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍လည်းကောင်း၊ အမျိုးသမီးများသည် မြန်မာအမျိုးသမီးဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံတို့အနက် နှစ်သက်ရာဝတ်စုံကို အပြည့်အစုံ ဝတ်ဆင်၍လည်းကောင်း တက်ရောက်ကြရမည်။ သတ်မှတ်ချက်အတိုင်း ဝတ်ဆင်ခြင်းမရှိသူများကို အခမ်းအနားသို့ တက်ရောက်ခွင့်မပြုပါ။

၆။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဆေးတက္ကသိုလ်(၁)၊ ရန်ကုန် စာမေးပွဲ/ဘွဲ့လွန်ဌာနစိတ်၊ ဖုန်းနံပါတ် (၀၁၈-၂၅၁၁၃၁၊ ၀၁၈-၃၇၀၉၃၈)သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မော်ကွန်းထိန်း**

**ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ မေတ္တာလမ်းပေါ်တွင် ဆောက်လုပ်ထားသည့် တိုက်အမှတ် (၇၄၅/က+ခ)၊ အခန်းအမှတ်(7B)ဟုခေါ်တွင်သော (၂)ခန်းတွဲ၊ (၈ ½)ထပ်တိုက်အဆောက်အဦ၏ (၇)လွှာ၊ အကျယ်အဝန်း (၁၉ပေx ၄၇ပေ)ရှိ ကွန်ဒိုတိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်များဖြင့် နောက်ဆုံးဝယ်ယူ၍ လက်ဝယ်ထားရှိပိုင်ဆိုင်ထားသည်ဟုဆိုလာသူ **ဦးသူရသိန်း[၄/ပလဝ(နိုင်)၀၂၉၀၂၂]**က ၎င်းတရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံ၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဒေါ်နိုင်ဖြူစင်[၁၂/ဗဟန(နိုင်)၀၉၁၁၃၅]**မှ ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ဖော်ပြပါကွန်ဒိုတိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်း၏ နေထိုင်သုံးစွဲပိုင်ခွင့်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူမည်သူမဆို ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်စုစုမွန်**
**[LL.B,D.B.L,D.I.L,D.I.P.L,DL-101 WIPO(Switzerland)]**
**[တရားလွှတ်တော်ရှေ့နေ] (စဉ်–၁၃၄၉၆)**
**အမှတ် – ၃၀၂(၁၂+၁)၊ ပါရမီကွန်ဒို၊ ဦးသင်းဖေလမ်း၊**
**(၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉–၇၉၉၆၆၄၅၅၇၊ ၀၉–၇၉၉၆၆၄၅၅၆၊ ၀၉–၅၀၄၉၁၇၄**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဘ၀မြင့်ရပ်ကွက်၊ ရတနာလမ်း၊ မလိခအိမ်ရာတွင်ရှိသော တိုက်အမှတ်(၈)၊ အခန်း(၃)၊ မြေညီထပ်နေအိမ်တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင်တပ်ဆင်ထားသော ရေမော်တာ၊ လျှပ်စစ်မီတာ၊ အဲယားကွန်း(၂)လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိထားပိုင်ဆိုင်သူ ဒေါ်ဆွေဆွေရီ[၅/စကန(နိုင်)၀၀၆၄၇၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သန္တာထွေး [၁၂/ကမန(နိုင်) ၁၀၄၇၉၆]က ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်တင်ဇာဦး (LL.B, LL.M, D.B.L)**
**အထက်တန်းရှေ့နေ (စဉ်–၅၀၉၃၅)**
**အမှတ်(၂၂၂)၊ တရုတ်ဘုံကျောင်းလမ်း၊ အလယ်ရွာ(၃)၊**
**လက်ယက်စမ်းကျေးရွာအုပ်စု၊ သန်လျင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၄၂၀၂၃၇၈၇၅**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ပေါက်တန်းကျေးရွာ၊ ကွင်းအမှတ်(၂၉၈)၊ ပေါက်တန်းကွင်းဟုခေါ်တွင်သည့် ဦးပိုင်အမှတ်(၇/၂)၊ ဧရိယာ(၁၂.၄၉)ဧကအနက်မှ မခွဲစိတ်ရသေးသောမြေမှ ပေါက်တန်းကျေးရွာလမ်း၊ မျက်နှာမူမေးတင်လျက် မျက်နှာစာ(၅၉)ပေ၊ ရှေ့နောက်(၆၀)ပေ၊ နောက်ကျောဘက်(၄၅)ပေနှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး၊ ဦးအောင်စိုး ပြေစာအမည်ပေါက်ကို အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် တရားဝင်လက်ရောက်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်အေးအေးသင်း[၁၂/အစန(နိုင်)၀၉၃၉၄၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်စိုးမိုး[၅/ပလန(နိုင်)၀၉၅၀၃၆]က အရောင်းအဝယ်ပြုလုပ်၍ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အရောင်းအဝယ် ကန့်ကွက်လိုသည်ရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်ပိုင်ဆိုင်သည့် စာချုပ်စာတမ်းအထောက်အထား မြေပြေစာမူရင်းများဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးစိုးပိုင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်–၇၉၅၈)**
**တိုက်(၂)၊ အခန်း(၆)၊ ကျန်စစ်သားလမ်း၊ အောင်မြေသာယာ၊**
**ShopHouse(၆)ရပ်ကွက်၊ လှိုင်သာယာ။**
**ဖုန်း–၀၉–၅၄၁၄၅၃၄၊ ၀၉–၄၂၀၄၃၁၀၉**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ဗိုလ်တထောင်ခရိုင်တရားရုံး
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၉၁

| | | |
|---|---|---|
| ဒေါ်ဖြိုးပြည့်ခင် | နှင့် | ၁။ ဒေါ်မြဝင်းကြည် |
| | | ၂။ ဒေါ်ကျင်စန်း(ခ) ဒေါ်နန်းကြူကြူစန်း |
| **(တရားလို)** | | **(တရားပြိုင်များ)** |

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၉)ရပ်ကွက်၊ နဝရတ်(၆)လမ်း၊ အမှတ်(၁၀၉၃/က) နေ (၁) တရားပြိုင် ဒေါ်မြဝင်းကြည်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊(၁၀)ရပ်ကွက်၊ ရွှေထီးအိမ်ရာ၊ တိုက်(၇)၊ အခန်း(၀၀၄)နေ (၂) တရားပြိုင် ဒေါ်ကျင်စန်း(ခ)ဒေါ်နန်းကြူကြူစန်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက **ပဋိညာဉ်အတိုင်းအရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်ပေးစေလိုမှု** စွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ မတ်လ (၅)ရက် (၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်)နေ့ မွန်းမတည့်မီ (၁၀:၀၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် လိုအပ်သည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဇော်ဝင်းထူး)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ဗိုလ်တထောင်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၂)၊ မြေကွက်အမှတ်(၂၀အေ/၈–၂)၊ T.C.C ရိပ်သာလမ်း၊ (၈)ရပ်ကွက်၊ ဧရိယာ(၀.၀၉၄၅)ဧကရှိ (မြေပိုင်မြေ၊ မစိုက်ပျိုးမြေ)အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့မြေစာရင်းတွင် **ဒေါ်လှဒါလီကျော်**[၁၂/မရက(နိုင်)၀၀၅၁၀၈]အမည်ပေါက်တည်ရှိပြီး အမည်ပေါက်ကိုယ်တိုင်မှ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို) ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဒေါ်မွန်မွန်ချို (LL.B)** | **ဒေါ်စန္ဒာဝင်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၂၆၈)** | **အထက်တန်းရှေ့နေ(စဉ်–၂၆၄၀၉)** |

**အမှတ် (၈၂၈/ခ)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ) ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၂၅၀၆၈၅၇၁၇၊ ၀၉–၇၉၇၆၄၀၆၁၆၊ ၀၉–၅၀၇၉၉၇၈**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားခရိုင်၊ ပန်းဘဲတန်းမြို့နယ်၊ (၅)ရပ်ကွက်၊ (၂၈)လမ်း (အပေါ်ဘလောက်)၊ တိုက်အမှတ် (၂၀၇)၊ (၁၄)ခန်းတွဲ၊ (၇) ထပ်တိုက်မှ မြေညီထပ် ( တိုက်ကိုမျက်နှာမူကြည့်လျှင် ဘယ်ဘက်ခြမ်း )ဟုခေါ်တွင်သော တိုက်ခန်း၏ အကျယ်အဝန်း (၁၂ ½ပေ x ၅၀ပေ)ခန့်ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် တပ်ဆင်ထားသည့် ကိုယ်ပိုင်လျှပ်စစ်မီတာ၊ ကိုယ်ပိုင်ရေမော်တာ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူများဖြစ်သည့် ၁။ ဦးမောင်စိန် (ခ) မိုဟာမက်ဟာရွန် (ဘ)ဦးဖာဇယ(လ်)အာမက်၊ မှတ်ပုံတင်အမှတ် [၁၂/ဗတထ( နိုင်)၀၂၃၁၀၉ ] ကိုင်ဆောင်သူနှင့် ၂။ ကူလ်ရှစ်ဘီ (ခ) ဒေါ်သန်းသန်းမြင့် (ဘ) အေဂျီအန်စာရီ မှတ်ပုံတင်အမှတ် [၁၂/ဗတထ(နိုင်)၀၂၃၆၆၈] ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပိုင်ဝယ်ယူရန်အတွက် တိုက်ခန်းတန်ဖိုးငွေများအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ သို့ပါ၍ တစ်စုံတစ်ရာ ပြောကြားကန့်ကွက်လိုသူများသည် ပိုင်ဆိုင်မှုမူရင်းအထောက်အထားများနှင့်အတူ ကျွန်ုပ်ထံသို့ ဤသတင်းစာကြော်ငြာပါသည့်နေ့မှ (၇) ရက်မကျော်လွန်မီ လူကိုယ်တိုင်လာရောက်ကန့်ကွက် ပြောဆိုနိုင်ပါသည်။

သတ်မှတ်ရက် စေ့ရောက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးချစ်ကိုကို LL.B, WIPO–101 (Switzerland )**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၅၈၉၄)**
**အမှတ် (၂၉၇)၊ အနော်ရထာလမ်း၊ (၄)ရပ်ကွက်၊**
**ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဆက်သွယ်ရန်ဖုန်း–၀၉–၄၂၁၀၂၁၆၃၇၊ ၀၉–၄၅၀၁၇၀၀၀၃၊ ၀၉–၇၆၅၄၄၂၅၃၄**

## (၁၀–၅–၂၀၁၁) ရက်နေ့မှစ၍ လင်ခန်း မယားခန်း ပြတ်စဲပြီးဖြစ်ကြောင်း ဒေါ်လှလှ(ခ)ဟာဂျီရာဘီဘီနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ်–၁၀၉၊ (၅–လွှာ)နေ (ဘ)ရဟီးဘခ်ရှ်၏သား ဦးစိုးတင့်(ခ)ရဟ်မာန်ဘခ်ရှ်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ အောင်သီတာ(၅)လမ်း၊ အမှတ်–၄၅၅ နေ ဦးရရှစ်၏သမီးဖြစ်သူ ဒေါ်လှလှ(ခ) ဟာဂျီရာဘီဘီတို့သည် (၁၉၉၀)ခုနှစ်တွင် နေကာဟ်ပြု ထိမ်းမြားခဲ့ပါသည်။ ဇနီးဖြစ်သူမှ ခင်ပွန်းဖြစ်သူအပေါ် လူအများအလယ်တွင် ညစ်ညမ်းစွာ ဆဲဆိုကြိမ်းမောင်း ခြိမ်းခြောက်ပြောဆိုခြင်းတို့ ပြုလုပ်ခဲ့ခြင်းအပေါ် ခင်ပွန်းဖြစ်သူမှ အိမ်ထောင်ရေးမပြိုကွဲစေရန် သည်းခံခဲ့သော်လည်း ဇနီးဖြစ်သူမှ သည်းခံ၍မရအောင် ထပ်မံ၍ အကြိမ်ကြိမ်ပြုလုပ်ခဲ့သဖြင့် ခင်ပွန်းဖြစ်သူမှ များစွာ အရှက်တကွဲဖြစ်ခဲ့ရပါသည်။ ခင်ပွန်းဖြစ်သူမှ ဇနီးဖြစ်သူအား ဆက်လက်ပေါင်းသင်းရန်မဖြစ်နိုင်တော့သဖြင့် အစ္စလာမ့်တရားတော်နှင့်အညီ ဘာသာရေးကိုင်းရှိုင်းသည့် လူကြီးများရှေ့မှောက်တွင်(၁၀–၅–၂၀၁၁)ရက်နေ့၌ ခင်ပွန်းဖြစ်သူ ကျွန်ုပ်မိတ်ဆွေမှ ဇနီးဖြစ်သူ ဒေါ်လှလှ(ခ)ဟာဂျီရာဘီဘီအပေါ် သွလာဟ်(၃)ကြိမ်အား တစ်ကြိမ်စီခြားပြီး ပေးခဲ့ပါသည်။ အဆိုပါကိစ္စအပေါ် (၁၀–၂– ၂၀၂၅)ရက်နေ့တွင် မြန်မာနိုင်ငံလုံးဆိုင်ရာမော်လဝီအဖွဲ့ချုပ်(ဗဟို)သို့ ဓမ္မသတ်မေးမြန်းခဲ့ပြီး(၁၇–၂–၂၀၂၅)ရက်နေ့ ဓမ္မသတ်ခုံရုံးအဖွဲ့၏ ဆုံးဖြတ်ချက်အရ ကျွန်ုပ်မိတ်ဆွေမှ ဇနီးဖြစ်သူ ဒေါ်လှလှ(ခ)ဟာဂျီရာဘီဘီထံသို့ (၁၀–၅–၂၀၁၁)ရက်နေ့တွင် သွလာဟ်(၃)ကြိမ်အား တစ်ကြိမ်စီခြားပြီး ပေးခဲ့သည့်အချိန်မှစ၍ အစ္စလာမ့်ရှရီအသ်တရားတော်အရ ၎င်းတို့နှစ်ဦးသည် (၁၀–၅–၂၀၁၁)ရက်နေ့တွင် အကြွင်လင်မယားအဖြစ်မှ အပြီးအပြတ်ကွာရှင်းပြတ်စဲမှုသည် အတည်ဖြစ် အထမြောက်သွားပေသည်။ (၁၀–၅–၂၀၁၁)ရက်နေ့မှစ၍ အီဒ္ဒသ်ဆိုင်းငံ့ကာလဖြစ်သည့် အမျိုးသမီးတို့၏ သဘာဝဓမ္မတာ (၃)ကြိမ်ကုန်လွန်ပြီးနောက် အခြားအမျိုးသားတစ်ဦးဦးနှင့် လက်ထပ်ထိမ်းမြားခွင့်ရှိသလို ကွာရှင်းသူအမျိုးသားမှ (၁၀–၅–၂၀၁၁)ရက်နေ့တွင် ကွာရှင်းမှုပြုလုပ်ပြီးနောက် အခြားအမျိုးသမီးတစ်ဦးနှင့် လက်ထပ်ထိမ်းမြားခွင့်ရှိသည်ဟူ၍ ဖသဝါဓမ္မသတ်ဆုံးဖြတ်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံလုံး ဆိုင်ရာ မော်လဝီအဖွဲ့ချုပ်(ဗဟို)၏ ဖသဝါဓမ္မသတ်ဆုံးဖြတ်ချက်အရ အစ္စလာမ့်တရားတော်နှင့်အညီ ဒေါ်လှလှ(ခ)ဟာဂျီရာဘီဘီနှင့် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးစိုးတင့်(ခ)ရဟ်မာန်ဘခ်ရှ်တို့သည် (၁၀–၅–၂၀၁၁)ရက်နေ့မှစ၍ အစ္စလာမ့်တရားတော်နှင့်အညီ လင်ခန်းမယားခန်း အပြီးပြတ်ကွာရှင်းခဲ့ပြီးဖြစ်၍ ဒေါ်လှလှ(ခ)ဟာဂျီရာဘီဘီနှင့် ကျွန်ုပ်မိတ်ဆွေတို့သည် မည်သို့မျှ ပတ်သက်မှုမရှိတော့ပါကြောင်း (၁၀–၅–၂၀၁၁)ရက်နေ့မှစ၍ လင်မယားခန်း အပြီးပြတ် ကွာရှင်းသွားပြီဖြစ်ကြောင်းနှင့် သက်ဆိုင်ခြင်းမရှိတော့သည့်ကျွန်ုပ်မိတ်ဆွေနှင့် စပ်လျဉ်းပြီး ဟန့်တားနှောင့်ယှက်ခြင်း၊ ဥပဒေနှင့်မညီဘဲ ပြုလုပ်ခြင်းတို့ တစ်စုံတစ်ရာပြုလုပ်ခဲ့ပါက ကျွန်ုပ်မိတ်ဆွေမှ ပြဋ္ဌာန်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဒေါ်လှလှ(ခ)ဟာဂျီရာဘီဘီနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးစိုးတင့်(ခ)ရဟ်မာန်ဘခ်ရှ်** | **ဦးဇော်မြင့်ဦး(LL.B)** |
| **[၁၂/ကတတ(နိုင်)၀၁၄၃၂၅]** | **တရားလွှတ်တော်ရှေ့နေ** |
| | **(စဉ်–၁၅၂၁၂/၂၀၁၈)** |
| | **အမှတ်–၃၁၊ သဇင်(၃)လမ်း၊ ဒရ်ဂါရပ်ကွက်၊** |
| | **သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။** |
| | **Ph–၀၉–၄၂၀၂၆၈၀၈၄** |




## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့မတောင်ရပ်ကွက်၊ မိဘဂုဏ်ရှိန်(၂)လမ်းရှိ ကွင်းအမှတ်(၁၁)၊ မြို့မတောင်ကွက်၊ ဦးပိုင်အမှတ်(၅၇/ခ)၊ ဒေါ်ကြည်ကြည်ဝင်း၊ ဒေါ်စန်းစန်းဝင်း၊ ဒေါ်သီတာဝင်း အမည်ပေါက်သည့် (မြို့မြေအမျိုးအစား)၊ ဧရိယာ(၀.၅၇၄)ဧကထဲမှ (အလျားxအနံ) (ပေ၂၀xပေ၄၀) ကျယ်ဝန်းသောမြေကွက်နှင့် ယင်းမြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိထားပိုင်ဆိုင်သူ ဒေါ်အိအိချို [၁၄/ပသန(နိုင်)၁၆၈၅၅၇]ထံမှ ကျွန်ုပ်မိတ်ဆွေများဖြစ်သော ဦးဖွဲ့ထက်ပိုင် [၁၂/တတထ(နိုင်)၀၀၇၈၈၁]နှင့် ဒေါ်မိုးစပယ် [၁၂/တတထ(နိုင်)၀၀၇၇၈၄]တို့က ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်တင်ဇာဦး (LL.B, LL.M, D.B.L)**
**အထက်တန်းရှေ့နေ(စဉ်–၅၀၉၃၅)**
**အမှတ်(၂၂၂)၊ တရုတ်ဘုံကျောင်းလမ်း၊ အလယ်ရွာ(၃)၊ လက်ယက်စမ်းကျေးရွာအုပ်စု၊ သန်လျင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၄၂၀၂၃၇၈၇၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ မြေကွက်အမှတ်(၆၇၇/က)၊ မြေကွက်တည်နေရာအမှတ်(၆၇၇/က)၊ ဝရဇော(၆)လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် (ဦးနု)(CE-035979)အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဦးနု(ဖခင်)နှင့် ဒေါ်ချစ်(မိခင်)တို့ ကွယ်လွန်၍ မွေးဖွားသော သမီး(၂)ဦး ဒေါ်တင်ရွှေနှင့် ဒေါ်ရီရီတို့တွင် သမီးတစ်ဦးဖြစ်သူ ဒေါ်တင်ရွှေသည်(၂၄–၁၂–၂၀၂၃)ရက်နေ့တွင် ထပ်မံကွယ်လွန်သဖြင့် ဒေါ်တင်ရွှေ၏အစုကို အမွေစားအမွေခံ ကိတ္တိမသမီး မွေးစားစာချုပ်အမှတ်–၄၁၆/၂၀၁၄ ၏ မွေးစားခံရသူ မွေးစားသမီး ဒေါ်မီမီမေဖူး[၁၂/ဥကတ(နိုင်)၁၈၀၅၃၂] နှင့် ကျန်ရှိသမီး ဒေါ်ရီရီ[၁၂/ဥကတ(နိုင်)၀၆၀၅၆၂]တို့မှ သမီးနှင့် မြေးတော်စပ်ကြောင်း ကျမ်း ကျိန်လွှာအမှတ် - ၈၄၂/၂၀၂၄ (၂၁–၃–၂၀၂၄)၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဂရန်၊ နိုင်/ကတ်၊ သေစာရင်း၊ တိုင်းကျန်းဦးစီးဌာန၏ ထောက်ခံချက်၊ ရပ်ကွက်၊ မြို့နယ်ထောက်ခံချက်၊ ကိတ္တိမမွေးစားစာချုပ်တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ပုသိမ်ညွှန့်(စံပြ)ရပ်ကွက်၊ စိတ္တသုခလမ်း၊ အမှတ်(၆၇)ဟုခေါ်တွင်သော (၂)ခန်းတွဲ (၆)ထပ်တိုက်၏ ၅–လွှာ/အေ (တိုက်ရှေ့မျက်နှာမူလျှင်–ယာဘက်အခြမ်း)၊ အကျယ်အဝန်း (၁၂ပေခွဲ x ၅၅ပေ) ရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်အသိပေးကြေညာခြင်း

အထက်ပါလိပ်စာဖြစ်သည့်တိုက်ခန်းကို မြေပိုင်ရှင်ဖြစ်ပြီး လက်ရှိလက်ရောက်ပိုင်ဆိုင်ကာ ရောင်းချပိုင်ခွင့်ရှိသည်ဟုအဆိုပြုသူ ဒေါ်ခင်မြ [၁၂/တမန(နိုင်) ၀၄၉၁၀၅] ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်မျိုးဦး [၁၀/မလမ(နိုင်)၁၆၆၇၇၆]က အပြီးပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ပြုလုပ်သည့် တိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါတိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ်စာချုပ် ချုပ်ဆိုကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြိုးဖြိုးအောင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၄၈၄၃၁)**
**အမှတ်(၆၅)၊ မြို့ပတ်လမ်း၊ ကျောက်မြောင်း(အရှေ့)ရပ်ကွက်၊ တာမွေမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း– ၀၉– ၄၀၂၅၉၄၃၄၇၊ ၀၉–၇၉၅၁၅၂၈၇၀**

## ဒေါ်ရွှေရည်ဝင်း[၁၂/အစန (နိုင်)၂၁၆၂၇၅]နှင့် ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးကြည်စိုး၏သား ဦးစိုးမင်းထွန်း [၁၂/အစန(နိုင်)၁၉၈၄၈၅] နှင့် ဒေါ်ရွှေရည်ဝင်း [၁၂/အစန(နိုင်)၂၁၆၂၇၅]တို့သည် ၂၀၁၅–ခုနှစ်မှစ၍ နှစ်ဖက်လူကြီးမိဘစုံရာရှေ့၌ မြန်မာ့ဓလေ့ထုံးတမ်းနှင့်အညီ အင်းစိန်မြို့နယ်တရားရုံးတွင် (၁၈–၁၁–၂၀၁၅)နေ့က ထိမ်းမြားကတိသစ္စာပြုလုပ်၍ လင်မယားအဖြစ်ပေါင်းသင်းခဲ့ကြသူများဖြစ်ပါသည်။ ထို့နောက် ကျွန်ုပ်၏မိတ်ဆွေ ဦးကြည်စိုး၏သား ဦးစိုးမင်းထွန်းနှင့် ဇနီးဒေါ်ရွှေရည်ဝင်းတို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိတော့၍ (၁၅–၅–၂၀၂၃) နေ့တွင် မင်္ဂလာဒုံခရိုင်တရားရုံး၌ တရားဝင်ကွာရှင်းပြတ်စဲခဲ့ကြပြီးဖြစ်ပါသည်။ ၎င်းတို့တွင် သားသမီးတစ်ဦးတစ်ယောက်မျှ ထွန်းကားခဲ့ခြင်းမရှိပါ။ ထိုသို့ ကွာရှင်းပြီးချိန်မှစ၍ ကျွန်ုပ်မိတ်ဆွေ၏သား ဦးစိုးမင်းထွန်းသည် ကိုရီးယားနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်နေသည်မှာ ယနေ့ထိဖြစ်ပါသည်။ သို့ဖြစ်၍ ဦးကြည်စိုး၏ ချွေးမတော်စပ်ခဲ့သူ ဒေါ်ရွှေရည်ဝင်းနှင့်ပတ်သက်ခဲ့သည့် ငွေကြေးအရှုပ်အရှင်းများ၊ အခြားလူမှုရေးအရှုပ်အရှင်းများရှိနေသည်ဆိုပါက ၎င်းနှင့်သာ ဆက်သွယ်ဖြေရှင်းကြရန်နှင့် ကျွန်ုပ်၏မိတ်ဆွေ ဦးကြည်စိုးတို့သားအဖက လုံးဝဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့် တာဝန်ယူဆောင်ရွက်ပေးရန်လည်း အကြောင်းမရှိကြောင်း ဒေါ်ရွှေရည်ဝင်းနှင့်တကွ အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးကြည်စိုး၏ ညွှန်ကြားချက်ဖြင့် –**
**ဒေါ်မင်းမင်းစိုး(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၅၅၃)**
**အမှတ်–၅၆၁၊ ပထမထပ်၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူ အားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန် နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **မြန်မာစကားပုံတွင် ရေအသက်တစ်မနက်၊ ထမင်းအသက် ခုနစ်ရက် ဟူ၍ ရှိ...**

❖ **အလားတူ စာပေအသိပညာမရှိပါက တစ်သက်လုံး အခက်အခဲအကျပ်အတည်းများနှင့် ကြုံတွေ့ရနိုင်...**

❖ **ထို့ကြောင့် ပညာအသက်သည် ဘဝတစ်သက် ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ မေလ ၂၉ ရက်နေ့တွင် တပ်မတော်နည်းပညာတက္ကသိုလ်မှ နည်းပြအရာရှိကြီးများ၊ ကထိကအရာရှိကြီးများ၊ ဆရာကြီး၊ ဆရာမကြီးများ၊ သင်တန်းအရာရှိများနှင့် ဗိုလ်လောင်းများအား တွေ့ဆုံအမှာစကား ပြောကြားမှုမှ ကောက်နုတ်ချက်)

## ဘိုင်ယန်မြူးနစ်အသင်းနဲ့ ဘင်ဖီကာအသင်းတို့ ချန်ပီယံလိဂ် ၁၆ သင်းအဆင့် တက်လှမ်း




ဘင်ဖီကာအသင်းနှင့် မိုနာကိုအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ဝင်ခွင့်ရရှိရေးအတွက် ဖေဖော်ဝါရီ ၁၉ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ play-offs ဒုတိယအကျော့ပွဲစဉ်တွေထဲမှာ ဘိုင်ယန်မြူးနစ်အသင်းနဲ့ ဘင်ဖီကာအသင်းတို့ဟာ ပြိုင်ဘက်အသင်းအသီးသီးကို အနိုင်ရရှိခဲ့တာကြောင့် ချန်ပီယံလိဂ် ၁၆ သင်းအဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်ပါတယ်။

ဘိုင်ယန်မြူးနစ် အသင်းဟာ ဆဲလ်တစ်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရပြီး နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိကာ ချန်ပီယံလိဂ် ၁၆ သင်းအဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။

စာမျက်နှာ ၂၁ ကော်လံ ၁ သို့ ❍

## မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား တတိယနေ့ ဆက်လက်ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်က ကြီးမှူး၍ Burmese Golf (BG) က အဓိကကူညီပံ့ပိုးသော ဥက္ကဋ္ဌဖလား (President Cup) ဂေါက်သီးရိုက်ပြိုင်ပွဲ၏ Tour Pro နှင့် Senior Pro အဆင့် ပြိုင်ပွဲများ၏ တတိယနေ့ကို ဖေဖော်ဝါရီ ၁၉ ရက်က ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ မြို့တော်ဂေါက်ကွင်း (ငွေသော်တာ)၌ ဆက်လက်ကျင်းပသည်။

စာမျက်နှာ ၂၁ ကော်လံ ၁ သို့ ✣



ပြိုင်ပွဲတတိယနေ့အပြီး Tour Pro အဆင့်ပြိုင်ပွဲတွင် ပူးတွဲဦးဆောင်နေသည့် နိုင်နိုင်လင်း ယှဉ်ပြိုင်နေစဉ်။

**ယနေ့ ဖတ်စရာ**

**ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲမှသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ ...**
ဆောင်းပါး စာမျက်နှာ » ၆

**ဥပဒေနှင့်ကိုက်ညီသူများ မဲစာရင်းတွင်ပါဝင်စေရေး၊ မဲစာရင်းတစ်နေရာထက် ပိုမိုပါဝင်မှုမရှိစေရေးတို့အတွက် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် အပြန်အလှန် ဆက်စပ်ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ကြရမည်**
စာမျက်နှာ » ၈

**နိုင်ငံပိုင်သယံဇာတများကို မတော်လောဘဖြင့် ဥပဒေမဲ့ ခိုးထုတ်ကာ အကြမ်းဖက်နှင့်လက်နက်ကိုင်သောင်းကျန်းမှုများကို ထောက်ပံ့နေမှုအား တိုက်ဖျက်သွားမည်**
စာမျက်နှာ » ၉

**အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများ အမြန်ဆုံးလွှဲပြောင်းလက်ခံနိုင်ရေး မြန်မာ-ထိုင်း- တရုတ် သုံးနိုင်ငံမှ ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးညှိနှိုင်း**
စာမျက်နှာ » ၁၁

**မန္တလေးတိုင်းဒေသကြီးအတွင်း အပြစ်မဲ့ပြည်သူများအား ဒလန်ဟုစွပ်စွဲ၍ လုပ်ကြံသတ်ဖြတ်ခဲ့သည့် MDY PDF အမည်ခံအကြမ်းဖက်အဖွဲ့ဝင်များအား လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ**
စာမျက်နှာ » ၁၅

## MFF ဖူဆယ်လိဂ်-၂ ပြိုင်ပွဲတွင် TG United အသင်း နိုင်ပွဲဆက်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

၂၀၂၄-၂၀၂၅ ရာသီ MFF ဖူဆယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ် (၁၃) ကို ဖေဖော်ဝါရီ ၁၉ ရက်က ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ကျင်းပရာ ထိပ်ဆုံးမှ TG United အသင်း နိုင်ပွဲဆက်ခဲ့သည်။

ပွဲစဉ် (၁၃) တွင် လက်ဝဲသုန္ဒရအသင်းက Maryar အသင်းကို ခုနစ်ဂိုး-လေးဂိုး၊ YCDC Marga Youth အသင်းက KKY အသင်းကို လေးဂိုး-နှစ်ဂိုး၊ JZ Yangon အသင်းက Black Cross အသင်းကို ငါးဂိုး-နှစ်ဂိုး၊ Gold Dream အသင်းက ရွှေပြည်သာ ယူနိုက်တက်အသင်းကို ငါးဂိုး-သုံးဂိုး၊ TG United အသင်းက 7 Dragon အသင်းကို ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး Pacific Sun Far အသင်းနှင့် 7 Brother အသင်းတို့ သုံးဂိုးစီသရေကျခဲ့သည်။ ယခုတစ်ပတ်တွင် ထိပ်ဆုံးမှ TG United အသင်းသာ နိုင်ပွဲရခဲ့ပြီး ဇယားထိပ်ပိုင်းမှ အသင်းအများစု နိုင်ပွဲပျောက်ဆုံးခဲ့သည်။

စာမျက်နှာ ၂၁ ကော်လံ ၁ သို့ ✯

TG United အသင်းနှင့် 7 Dragon အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

